http://www.dhammadownload.com

## သာမဏေကျော်
# ကျောင်းအလှူ








DESIGN
553920

သာမဏေကျော်
ကျောင်းအလှူ





## သာမဏေကျော်
# ကျောင်းအလှူ

http://www.dhammadownload.com
၆၀၀

# သာမဏေကျော်

# ကျောင်းအလှူ

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ● ၃၂၀၀၄၇၀၆၀၁

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၇၆၄၀၆၀၂

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ● ဓမ္မဒါန

ပုံနှိပ်ခြင်း ● ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ လ
ပထမအကြိမ်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ● ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီပုံနှိပ်တိုက်
အမှတ်-၁၂၇၊ အခန်း-၃၊ ၅၂-လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ● ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ် (၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

**သာမဏေကျော်စာပေ**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး)
မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၉၆၈၀

http://www.dhammadownload.com

ရန်ကုန်တိုင်း ၊ မော်ဘီမြို့နယ်

# သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်

ဘုရားရုပ်ပွားတော်

သိမ် နှင့် မြေ ( ၆ . ၁၄ ) ဧက

စွန်ညီနောင် စွန်မင်း ကျောင်းဆောင်(၇)ဆောင်

မုခ်ဦး ၊ မဟာရာမ်တံတိုင်း

ရေ ၊ ရေကန် ၊ မီး

# အလှူရေစက်ချပွဲ

## အမှတ်တရ ဓမ္မဒါန

http://www.dhammadownload.com

# ဓမ္မဒါနအလှူရှင်များ

စွန်ညီနောင် စွန်မင်း မိသားစုများဖြစ်ကြသည့်

ဖခင် ဦးစွန်ခွန်နန်း(ခေါ်)ဦးသိန်းအောင် ကို

ရည်စူးလျက်

ရန်ကုန်မြို့ ၊ လသာမြို့နယ် ၊ (၁၇)လမ်း ၊ အမှတ်(၅၆)နေ

မိခင် ဒေါ်လင်ရှတင်(ခေါ်)ဒေါ်အေးကြည် ကို

အမှူးထား၍

သားများ -

၁။ ဦးခင်အောင် ၊ ဒေါ်ခင်စန်းဝင်း

၂။ ဦးခင်မောင် ၊ ဒေါ်ခင်သန်းမြင့်

၃။ ဦးခင်ဇော် ၊ ဒေါ်စန်းစန်းအေး

၄။ ဦးဝင်းအောင် ၊ ဒေါ်စန္ဒာဝင်း

၅။ ဦးဝင်းမောင် ၊ ဒေါ်သင်းသင်းရီ

သမီးများ -

၁။ ဦးထွန်းဝင်း ၊ ဒေါက်တာဒေါ်လှလှရီ

၂။ ဦးမြဝင်း ၊ ဒေါ်လှလှဝင်း

http://www.dhammadownload.com



စွန်ညီနောင် စွန်မင်း ခေါက်ဆွဲမြို့စွမ် မိသားစု၏ ဖခင်
ဘုရားသိမ်ကျောင်းရဟန်း ဒါယကာကြီး

**ဦးစွန်ခွန်နန်း ( ခေါ် ) ဦးသိန်းအောင်**

http://www.dhammadownload.com



စွန်ညီနောင် စွန်မင်း ခေါက်ဆွဲမြို့စွမ် မိသားစု၏ မိခင်
ဘုရားသိမ်ကျောင်းရဟန်း ဒါယိကာမကြီး
**ဒေါ်လင်ရှုတင် (ခေါ်) ဒေါ်အေးကြည်**

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘယ်အလှူက ပိုပြီး အကျိုးကြီးသလဲ | ၅ |
| ၂။ | ကုဋေပေါင်းများစွာလှူတဲ့ ဝေလာမပုဏ္ဏား | ၂၂ |
| ၃။ | ကျောင်းဒကာ အနာထပိဏ် | ၃၆ |
| ၄။ | ကျောင်းဒကာ နန္ဒိယ | ၄၅ |
| ၅။ | အသောကမင်းကြီးရဲ့ကျောင်းပေါင်း ၈၄၀၀၀ အလှူ | ၅၀ |
| ၆။ | ဗိမ္ဗိသာရမင်းရဲ့ ဝေဠုဝန်ကျောင်းအလှူ | ၅၆ |
| ၇။ | ကျောင်းဒကာ-သုမင်္ဂလသူဌေး | ၆၁ |
| ၈။ | သစ်ရွက်မိုးကျောင်းတစ်ထောင် | ၆၈ |
| ၉။ | လယ်စောင့်တဲလေး | ၇၂ |
| ၁၀။ | ကျူရိုးတဲကျောင်း | ၇၆ |
| ၁၁။ | ပုဗ္ဗာရုံကျောင်းဒကာမ ဝိသာခါ | ၇၈ |
| ၁၂။ | ပစ္စေကဗုဒ္ဓါငါးရာအတွက် ကျောင်းဆောင်ငါးရာ | ၉၄ |
| ၁၃။ | မဟာသုဒဿနစကြာဝတေးမင်း | ၁၀၀ |
| ၁၄။ | ကျောင်းဒကာ သုဇာတသူဌေး | ၁၀၄ |
| ၁၅။ | ကျောင်းဒကာမ လခုမာ | ၁၀၈ |
| ၁၆။ | သာဝတ္ထိမြို့သူ ကျောင်းဒကာမ | ၁၁၀ |
| ၁၇။ | မြွက်မိုးကျောင်းအလှူရဲ့ အကျိုး | ၁၁၂ |
| ၁၈။ | ဘုရားကျောင်းဒကာနဲ့ သားအဖ | ၁၁၅ |

http://www.dhammadownload.com

# ဘယ်အလှူက ပိုပြီး အကျိုးကြီးသလဲ

## ကျောင်းဒကာ ဦးခင်ဇော်

ကျောင်းဒကာ ဦးခင်ဇော်ကို မေးခွန်းတစ်ခု မေးမယ်နော်။ ကြိုက်သလို ဖြေပါ။ ကိုယ်ထင်သလို ဖြေပါ။ အဖြေကို တန်းပြောလိုက်ရင် ဦးခင်ဇော် မမှတ်မိဘဲ ဖြစ်ချင် ဖြစ်နေမှာ စိုးလို့ပါ။ ဦးခင်ဇော် ဖြေလိုက်တဲ့ အဖြေက မှန်သွားရင်လည်း ကိုယ့်ရဲ့ အဖြေမှန်လေးကို အမှတ်တရ ရှိနေပါမယ်။ မှားသွားခဲ့ရင်လည်း မှားသွားလို့ အဖြေမှန်ကို စွဲစွဲထင်ထင် မှတ်မိသွားတတ်ပါတယ်။ အဖြေမှန်အတွက် စဉ်းစားခန်းလေး ဝင်ပြီးမှ အဖြေမှန် ရသွားရင် ပိုပြီး မှတ်မိသွားတတ်ပါတယ်။ ဒါကြောင့် မေးခွန်းလေး မေးလိုက်ရပါတယ်။ အဲဒီမေးခွန်းလေးက ဒီလိုပါ။

ဘုရားရှင်က အရှင်သာရိပုတ္တရာအား လှူတဲ့အလှူရယ်၊

အရှင်သာရိပုတ္တရာက ဘုရားရှင်အား လှူတဲ့အလှူရယ်၊

အဲဒီအလှူ ၂ လှူထဲက ဘယ်အလှူက ပိုပြီး အကျိုးကြီးပါသလဲ?

ဦးခင်ဇော်၊ အဖြေမှန်အတွက် ခေါင်းကို လက်နဲ့ ကိုင်နေရပြီလား? လက်နဲ့ ပွတ်နေရပြီလား။ လက်နဲ့ မေးကို ထောက်နေရပြီလား။ ကိုင်ပွတ်နေရပြီလား။ လက်ချောင်းလေးနဲ့ ကြမ်းပြင်ကို တဒေါက်ဒေါက်နဲ့ ခေါက်နေရပြီလား။ အချိန်ယူကာ စဉ်းစားခန်း ဝင်နေရမှာပေါ့။ မှားတတ်တယ်နော်။ သေချာစဉ်းစားပြီး ဖြေပါ။

http://www.dhammadownload.com



တချို့က အလှူခံပုဂ္ဂိုလ်က လယ်ယာမြေကောင်းနဲ့ တူတာမို့ ဘုရားရှင်ဟာ လောကမှာ အကောင်းဆုံး လယ်ယာမြေနဲ့ တူတယ်လို့ ယူဆကာ အရှင်သာရိပုတ္တရာက ဘုရားရှင်အား လှူတဲ့ အလှူက ပို အကျိုးကြီးတယ်လို့ ဖြေတတ်ကြပါတယ်။ ဦးခင်ဇော်ကော အဲဒီလို စဉ်းစားမိသေးလား။ ဥပရိပဏ္ဏာသ အဋ္ဌကထာ၊ ဒက္ခိဏာဝိဘင်္ဂသုတ် အဖွင့် စာမျက်နှာ ၂၂၇ မှာပါတဲ့ အဖြေကို ပြောပြပါမယ်။

ဘုရားရှင်က အရှင်သာရိပုတ္တရာအား လှူတဲ့အလှူက ပိုအကျိုး ကြီးတယ်လို့ ဆိုကြပါတယ်။ အကြောင်းကတော့ ဘုရားရှင်မှတစ်ပါး အခြားသူဟာ ဒါနရဲ့ အကျိုးကို သိစွမ်းနိုင်သူဆိုတာ မရှိလို့ပါပဲ (ဘုရား ရှင်ဟာ အသိဆုံး ဖြစ်လို့ပါပဲ။)

ဋီကာဆရာဖြစ်တဲ့ အရှင်ဓမ္မပါလမထေရ်က ဣတိဝုတ္တက၊ ဒါန သုတ်လာ အောက်ပါဘုရားစကားတော်ကို အကိုးအကားအဖြစ် ထုတ်ပြ ထားပါသည်။

"ရဟန်းတို့၊ ဒါနအကျိုးကို သတ္တဝါတွေဟာ ငါဘုရား သိသလိုသာ သိကြမယ်ဆိုရင် မလှူဘဲ မစားကုန်ရာ၊ ငါဘုရား သိသလို မသိကြလို့ မလှူဘဲ စားနေကြတယ်" တဲ့။

(ဋီ၊ ၄၁၅)

ဦးခင်ဇော် အဖြေမှန်ကို သိသွားရပြီနော်။ အလှူဒါနရဲ့ အကျိုးကို မသိတဲ့ ပုဂ္ဂိုလ်နဲ့ သိတဲ့ ပုဂ္ဂိုလ် လှူဒါန်းတဲ့ နေရာမှာ သိတဲ့ ပုဂ္ဂိုလ်ရဲ့ အလှူဒါနက ပိုပြီး အကျိုးကြီးပါတယ်။ သိတဲ့ ပုဂ္ဂိုလ်ချင်း တူတောင်မှ အကျိုးပေးပုံကို ပိုပြီး သိနားလည်တဲ့ ပုဂ္ဂိုလ်ရဲ့ အလှူဒါနက သာပြီး အကျိုးကြီးတယ်လို့ သိနားလည်ရပါတယ်။ အရှင်သာရိပုတ္တရာလည်း ဒါနနဲ့ အကျိုးကို သိပါတယ်။ ဒါပေမဲ့ ဘုရားရှင် သိသလောက်တော့ မကျယ်ပြန့်ဘူးပေါ့။ မပြည့်စုံဘူးပေါ့။ ဒါကြောင့် အကျိုးကို များများ သိ လေလေ အကျိုးပေးမှာလည်း များများ ထက်သန်လေလေ ဖြစ်ပါတယ်။

http://www.dhammadownload.com



## များလှစွာသော ကျောင်းအလှူတွေ

ဦးခင်ဇော်က ကျောင်းအလှူ ဆွမ်းအလှူ ဆေးအလှူ သင်္ကန်းအလှူ စတဲ့ အလှူပေါင်းများစွာကို နေရာပေါင်းများစွာမှာ အကြိမ်ပေါင်းများစွာ လှူဒါန်းခဲ့ဖူးတာပါပဲ။ ကျောင်းအလှူနဲ့ ပတ်သက်ပြီး သာမဏေကျော် သိထားသမျှ ပြောပြရရင်တောင် -

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အိမ်တော်ရာကျောင်းတိုက်အတွင်းရှိ သာသနာ့တံခွန်ကျောင်းတိုက်က ၃ ထပ်ကျောင်းတော်ကြီး။

၂။ ပဲခူးမြို့၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်က ၃ ထပ်ရှိ စွန်ညီနောင်-စွန်မင်း ဓမ္မဗိမာန်တော်ကြီး။

၃။ မော်လမြိုင်မြို့၊ ရဲကျောင်းစာသင်တိုက်မှ ၄ ထပ် ကျောင်းဆောင်တော်ကြီးမှာ ၁ ထပ်။

၄။ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ လှော်ကားဥယျာဉ်နဲ့ လှော်ကားရွာအကြားရှိ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်က အလျားပေ ၁၀၀၊ အနံပေ ၅၀ ကျယ်ဝန်းတဲ့ စွန်ညီနောင်-စွန်မင်း ကျောင်းဆောင် အမှတ် ၁ ။

၅။ သာမဏေကျော် (အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ) သီတင်းသုံးရန်အတွက် ၂ ထပ်ရှိ စွန်ညီနောင်-စွန်မင်း ကျောင်းဆောင်အမှတ် ၂ ။

၆။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ တရားရိပ်သာပိုင်းမှာ ယောဂီတို့အတွက် စွန်ညီနောင်-စွန်မင်းကျောင်းဆောင်အမှတ် ၃ နဲ့ အမှတ် ၄။

၇။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ စာသင်တိုက်အပိုင်းမှာ- ဆွမ်းချက်ဆောင်ဖြစ်တဲ့ စွန်ညီနောင် စွန်မင်းကျောင်းဆောင် အမှတ် ၅ တွေ ရှိနေပါသည်။

http://www.dhammadownload.com



ရန်ကုန်မြို့ သာသနဉ္စတံခွန်ကျောင်းဆရာတော်၊ ပဲခူးမြို့ သာမဏေကျော် စာသင်တိုက် ဆရာတော်၊ မော်လမြိုင်မြို့ ရဲကျောင်း ဆရာတော်တွေက ကျောင်းရေစက်ချပွဲမှာ ကျောင်းအနုမောဒနာတွေ ဟောကြားတော်မူခဲ့ကြပါလိမ့်မယ်။ အဲဒီ ကျောင်းတော်ကြီးတွေရဲ့ ရေစက်ချပွဲတွေမှာ ဆရာတော်တွေက ဟောပြတဲ့ ကျောင်းအလှူအကျိုး တွေ ဦးခင်ဇော် နာယူခဲ့ရပါလိမ့်မယ်။ အဲဒီတုန်းက နာယူခဲ့ရပေမယ့် အခု မေ့ချင်မေ့နေပါလိမ့်မယ်။ အထပ်ထပ်လေ့လာရင် ပိုပိုမှတ်မိပါမယ်။ ဒါကြောင့် သာမဏေကျော်က ကျောင်းအလှူနဲ့ပတ်သက်ပြီး ပိဋက စာပေထဲမှာ လာရှိတဲ့အချက်အလက်တွေကို စုပေါင်းကာ 'ကျောင်း အလှူ'ဆိုတဲ့ နာမည်နဲ့ စာအုပ်တစ်အုပ် ဖြစ်အောင် ကြိုးစားသွားပါမယ်။

## မိသားစုအလှူ

ဦးခင်ဇော်က "အဲဒီလို ကျောင်းတော်ကြီးတွေကို ဆောက်လုပ် လှူဒါန်းရာမှာ တပည့်တော်တစ်ဦးတည်းရဲ့ အလှူ မဟုတ်ပါ။ စွန်ညီ နောင်-စွန်မင်းမိသားစုအားလုံးရဲ့ စုပေါင်းအလှူ ဖြစ်ပါတယ်။ ကွယ်လွန် သွားတဲ့ ဖခင်-ဦးစွန်ခွန်နန်း (ခေါ်) ဦးသိန်းအောင်ကို ဒီဘဝကကျန်ရစ် သူမိသားစုရဲ့ ကျောင်းအလှူ မြေအလှူ ရေအလှူ မီးအလှူ စတဲ့ အလှူ တွေကို တမလွန်ဘဝက မြင်နိုင် သိနိုင်ပြီး သာဓုခေါ်နိုင်ကာ တမလွန် ဘဝမှာ ချမ်းသာအမျိုးမျိုးကို ရရှိနိုင်စေရန် ရည်သန်ကာ မိခင်-ဒေါ်လင် ရှုတင် (ခေါ်) ဒေါ်အေးကြည်ကို အမှူးထားပြီး ညီအစ်ကိုမောင်နှမ တစ်သိုက်က လှူတာ ဖြစ်ပါတယ်" လို့ ပြောပြတဲ့အခါ ကိုယ့်ကျောင်း ဒကာ၊ ဒကာမတွေရဲ့ နာမည်တွေကို အပြည့်အစုံ သိချင်လာမိပါတယ်။ ဒါကြောင့် ဦးခင်ဇော်ရဲ့ မိတ်ဆွေကြီး ဦးထိန်ဝင်းက အပြည့်အစုံ ရေးပြလို့ သိရပါတယ်။ သာမဏေကျော်လို သိချင်ကြသူတွေလည်း ရှိနိုင်ပါတယ်။ သူတို့နာမည်တွေလည်း ရေးပြလိုက်ပါမယ်။

http://www.dhammadownload.com



သားများ

၁။ ဦးခင်အောင် + ဒေါ်ခင်စန်းဝင်း

၂။ ဦးခင်မောင် + ဒေါ်ခင်သန်းမြင့်

၃။ ဦးခင်ဇော် + ဒေါ်စန်းစန်းအေး

၄။ ဦးဝင်းအောင် + ဒေါ်စန္ဒာဝင်း

၅။ ဦးဝင်းမောင် + ဒေါ်သင်းသင်းရီ

သမီးများ

၁။ ဦးထွန်းဝင်း + ဒေါက်တာ ဒေါ်လှလှရီ

၂။ ဦးမြဝင်း + ဒေါ်လှလှဝင်း

အမှတ် ၅၆၊ ၁၇ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဦးခင်ဇော် + ဒေါ်စန်းစန်းအေးတို့ရဲ့ သားအကြီး-မောင်ဝင်းမြတ်ဦး၊ သားအငယ်-မောင်အောင်ခိုင်ဦးတို့ ဖြစ်ကြပါတယ်။

## ကျောင်းလှူအကျိုး ၁၇ မျိုး

ဦးခင်ဇော်တို့ရဲ့ စွန်ညီနောင် စွန်မင်း ခေါက်ဆွဲ မြူစွမ် မိသားစု အကြောင်း မေးလိုက်တာနဲ့ ပြောပြချင်တဲ့ ကျောင်းအလှူအကျိုးတွေ အကြောင်း စကားအဆက်အစပ် ပြတ်သွားတယ်။ အဲဒီကျောင်း အလှူ အကျိုးတွေကို ဘုရားရှင်က ရာဇဂြိုဟ်သူဌေးအား ဟောကြားခဲ့ပါတယ်။

ကျောင်းအဆောက်အဦးက

၁။ ခန္ဓာကိုယ်တွင်းမှာ ဓာတ်ချောက်ချားလို့ ဖြစ်ပေါ်တဲ့ အအေးနဲ့ ခန္ဓာကိုယ်ပြင်ပက ရာသီဥတု ဖောက်ပြန်လို့ ဖြစ်ပေါ်တဲ့ အအေးတွေကို တားဆီးပယ်ဖျောက်ပေးနိုင်တယ်။

၂။ တောမီး စသည် လောင်လာတဲ့အခါ မီးပူလောင်မှုကို တားဆီးပယ်ဖျောက်ပေးနိုင်တယ်။

၃။ ခြင်၊ ယင်၊ ကျား စတဲ့ ကြမ်းတမ်းတဲ့ သားကောင်တွေကို တားဆီးပေးနိုင်တယ်။

http://www.dhammadownload.com



၄။ ခန္ဓာကိုယ်နဲ့ တွားသွားတဲ့ မြွေစတဲ့ အကောင်ရှည်တွေကို တားဆီး ပေးနိုင်တယ်။

၅။ ခြင်၊ မှက်စသည်ကို တားဆီးပေးနိုင်တယ်။

၆။ အလွန်အေးတဲ့ ဆောင်းတွင်းလေတွေကို တားဆီးပေးနိုင်တယ်။

၇။ မကြာ မကြာ ရွာလေ့ရှိတဲ့ မိုးရေတွေကို တားဆီးပေးနိုင်တယ်။

၈။ သစ်ပင်တွေ၊ ခြုံစသည်တွေကို အမြစ်ပါ ပြုတ်အောင် တိုက်ခတ် ဝှေ့ရမ်း အလွန်ကြမ်းတဲ့ လေပြင်း၊ လေကြမ်း၊ လေသရမ်းကို တားဆီးပေးနိုင်တယ်။

၉။ နွေလအခါ မနေသာအောင် ရံခါခုတိုင် ဖြစ်ပေါ်နိုင်တဲ့ လောင် ကျွမ်းလှိုက်ဆူ နေအပူကို တားဆီးပေးနိုင်တယ်။

၁၀။ အာရုံအမျိုးမျိုးမှ စိတ်ကို ရုတ်သိမ်းကာ အာရုံကောင်းနဲ့ ကိန်း အောင်းမွေ့လျော် စံပျော်နိုင်ခြင်းအကျိုးကို ပေးတယ်။

၁၁။ အအေး၊ အပူ၊ သားကောင်စတဲ့ အန္တရာယ်တွေ မရှိလို့ ချမ်းချမ်း သာသာ နေရခြင်း အကျိုးကို ပေးတယ်။

၁၂။ သမထ ရှုနိုင်ခြင်း အကျိုးကို ပေးတယ်။

၁၃။ ဝိပဿနာ ရှုနိုင်ခြင်းအကျိုးကို ပေးတယ်။

## ကျောင်းဒကာတွေ ရတဲ့ အကျိုးများ

တစ်ထပ်ကျောင်း၊ နှစ်ထပ်ကျောင်း၊ သုံးထပ်ကျောင်းတွေကို လှူဒါန်းထားတဲ့ ဦးခင်ဇော်တို့မှာတော့ ဘယ်လိုအကျိုးတွေကို ရနိုင်ပါ သလဲလို့ ဦးခင်ဇော်က သိချင်နေမှာပါပဲ။ ဦးခင်ဇော်တို့ ဆောက်လုပ် လှူဒါန်းထားတဲ့ တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်ကျောင်းဆောင်တွေမှာ သီတင်းသုံးကြတဲ့ ဆရာတော်၊ သံဃာတော်တွေ၊ ယောဂီသူတော်စင် တွေရဲ့အအေးကို ပယ်ဖျောက်ခြင်း၊ အပူကို ပယ်ဖျောက်ခြင်း စသည်ဖြင့် ဘေးရန်အန္တရာယ်တွေကို ပယ်နိုင်တဲ့အတွက် ကျောင်းဒကာ၊ ဒကာမ

http://www.dhammadownload.com



တွေမှာလည်း ဘေးရန်အန္တရာယ် ကင်းခြင်းစတဲ့ အကျိုးတွေကို ရရှိနိုင်ပါတယ်။ သမာဓိရခြင်းဆိုတဲ့ အကျိုး၊ ဝိပဿနာဉာဏ် ဖြစ်ပွားခြင်းဆိုတဲ့ အကျိုး၊ ဝိပဿနာဉာဏ် ပြည့်စုံပြီး မိမိ လိုအပ်တဲ့ အရိယမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အဆင့်ဆင့်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း ဆိုတဲ့ အကျိုးတွေကိုလည်း ရသွားနိုင်ပါတယ်။

## အမြတ်ဆုံးအလှူ

ဦးခင်ဇော်တို့ လှူဒါန်းထားတဲ့ ကျောင်းအဆောက်အဦးအလှူကို ဘုရားရှင်က ဘယ်လို ချီးမွမ်းထားတယ်လို့ ထင်ပါသလဲ။ ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအား ဘုရားရှင်က ဒီလို ဟောတော်မူခဲ့ပါတယ်။

"ဒါနတွေထဲမှာ သံဃာအား လှူရတဲ့ ကျောင်းအလှူဒါနဟာ အမြတ်ဆုံးပဲလို့ ဘုရားရှင်က ချီးမွမ်းတော်မူပါတယ်" တဲ့။

ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအား ဘုရားရှင် ဟောတော်မူခဲ့တဲ့ ဒီစကားတော်အရ ဦးခင်ဇော်တို့ရဲ့ တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်အားဖြင့် အမျိုးမျိုးသော ကျောင်းအလှူဒါနတွေဟာ ဒါနတွေထဲမှာ အမြတ်ဆုံး ဒါနတွေပဲလို့ သိရတော့ အမြတ်ဆုံးဒါနရှင်၊ အလှူရှင်တွေမှာ အကြီးမားဆုံး ပီတိတွေ ဖြစ်ရတာပေါ့။

ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအား ဘုရားရှင်က ဒီလို ဆက်ပြီး ဟောကြားတော်မူခဲ့ပါတယ်။

"အလှူဒါနတွေထဲမှာ သံဃာအား လှူတဲ့ ကျောင်းအလှူကို အမြတ်ဆုံးလို့ ဘုရားရှင်က ချီးမွမ်းထားလို့ ပညာရှိတဲ့ အမျိုးသား၊ အမျိုးသမီးဟာ ကိုယ့်အကျိုးကို ကောင်းကောင်း မြော်မြင်နိုင်တယ်ဆိုရင် နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းတဲ့ ကမ္မဋ္ဌာန်းကျောင်း၊ စာချကျောင်းနှင့် ကျောင်းကြီး ကျောင်းငယ် အသွယ်သွယ်သော ကျောင်းတွေကို ဆောက်လုပ်လှူဒါန်းရပါတယ်"

http://www.dhammadownload.com



## စာပေပို့ချ၊ တရားပြ၍

ဘုရားရှင်က ရာဇဂြိုဟ်သူဌေးကျောင်းဒကာကို အမြတ်ဆုံးအလှူဖြစ်လို့ ကျောင်းဆောက်လှူသင့်ကြောင်း မိန့်ကြားပြီး ကိုယ်ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းအဆောက်အဦးတွေအပေါ် ဘယ်လိုပုဂ္ဂိုလ်တွေကို နေစေသင့်တယ်လို့လည်း ညွှန်ကြားတော်မူခဲ့ပါသေးတယ်။

"ဤသို့ကြိုးကုတ် အသပြာထုတ်၍ ဆောက်လုပ်အပ်ပြီး ကျောင်းအသီးသီး၌ ပရိယတ်နှင့် ပဋိပတ်တွင် ကျွမ်းကျင်သောအား များသောသုတရှင်တွေကို စာပေပို့ချ တရားပြ၍ နေ့ညပုံသေ သီတင်းသုံးစေရာ၏"တဲ့။

ဦးခင်ဇော်တို့ လှူဒါန်းထားတဲ့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်က စွန်ညီနောင်-စွန်မင်းကျောင်းဆောင် အမှတ် ၁ ပေါ်မှာ စာချစာသင် သံဃာအရှင်တွေက စာသင်စာချ ပြုလုပ်ကြပါမယ်။ ဘုရားရှိခိုး၊ တရားရှုမှတ်၊ မေတ္တာပို့၊ အမျှဝေ ကုသိုလ်အထွေထွေကိုလည်း ပြုလုပ်ကြပါမယ်။ တရားဟော၊ တရားနာ၊ သာဓု ခေါ်ဆိုတဲ့ ကုသိုလ်တွေကိုလည်း အားထုတ်ကြပါလိမ့်မယ်။ အဲဒီလိုနည်းနဲ့ စွန်ညီနောင်-စွန်မင်း ကျောင်းဆောင် အမှတ် ၁ နှစ်ထပ်ဆောင်ကြီးဟာ ပရိယတ်နှင့် ပဋိပတ်တွင် ကျွမ်းကျင်သောအား များသော သုတရှင်တွေကို မွေးထုတ်ပေးရာ နေရာကြီး ဖြစ်လာပါလိမ့်မယ်။ ပဲခူးမြို့၊ သာမဏေကျော် ပရိယတ္တိ စာသင်တိုက်က စွန်ညီနောင်-စွန်မင်း ဓမ္မဗိမာန်တော် ၃ ထပ်ဆောင်ကြီးကတော့ ပရိယတ် အကျော်အမော်တွေ သာမဏေကျော်ဘွဲ့ရ စင်ေ့ ပုဂ္ဂိုလ်တွေကို မွေးထုတ်ပေးခဲ့ပါပြီ။ ယခုလည်း မွေးထုတ်ဆဲပါ။ နောင်လည်း ဆက်လက်မွေးထုတ်ပေးနေပါလိမ့်မယ်။

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ သာမဏေကျော် သီတင်းသုံးဖို့ ဆောက်လုပ်ပေးမယ့် စွန်ညီနောင်-စွန်မင်း ကျောင်းဆောင် အမှတ် ၂ ဖြစ်တဲ့ ၂ ထပ်ဆောင်မှာ သီတင်းသုံးကာ သာမဏေ

http://www.dhammadownload.com



ကျော်က ပရိယတ်၊ ပဋိပတ်အလုပ်တွေကို စွမ်းနိုင်သမျှ ကြိုးစားအား ထုတ်သွားပါမယ်။ စာအုပ်များစွာကို ဆက်လက်ရေးသွားမယ်လို့လည်း စိတ်ကူးထားပါတယ်။ ဦးခင်ဇော်တို့ သာမဏေကျော်အတွက် ဆောက်လုပ်လှူဒါန်းမယ့် အဲဒီကျောင်းဆောင်ပေါ် သီတင်းသုံးပြီး ရေးသားလိုက်လို့ စာအုပ်ပေါင်းများစွာ ပေါ်ထွက်လာမယ်လို့ မျှော်လင့်မိပါတယ်။ အများပြည်သူ ရဟန်းရှင်လူတွေလည်း အဲဒီစာအုပ်ပေါင်းများစွာကို ဖတ်ရှုရပြီး အသိပညာတွေရော၊ သဒ္ဓါတရားတွေပါ တိုးပွားလာကြလိမ့်မယ်လို့လည်း တွေးဆမိပါတယ်။

ဦးခင်ဇော်က သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ တရားရိပ်သာအပိုင်းမှာ ယောဂီတွေအတွက် စွန်ညီနောင်-စွန်မင်း ကျောင်းဆောင်အမှတ် ၃ နဲ့ အမှတ် ၄ တွေကိုလည်း ဆောက်လုပ်လှူဒါန်းဦးမှာမို့ အဲဒီကျောင်းဆောင်တွေမှာတော့ ယောဂီတွေက တရားရှုမှတ်ကြပါမယ်။ နွေရာသီကျောင်းပိတ်ချိန်မှာ ကျောင်းသူတွေက သီလရှင် ဝတ်ပြီး ဗုဒ္ဓယဉ်ကျေးမှု စာပေတွေကို သင်ယူကြပါမယ်။ ပရိယတ်ရော၊ ပဋိပတ်ပါ နှစ်မျိုးစလုံး ဆောင်ရွက်ကြပါမယ်။

## ကျောင်းဒကာတွေရဲ့ တာဝန်

ဘုရားရှင်က ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအား ဘုရားရှင် ဟောတော်မူခဲ့တဲ့ အဲဒီစကားတော်နဲ့အညီ ဦးခင်ဇော်လည်း ဆောင်ရွက်နေတယ်မဟုတ်လား။ ပဲခူးမြို့ သာမဏေကျော် ပရိယတ္တိ စာသင်တိုက်မှာ ပိဋကစာပေတွေကို သင်ယူနေကြတဲ့ ရှင်ရဟန်းတွေ ချမ်းချမ်းသာသာနဲ့ သင်ယူနိုင်ကြရအောင် ဦးခင်ဇော် ဦးဆောင်တဲ့ ဘုရင့်နောင်ဈေးသူ ဈေးသားတွေက ဆွမ်းဆန်၊ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ အာလူး စတဲ့ ပစ္စည်းတွေနဲ့ လစဉ် ပို့ပေးနေကြတာဟာ အထူးကြည်လင်သဒ္ဒါ

http://www.dhammadownload.com



ရှင်ပြီး ဉာဏ်ရောင်လျှံဖိတ် ကုသိုလ်စိတ်နဲ့ သာသနာတည်မှု အရှည်ရှု နိုင်ကြလို့ပါပဲ။ ပရိယတ်၊ ပဋိပတ် သာသနာအလုပ်ကို တကယ်လုပ်နေကြတဲ့ နေရာတွေမှာ သာသနာတည်မှု အရှည်ရှုပြီး ဂရုစိုက်နေကြတဲ့ ဒကာ၊ ဒကာမတွေမှာလည်း ဂရုစိုက်ရကျိုး၊ ပံ့ပိုးရကျိုး နပ်ပါတယ်။ အကျိုးများလှပါတယ်။ အလှူခံ ရှင်၊ ရဟန်းတွေမှာလည်း မပင်မပန်း ချမ်းချမ်းသာသာနဲ့ ဆောင်ရွက်ရလို့ သာသနာလုပ်ငန်းတွေအတွက် အားတက်သရော ရှိရပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ ပထမအကြိမ်အဖြစ် ဖွင့်လှစ်သင်ကြားပေးခဲ့တဲ့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာလည်း ဦးခင်ဇော်က စားရေး၊ သောက်ရေးကိစ္စကစပြီး လိုအပ်ရာရာကို ဖြည့်ဆည်းပေးခဲ့လို့ အစစအရာရာ အဆင်ပြေပြေ ရှိခဲ့ရပါတယ်။

ဦးခင်ဇော်ဟာ ဒါနရဲ့အကျိုးတွေကို ကိုယ်တိုင်တွေ့ရှိနေရတာမို့ ကိုယ့်ဒါနစေတနာအပေါ်မှာ ယုံကြည်မှု အားကောင်းနေတယ် မဟုတ်ပါလား။ ဘုရားရှင်ကလည်း ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအား အလှူဒါနပြုလုပ်တဲ့အခါ အလှူခံပုဂ္ဂိုလ်ကောင်းတွေမှာ ကံ၊ ကံရဲ့ အကျိုးတွေကိုရော၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုပါ ယုံကြည်တဲ့စိတ်နဲ့ လှူဒါန်းဖို့ သွန်သင်ခဲ့ပါတယ်။

၁၄။ ကျောင်းအလှူနဲ့ဆက်စပ်ပြီး စားဖွယ်၊ သောက်ဖွယ်၊ အဝတ်သင်္ကန်း၊ အိပ်ရာနေရာတွေကိုပါ ရှင်ရဟန်းတွေမှာ ရရှိသွားပါတယ်။ ဒါကလည်း ကျောင်းအလှူနဲ့စပ်တဲ့ အကျိုးတစ်ခု ပါပဲ။

## သံဃာ့တာဝန်

ဘုရားရှင်က ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအား ကျောင်းဒကာတာဝန်တွေကို ညွှန်ပြတော်မူပြီး အဲဒီကျောင်းမှာနေတဲ့ သံဃာတွေရဲ့ တာဝန်ကိုလည်း ဒီလိုညွှန်ပြတော်မူခဲ့ပါတယ်။

http://www.dhammadownload.com



"အကြားအမြင်များတဲ့သံဃာတော်တွေက ကျောင်းဒကာ၊ဒကာမတွေအား သံသရာဒုက္ခ ရှုပ်သမျှကို မုချပိုင်ပိုင် ပယ်နုတ်နိုင်တဲ့ တရားကောင်းကို ဒေသနာနည်း၊ ကိုယ်တွေ့နည်းနဲ့ သီးသီးကျန ဟောပြကြရပါတယ်။ အဲဒီတရားကောင်းကို ကျောင်းဒကာ၊ ဒကာမက ဒီဘုရားသာသနာမှာပဲ သိပြီး အာသဝေါကင်းကွာ ရဟန္တာဖြစ်ပြီး အေးမြ ငြိမ်းချမ်းရတယ်"

ဦးခင်ဇော်တို့ ကျောင်းဒကာ၊ ဒကာမတွေက ရှင်၊ ရဟန်းတွေအား ပစ္စည်းတွေနဲ့ ထောက်ပံ့ကာ ကျေးဇူးပြုကြပါတယ်။ ရှင်၊ ရဟန်းတွေကတော့ ဦးခင်ဇော်တို့ ကျောင်းဒကာ၊ ဒကာမတွေအား တရားဟောပေးကာ ကျေးဇူးပြုကြရပါတယ်။ ဆရာနဲ့ ဒကာဟာ အချင်းချင်းအား အပြန်အလှန် ကျေးဇူးပြုကြရပါတယ်။ ဒါကြောင့် ဘုရားရှင်က ကျောင်းဒကာရာဇဂြိုဟ်သူဌေးအား ကျောင်းဒကာတွေရဲ့ တာဝန်နဲ့ ဆရာတော်တွေရဲ့ တာဝန်တွေကို ညွှန်ပြတော်မူခဲ့ပါတယ်။

၁၅။ ကျောင်းအလှူနဲ့ ဆက်စပ်ပြီး ကျောင်းဒကာ၊ ဒကာမတွေမှာ တရားနာယူကြရတယ်။ ဒါကလည်း ကျောင်းအလှူနဲ့ စပ်တဲ့ အကျိုးတစ်ခုပါပဲ။

၁၆။ ကျောင်းအလှူနဲ့ စပ်ပြီး ကျောင်းဒကာ၊ ဒကာမတွေဟာ တရားကို ထိုးထွင်းသိကြရတယ်။ ဒါကလည်း ကျောင်းအလှူနဲ့ စပ်တဲ့ အကျိုးတစ်ခုပါပဲ။

၁၇။ ကျောင်းဒကာ၊ ဒကာမတွေမှာ ခန္ဓာဇာတ်သိမ်းကာ ငြိမ်းအေးမှု ရသွားကြရတယ်။ ဒါကလည်း ကျောင်းအလှူနဲ့ စပ်တဲ့ အကျိုးတစ်ခုပါပဲ။

(သီ၊ ဋ္ဌီ၊ သစ်၊ ဒု၊ ၃၂၀)

http://www.dhammadownload.com



ဦးခင်ဇော်တို့ ကျောင်းလှူလိုက်တဲ့ အလှူခံပုဂ္ဂိုလ်တွေမှာ ကျောင်းနဲ့ပတ်သက်တဲ့ အကျိုးတွေကို ရရှိကြပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်တို့မှာလည်း အလှူခံပုဂ္ဂိုလ်တွေမှာရတဲ့ အကျိုးတွေနဲ့ လျော်ညီတဲ့ အကျိုးတွေကို (ကျောင်းအလှူအကျိုးတွေကို) ရရှိကြပါတယ်။ အကြောင်းကတော့ အလှူရှင် ဒကာ၊ ဒကာမတွေမှာ များသောအားဖြင့် အကြောင်းကံနဲ့တူတဲ့ အကျိုးကို ရတတ်ကြလို့ပါပဲ။

(သီ၊ ဋ္ဌ၊ သစ်၊ ဒု၊ ၃၂၀)

## မဟာစည် လင်္ကာများ

ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအား ဘုရားရှင် ဟောကြားလိုက်တဲ့ ကျောင်းအလှူတရားတော်ကို မဟာစည်ဆရာတော်ကြီးက အောက်ပါအတိုင်း မြန်မာလင်္ကာတွေ သီကုံးထားပါတယ်။

* အေး-ပူ စသား၊ ဘေးရန်များ၊ ပယ်ရှား ကင်းစေသည်။
* ကိန်းအောင်းနေရန်၊ ချမ်းသာရန်၊ အမှန်ဖြစ်ပေသည်။
* ဈာန်ဝင်စားရန်၊ ရှုမှတ်ရန်၊ ဧကန် ဖြစ်ပေသည်။
* ကျောင်းအလှူဒါန၊ မြင့်မြတ်လှ၊ ဗုဒ္ဓ ချီးကျူးသည်။
* ဆင်းရဲပယ်ရှား၊ မြတ်တရား၊ နာကြားရပြန်သည်။
* ကျောင်းအလှူရှင်၊ တရားမြင်၊ ခုပင် ငြိမ်းနိုင်သည်။

ဦးခင်ဇော် ကျောင်းအလှူနဲ့ ပတ်သက်ပြီး အလှူခံတဲ့ ပုဂ္ဂိုလ်တွေမှာ ရရှိတဲ့ အကျိုးတွေကိုရော၊ လှူတဲ့ ကျောင်းဒကာ ဦးခင်ဇော်တို့မှာ ရရှိတဲ့ အကျိုးတွေကိုပါ သိရှိသွားရပြီနော်။ အကျိုးကို မသိဘဲ လှူရတဲ့ ဒါနထက် သိပြီး လှူရတဲ့ ဒါနက ပိုပြီး အကျိုးကြီးကြောင်းကို ဘုရားရှင်ရဲ့ဒါနနဲ့ အရှင်သာရိပုတ္တရာရဲ့ ဒါန နှိုင်းယှဉ်ပြခဲ့တယ် မဟုတ်လား။ အကျိုးကို များများသိလေလေ အကျိုးပေးမှာလည်း များများ ထက်သန်လေလေ ဖြစ်တယ်လို့လည်း ရှေ့မှာ သိခဲ့ရတယ် မဟုတ်လား။

http://www.dhammadownload.com



## သာသနာမှာ ကျောင်းစတင် ဖြစ်ပေါ်လာပုံ

ဦးခင်ဇော် ရာဇဂြိုဟ်သူဌေးမှာ ကျောင်းဆောက်လှူချင်စိတ် ဖြစ်ပေါ်လာပုံလေးက ဦးခင်ဇော်နဲ့ တူနေပုံ ပေါ်ပါတယ်။ တကယ်လိုအပ်နေတာကို မြင်တွေ့ရရင် ဖြည့်ပေးချင်တဲ့ သဒ္ဓါ၊ ဆန္ဒပြင်းပြထက်သန်ပုံချင်းက ရာဇဂြိုဟ်သူဌေးနဲ့ ဦးခင်ဇော်တို့ တူကြပုံပေါ်ပါတယ်။ ရာဇဂြိုဟ်သူဌေးရဲ့ ကျောင်းဆောက်လုပ်လှူဒါန်းချင်တဲ့ ဆန္ဒကို နှိုးဆွပေးလိုက်တဲ့ မြင်ကွင်းကတော့ ရာဇဂြိုဟ်မြို့က ကြည်ညိုဖွယ် ရဟန်းတော်တွေပါပဲ။ အဲဒီအချိန်က ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါ ဘုရားရှင်က ရဟန်းတွေအား ကျောင်း ခွင့်မပြုရသေးပါ။ ရဟန်းတွေဟာ ဟိုနေရာ ဒီနေရာတွေမှာ သီတင်းသုံးကြပါတယ်။ တော၊ သစ်ပင်အောက်၊ တောင်၊ ချောက်၊ တောင်တစ်လုံးမှာ ဥမင်ပမာ ဖြစ်နေတဲ့ ဂူ၊ တောင်နှစ်လုံးတွေရဲ့ အကြားမှာဖြစ်တဲ့ ဂူ၊ သုသာန်၊ တောကြီးမြိုင်ဆွေ သစ်ပင်တွေနဲ့ ရှုပ်နေတဲ့ တော၊ ဟင်းလင်းပြင်၊ ကောက်ရိုးပုံ အဲဒီအရပ်တွေမှာ သီတင်းသုံးကြရပါတယ်။ အဲဒီရဟန်းတွေက အဲဒီနေရာအရပ်တွေမှ နံနက်စောစောပဲ ထွက်ခွာနေကြတယ်။ အဲဒီရဟန်းတွေရဲ့ ရှေ့သွားပုံ၊ နောက်ပြန်ဆုတ်ပုံ၊ တည့်တည့်ကြည့်ပုံ၊ ဘေးအရပ် ကြည့်ပုံ၊ ကွေးပုံ၊ ဆန့်ပုံ အမူအရာတွေဟာ မြင်ရသူတွေရဲ့စိတ်ကို ကြည်လင်စေကြပါတယ်။ ရဟန်းတွေကမျက်လွှာ ချထားကြပါတယ်။ ကြည်ညိုဖွယ် သွားပုံ၊ ရပ်ပုံ ရှိကြပါတယ်။ ရာဇဂြိုဟ် သူဌေးကလည်း နံနက်စောစောပဲ ဥယျာဉ်ကို သွားတယ်။ အဲဒီရဟန်းတွေ အဲဒီနေရာတွေမှ ကြည်ညိုဖွယ်အမူအရာတွေနဲ့ ထွက်လာကြတာကို မြင်သွားတယ်။ မြင်ပြီး ရာဇဂြိုဟ်သူဌေးမှာ ကြည်ညိုစိတ် ဖြစ်သွားတယ်။

ရာဇဂြိုဟ်သူဌေးက အဲဒီရဟန်းတွေထံ ချဉ်းကပ်ပြီး လျှောက်ထားပါတယ်။

http://www.dhammadownload.com



"အရှင်ဘုရားတို့၊ တပည့်တော်ဟာ ကျောင်းတွေကို ဆောက်ပေးရင် တပည့်တော်ရဲ့ ကျောင်းဆောင်တွေမှာ သီတင်းသုံးတော်မူကြပါ"

"သူကြွယ်၊ ဘုရားရှင်က ကျောင်းတွေကို ခွင့်မပြုသေးပါ"

"အရှင်ဘုရားတို့၊ ဒီလိုဆိုရင် ဘုရားရှင်ကို မေးမြန်းပြီး တပည့်တော်အား ပြောကြပါ"

"သူကြွယ်၊ ကောင်းပါပြီ"

အဲဒီရဟန်းတွေဟာ ရာဇဂြိုဟ်သူဌေးအား ဝန်ခံစကားပြောပြီး ဘုရားရှင်ထံ ချဉ်းကပ်ကြတယ်။ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်ရာ အရပ်မှာ ထိုင်ကြတယ်။ ထိုင်ပြီး ဘုရားရှင်ကို ဒီလို မေးမြန်း လျှောက်ထားကြပါတယ်။

"မြတ်စွာဘုရား၊ ရာဇဂြိုဟ်သူဌေးက ကျောင်းဆောင်တွေကို ဆောက်လုပ်ပေးချင်နေပါတယ်။ တပည့်တော်တို့ ဘယ်လို လိုက်နာဆောင်ရွက်ကြရပါမလဲ ဘုရား"

ဘုရားရှင်က အဲဒီအကြောင်းအရာကြောင့် တရားစကား မိန့်တော်မူပြီး ရဟန်းတွေကို ဒီလိုမိန့်တော်မူပါတယ်။

"ရဟန်းတို့၊ နေစရာ အဆောက်အဦး ၅ မျိုးကို ငါဘုရား ခွင့်ပြုတော်မူတယ်။

၁။ ၄ ဖက် မိုးထားတဲ့ကျောင်း။

၂။ ဂဠုန်အတောင်အလား ၂ ဖက် မိုးထားတဲ့ကျောင်း။

၃။ အထွတ်တပ်ထားတဲ့ ပြာသာဒ်ရှည်။

၄။ အထွတ်မတပ်တဲ့ ပြာသာဒ်ကတုံး။

၅။ လိုဏ်ဂူ

အဲဒီရဟန်းတွေက ရာဇဂြိုဟ်သူဌေးထံ သွားပြီး ဒီလိုပြောကြပါတယ်။

http://www.dhammadownload.com



"သူကြွယ်၊ ဘုရားရှင်က ကျောင်းတွေကို ဆောက်လုပ်ခွင့်ပြုလိုက်ပါပြီ။ ကျောင်းဆောက်ဖို့၊ မဆောက်ဖို့ အချိန်အခါကို သင်ကိုယ်တိုင်ပဲ သိပါ။

အဲဒီအခါ ရာဇဂြိုဟ်သူဌေးက တစ်ရက်တည်းနဲ့ပဲ ကျောင်းဆောင်ပေါင်း ၆၀ ကို အပြီး အဆောက်ခိုင်းလိုက်ပါတယ်။ ကျောင်းဆောင်တွေပြီးတော့ သူဌေးက ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးပြီး သင့်တင့်ရာအရပ်မှာထိုင်ကာ လျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ မြတ်စွာဘုရားဟာ ရဟန်းသံဃာနဲ့အတူ နက်ဖြန်မှာဖြစ်မယ့် ကောင်းမှု၊ ပီတိ၊ ဝမ်းမြောက်မှု အကျိုးငှာ တပည့်တော်ဆွမ်းကို အလှူခံတော်မူပါ"

ဘုရားရှင်က ဆိတ်ဆိတ်နေကာ လက်ခံလိုက်ပါတယ်။ အဲဒီအခါ သူဌေးက ဘုရားရှင်လက်ခံတာကိုသိပြီး နေရာမှာထကာ ဘုရားရှင်ကို ရှိခိုး၊ အရိုအသေပြုပြီး ဖဲခွာသွားပါတယ်။ သူဌေးက နောက်နေ့နံနက်မှာ မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ်ကို စီစဉ်ခိုင်းပြီး "မြတ်စွာဘုရား၊ ဆွမ်းဘုဉ်းပေးကြွချိန် တန်ပါပြီ။ ဆွမ်း ပြီးစီးပါပြီ" လို့ ဘုရားရှင်အား အချိန်အလျှောက်ခိုင်းပါတယ်။ ဘုရားရှင်က နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ဆင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကို ယူကာ သူဌေးနေအိမ်ကို ကြွသွားပါတယ်။ ခင်းထားတဲ့နေရာမှာ ရဟန်းသံဃာနဲ့အတူ ထိုင်ပါတယ်။ သူဌေးက ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ် နဲ့ ကိုယ်တိုင်ကိုယ်ကျ (သူ့လက်နဲ့) ရောင့်ရဲသွားအောင်၊ တော်ပါပြီလို့ ပယ်မြစ်ရလောက်အောင် ပြုစုလုပ်ကျွေးပါတယ်။ ဘုရားရှင်က ဆွမ်းဘုဉ်းပေးပြီးလို့ သပိတ်ဘေးဖယ်ထားတဲ့အခါ သင့်တင့်ရာအရပ်မှာ ထိုင်ကာ သူဌေးက ဘုရားရှင်ကို ဒီလိုလျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်က ဒီကျောင်းဆောင်ပေါင်း ၆၀ ကို ကောင်းမှုကို လိုလားလို့၊ နတ်ပြည်ကို လိုလားလို့ ဆောက်လုပ်ထားပါ

http://www.dhammadownload.com



တယ်။ ဒီကျောင်းတွေနဲ့ ပတ်သက်ပြီး တပည့်တော် ဘယ်လို ပြုမူဆောင်ရွက်ရပါမလဲဘုရား”

“သူကြွယ်၊ ဒီလိုဆိုရင် သင်ဟာ ဒီကျောင်းကိုရောက်လာ၊ မရောက်လာတဲ့ အရပ်လေးမျက်နှာနေ သံဃာထံမှာ တည်စေပါလော”

“မှန်ပါဘုရား”

အဲဒီလို ဝန်ခံပြီး ရာဇဂြိုဟ်သူဌေးက အဲဒီကျောင်းဆောင်ပေါင်း ၆၀ ကို ဒီကျောင်းသို့ ရောက်လာ၊ မရောက်လာတဲ့ အရပ်လေးမျက်နှာနေ သံဃာထံမှာ တည်စေပါတယ်။ အဲဒီအခါ ဘုရားရှင်က အစပိုင်းမှာ ဖော်ပြခဲ့တဲ့ ကျောင်းအလှူအကျိုးပြု တရားစကားတွေနဲ့ ရာဇဂြိုဟ်သူဌေးကို အဖန်ဖန် ဝမ်းမြောက်စေပါတယ်။

(စူဠဝါ၊ ၂၉၀)

ရာဇဂြိုဟ်သူဌေးက ကျောင်းဆောင်ပေါင်း ၆၀ ကို တစ်နေ့တည်းနဲ့ပဲ အပြီးဆောက်လုပ်ခိုင်းတယ်ဆိုတော့ အဲဒီကျောင်းဆောင်တွေဟာ ဦးခင်ဇော်တို့ ဆောက်လုပ်လှူဒါန်းထားတဲ့ ၃ ထပ်ကျောင်းဆောင်ကြီးတွေလောက်တော့ မကြီးကျယ်၊ မကောင်းမွန်နိုင်ကြပါ။ သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်မှာ ဦးခင်ဇော်တို့ ဆောက်လုပ်လှူဒါန်းထားတဲ့ နှစ်ထပ်ကျောင်းဆောင် ၂ ဆောင်၊ ၁ ထပ်ကျောင်းဆောင် ၂ ဆောင်လောက်လည်း ကြီးကျယ်မယ်၊ ကောင်းမွန်မယ် မဟုတ်ပါ။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းက အလျားပေ ၁၀၀ ၊ အနံပေ ၅၀ ရှိ စွန်ညီနောင်-စွန်မင်းကျောင်းဆောင် အမှတ် ၁ ကို လူအင်အားများစွာနဲ့ အမြန်ပြီးအောင် ကြိုးစားတာတောင် ၅ လလောက် အချိန်ကြာသေးတာပဲ။ အဲဒီကျောင်းဆောင်ကြီးအတွက် သိန်းပေါင်းတစ်ထောင်လောက်တောင် ကုန်ကျလေမလား။ သဲဖိုးကိုတောင် သိန်း ၄၀ ကုန်တယ်ဆိုတော့ တော်တော်ကုန်ကျတာပဲနော်။ ဦးခင်ဇော်တို့ ဒီလို ကျောင်းကောင်းကောင်းကြီးတွေမဆောက်လုပ်သေးခင်က သာမဏေကျော်မှာ ရှိတာ

http://www.dhammadownload.com



လေးနဲ့ ဝါးခင်း၊ ဝါးကာ၊ တောင်ထန်းရွက် အမိုးအဆောင် ၈ ဆောင် ဆောက်လုပ်ရပါတယ်။ အဲဒီတဲကျောင်းတွေတောင် အကုန်အကျလည်း မနည်းသလို ဆောက်လုပ်ရတဲ့ကာလလည်း မတိုတောင်းပါ။ တစ်နေ့တည်းနဲ့ ကျောင်းပေါင်း ၆၀ ပြီးအောင် ဆောက်ထားတဲ့ ရာဇဂြိုဟ်သူဌေးရဲ့ကျောင်းဆောင်တွေဟာ သာမဏေကျော်ရဲ့ကုသိုလ်ဖြစ်တဲ့တဲကျောင်းတွေထက်တော့ ပိုကောင်းမယ် မထင်မိပါ။ ရာဇဂြိုဟ်သူဌေးရဲ့ ကျောင်းတွေကို အလှူခံကြတဲ့ သံဃာတော်တွေဟာ နေစရာ အဆောက်အဦးတွေ ကြီးကျယ်ကောင်းမွန်ရေးထက် သူတို့သန္တာန်က သီလ၊ သမာဓိ၊ ပညာအကျင့်တရားတွေ ကြီးကျယ်ကောင်းမွန်ရေးကို သာ အလေးဂရုပြုတော်မူကြပါတယ်။ ကြည်ညိုလေးစား အတုယူဖွယ် ကောင်းလှပါပေတယ်။

http://www.dhammadownload.com

# ကုဋေပေါင်းများစွာ လှူတဲ့ဝေလာမပုဏ္ဏား

ဦးခင်ဇော်တို့ လှူထားတဲ့ ကျောင်းအလှူများစွာဟာ ကုဋေပေါင်းများစွာကို စွန့်ပြီး ၇ နှစ် ၇ လကြာ လှူဒါန်းခဲ့တဲ့ ဘုရားလောင်း ဝေလာမပုဏ္ဏားကြီးရဲ့ အကြီးအကျယ် အလှူကြီးထက်လည်း ပိုပြီး အကျိုးကြီးပါတယ်။ သောတာပန် ၁၀၀၊ သကဒါဂါမ် ၁၀၀၊ အနာဂါမ် ၁၀၀၊ ရဟန္တာ ၁၀၀၊ ပစ္စေကဗုဒ္ဓါ ၁၀၀၊ ဘုရားရှင်တစ်ဆူ၊ ဘုရား အမှူးရှိတဲ့ ရဟန်းသံဃာ ဆိုတဲ့ အလှူခံပုဂ္ဂိုလ် ၇ မျိုးအား ဆက်ကပ် လှူဒါန်းရတဲ့ ဆွမ်းအလှူထက်လည်း ပိုပြီး အကျိုးကြီးပါတယ်။ သံဃာကို ရည်စူးပြီး လှူထားတဲ့ ကျောင်းက ဦးခင်ဇော်တို့ လှူထားတဲ့ တစ်ထပ်ကျောင်း၊ နှစ်ထပ်ကျောင်း၊ သုံးထပ်ကျောင်းကြီးတွေလောက် မကြီးကျယ်နိုင်တောင် အောက်ထစ်ဆုံးအားဖြင့် ၄ တောင်ကျယ်ဝန်းတဲ့ သစ်ရွက်မိုးကျောင်းပင် ဖြစ်နေပါစေ အဲဒီပြောပြခဲ့တဲ့ ဝေလာမရဲ့ အလှူကြီးနဲ့ ဆွမ်းအလှူ ၇ မျိုးထက် ပိုပြီး အကျိုးကြီးပါတယ်။

သံဃာတစ်ပါး နေလောက်ရုံ သစ်ရွက်မိုး ၄ ပင်တိုင်ကျောင်းကတောင် ဒီလောက် အကျိုးကြီးမားစေနိုင်တယ်ဆိုရင် သံဃာများစွာ နေနိုင်လောက်အောင် ဦးခင်ဇော်တို့ ဆောက်လုပ်လှူဒါန်းထားတဲ့ သုံးထပ်ကျောင်းတော်ကြီးတွေ၊ နှစ်ထပ်ကျောင်းတော်ကြီးတွေ၊ တစ်ထပ်ကျောင်း

http://www.dhammadownload.com



တော်ကြီးတွေက ပို့ပြီး အကျိုးကြီးမားစေနိုင်တယ်ဆိုတာ အထူး ပြောဖွယ်မလိုပါ။ ဝေလာမပုဏ္ဏားရဲ့အလှူကြီးအကြောင်း ရေးမပြမီ ဝေလာမပုဏ္ဏားအကြောင်းကို ရေးပြပါဦးမယ်။

ဘုရားလောင်း ဝေလာမပုဏ္ဏားဟာ ရှေးအခါက ဗာရာဏသီမြို့ ပုရောဟိတ်အိမ်မှာ ပဋိသန္ဓေ ယူတယ်။ ဝေလာမမင်းသားလို့ နာမည်မှည့်ကြတယ်။ ဝေလာမဟာ ၁၆ နှစ်အရွယ်မှာ ဗာရာဏသီမင်းသားနဲ့ အတူ အတတ်ပညာ သင်ယူဖို့ တက္ကသိလာပြည်ကို သွားခဲ့တယ်။ သူတို့နှစ်ယောက်လုံး ဒိသာပါမောက္ခဆရာကြီးထံ အတတ်ပညာ သင်ယူကြတယ်။ သူတို့နှစ်ယောက်လိုပဲ ဇမ္ဗူဒိပ်က အခြားမင်းသား ရှစ်သောင်းလေးထောင်လည်း အဲဒီဆရာကြီးထံ အတတ်ပညာသင်ယူကြတယ်။ ဘုရားလောင်းဝေလာမဟာ သူယူထားတဲ့နေရာမှာ လက်ထောက်ဆရာဖြစ်ပြီး မင်းသားရှစ်သောင်းလေးထောင်ကို သင်ပြပေးတယ်။ ဝေလာမကိုယ်တိုင်လည်း ၁၆ နှစ်ကြာ သင်ယူရမယ့် အတတ်ပညာကို ၃ နှစ်နဲ့ သင်ယူတယ်။ ဆရာကြီးက "ဝေလာမမင်းသားရဲ့အတတ်ပညာ ကျေပွန်ပြီ" လို့ သိပြီး "တပည့်တို့၊ ဝေလာမဟာ ငါသိထားတဲ့အတတ်ပညာအားလုံးကို သိတယ်။ သင်တို့အားလုံးပဲ ညီညီညွတ်ညွတ်သွားပြီး သူ့ထံ အတတ်ပညာသင်ယူကြပါ"လို့ပြောပြီး မင်းသားရှစ်သောင်းလေးထောင်ကို ဘုရားလောင်းဝေလာမထံ အပ်နှံလိုက်တယ်။

ဘုရားလောင်း ဝေလာမဟာ ဆရာကြီးကို ရှိခိုးပြီး မင်းသားရှစ်သောင်း လေးထောင် ခြံရံပြီး ထွက်ခွာခဲ့တယ်။ အနီးမြို့တစ်မြို့ကို ရောက်ပြီး မြို့ပိုင်ရှင်မင်းသားကို အတတ်ပညာ သင်ယူခိုင်းပြီး အဲဒီမင်းသား အတတ်ပညာမှာ ကျေပွန်သွားတဲ့အခါ အဲဒီမင်းသားကို အဲဒီမြို့မှာပဲ ထားခဲ့တယ်။ အဲဒီနည်းနဲ့ မြို့ပေါင်းရှစ်သောင်း လေးထောင်ကို သွားပြီး မင်းသားရှစ်သောင်းလေးထောင်ရဲ့ အတတ်ပညာကို ကျေပွန်အောင် လုပ်ခိုင်းတယ်။ သက်ဆိုင်ရာ သက်ဆိုင်ရာမြို့မှာ သက်ဆိုင်ရာ သက်

http://www.dhammadownload.com



ဆိုင်ရာ မင်းသားကို ထားခဲ့တယ်။ ဗာရာဏသီမင်းသားကိုခေါ်ပြီး ဗာရာဏသီမြို့ကို ပြန်လာတယ်။ လူတွေက အတတ်ပညာပြီးဆုံးသွားတဲ့ မင်းသားကို မင်းအဖြစ် အဘိသိက်သွန်းကြတယ်။ ဝေလာမအား ပုရောဟိတ်ရာထူးကို ပေးကြတယ်။ အဲဒီမင်းသားရှစ်သောင်း လေးထောင်ကလည်း ကိုယ့်နိုင်ငံ ကိုယ့်နိုင်ငံတွေမှာ မင်းအဖြစ် အဘိသိက်သွန်းခံရပြီး နှစ်စဉ် ဗာရာဏသီမင်းထံ အခစားလာကြတယ်။ အဲဒီမင်းတွေက ဗာရာဏသီမင်းကို ဖူးတွေ့ပြီး ဝေလာမထံ သွားကာ "ဆရာ၊ ကျွန်ုပ်တို့ဟာ မင်းအဖြစ်မှာ တည်ရှိနေကြပါပြီ။ အလိုရှိရာကို ပြောပါ" လို့ ပြောပြီး သွားကြတယ်။

သွားတဲ့၊ လာတဲ့အခါ လှည်း၊ ဂျုန်တောင်ချထားတဲ့ လှည်း၊ နွားမ၊ နွားထီး၊ ကြက်၊ ဝက် စတဲ့ သတ္တဝါတွေကို အဲဒီမင်းတွေက ယူကြလို့ ဇနပုဒ်ဟာ အလွန်အကဲပဲ အနှိပ်စက်ခံရတယ်။ လူအများဟာ စုဝေးပြီး မင်းရင်ပြင်မှာ အော်ဟစ်ကြတယ်။ ဗာရာဏသီမင်းက ဝေလာမကို ခေါ်ပြီး ပြောတယ်။

"ဆရာ၊ ဇနပုဒ်ဟာ အနှိပ်စက်ခံရပါတယ်။ မင်းတွေက သွားတဲ့၊ လာတဲ့အခါ အကြီးအကျယ် ဖျက်ဆီးကြပါတယ်။ လူတွေက သည်းမခံနိုင်ကြတော့ပါ။ ဇနပုဒ်နှိပ်စက်ခံရမှု ငြိမ်းအေးသွားစေမယ့် နည်းလမ်းကောင်းတစ်ခုကို ပြုလုပ်ပါ"

"မင်းကြီး၊ ကောင်းပါပြီ။ နည်းလမ်းကို ပြုလုပ်ပါမယ်။ သင်မင်းရဲ့ ဇနပုဒ်ထဲက အလိုရှိသလောက်ကို ပိုင်းပြီး ယူလိုက်ပါ"

မင်းက အဲဒီအတိုင်း လုပ်ပါတယ်။ ဝေလာမက ရှစ်သောင်းလေးထောင်သော မင်းတွေအတွက် ဇနပုဒ်တွေကို စီစဉ်ပြီး လှည်းဘီးချက်မရှိ အကန့်ဒေါက်ဆံတွေပမာ ဗာရာဏသီမင်းရဲ့ ဇနပုဒ်ထဲ ချပေးပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီမင်းတွေဟာ လာတဲ့အခါမှာရော သွားတဲ့အခါမှာပါ မိမိ မိမိတို့ရဲ့ ဇနပုဒ်နဲ့ပဲ လှည့်လည်ကြတယ်။ ငါတို့ရဲ့ ဇနပုဒ်

http://www.dhammadownload.com



ပဲလို့ လုယက်မှု မပြုလုပ်ကြတော့၊ ဟာရာဏာသီမင်းအပေါ် ရိုသေလို့ ဟာရာဏာသီမင်းရဲ့ ဇနပုဒ်ကို မနှိပ်စက်ကြတော့ ဇနပုဒ်တွေဟာ ငြိမ်သက်သွားကြတယ်။ အသံထွက်မလာကြတော့။ မင်းအားလုံးဟာ ပျော်ရွှင်ကျေနပ်ကြပြီး "ဆရာ၊ သင်အလိုရှိတာကို အကျွန်ုပ်တို့အား ပြောပါ" လို့ ဖိတ်မန်ကြပါတယ်။ ဝေလာမက ဦးခေါင်းလျှော်ပြီး သူ့နန်းတော်အတွင်းက ရတနာ ၇ ပါးနဲ့ ပြည့်နေတဲ့ တိုက်ခန်းတွေရဲ့ တံခါးတွေကို အဖွင့်ခိုင်းတယ်။ ဆွေမျိုး ၇ ဆက်မြောက်တိုင်အောင် သိမ်းထားတဲ့ ဥစ္စာကို ကြည့်တယ်။ အဝင်၊ အထွက်ကို မှတ်သားတယ်။ "ငါဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ချောက်ချားစေလျက် အလှူ လှူသင့်တယ်" လို့ တွေးပြီး ဟာရာဏာသီမင်းအား ပြောပြတယ်။ ဂင်္ဂါမြစ်ကမ်းအနီးမှာ ၁၂ ယူဇနာရှိတဲ့ ဖိုခနောက် အစဉ်အတန်းတွေကို ပြုလုပ်ခိုင်းတယ်။ ထိုထို နေရာမှာ ထောပတ်၊ ပျားရည်၊ တင်လဲ၊ ဆီ၊ နှမ်း၊ ဆန်စသည်တွေကို ထားဖို့ရာ ကျီတိုက်ကြီးတွေကို အတည်ခိုင်းတယ်။ တစ်နေရာ တစ်နေရာမှာ ဒီလောက် ဒီလောက် လူတွေက စီမံကြပါ။ လူတွေ ရထိုက်တာမှန်သမျှထဲက တစ်ခုလေးမရှိခဲ့ရင်တောင် ငါ့အား ပြောကြပါ"လို့ လူတွေကို စီမံတယ်။ "ဘယ်နေ့ကစပြီး ဝေလာမပုဏ္ဏားရဲ့ အလှူကို သုံးဆောင်ကြပါ" လို့ မြို့ထဲ စည်နဲ့ လှည့်ပြီး ကြေညာခိုင်းပါတယ်။ "အလှူမဏ္ဍပ် ပြီးစီးပါပြီ" လို့ အလှူပွဲမှာ ကြောင့်ကြစိုက်သူတွေက ပြောပြလာတဲ့အခါ တစ်ထောင်တန် ခါးဝတ်ကို ဝတ်ပြီး ငါးရာတန်အဝတ်ကို လက်ဝဲပခုံးပေါ် တင်ကာ အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်တယ်။ အလှူကို စူးစမ်းဖို့ရာ ဖလ်အဆင်းရှိတဲ့ရေနဲ့ ရွှေကရားကို ပြည့်စေပြီး အောက်ပါအတိုင်း သစ္စာဆိုကာ ရေကရားကို မှောက်ချလိုက်တယ်။

"ဒီလောကမှာ ဒီအလှူကို ခံယူဖို့ သင့်လျော်တဲ့ အလှူခံပုဂ္ဂိုလ်ကောင်းတွေရှိခဲ့ရင် ဒီရေကထွက်ပြီး မြေကြီးပေါ် ရောက်ပါစေသတည်း။ မရှိရင် တည်မြဲတိုင်းပဲ တည်ရှိပါစေသတည်း"

http://www.dhammadownload.com



ရေက ပေ့ါစစ်နဲ့ စုပ်ယူထားသလို ဖြစ်နေတယ်။ ဘုရားလောင်း ဝေလာမက "အမောင်တို့၊ ဇမ္ဗူဒိပ်ဟာ အချည်းနှီးပါပဲတကား။ အလှူကို ခံယူထိုက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်တောင်မှ မရှိလေစွ" လို့ နှလုံးမသာ မယာ မဖြစ်ဘဲ အောက်ပါအတိုင်း တွေးလိုက်ပါတယ်။

"ဒီအလှူဟာ အလှူရှင်ဘက်က စင်ကြယ်မယ်ဆိုရင် ရေဟာ ထွက်ပြီး မြေကြီးပေါ် ရောက်ပါစေ"

ဖလ်အဆင်းရှိတဲ့ ရေက ထွက်ပြီး မြေကြီးပေါ် ရောက်ပါတယ်။ "အခု ငါဟာ အလှူ လှူမယ်" လို့ တွေးပြီး ဝေလာမဟာ အလှူမဏ္ဍပ်ကို ရောက်ပြီး အလှူကို ကြည့်တယ်။ ယာဂုအချိန်တွင် ယာဂုကို၊ ခဲဖွယ် အချိန်မှာ ခဲဖွယ်ကို၊ စားဖွယ်အချိန်မှာ စားဖွယ်ကို အလှူခိုင်းပါတယ်။ ဒီနည်းအတိုင်းပဲ နေ့တိုင်းနေ့တိုင်း အလှူကို လှူပါတယ်။ အဲဒီအလှူဌာန မှာ "ဒါ ရှိတယ်။ ဒါ မရှိဘူး" လို့ ပြောစရာ မရှိပါ။ "အခု အဲဒီအလှူဟာ ဒီလောက်မျှနဲ့သာ ပြီးဆုံးခြင်းကို ရောက်မှာမဟုတ်"လို့ တွေးပြီး အနီ ရောင်ရွှေကိုထုတ်ဆောင်ခိုင်းကာ ရွှေခွက်တွေ အလုပ်ခိုင်းပါတယ်။ ရွှေ ခွက်ရှစ်သောင်း လေးထောင် စသည်တွေအတွက် ရှစ်သောင်း လေး ထောင်သော မင်းတွေထံ သတင်းစကား ပို့လွှတ်ပါတယ်။ မင်းတွေက "ငါတို့ကို ဆရာက ကြာမြင့်မှပဲ ချီးမြှောက်လေစွ" လို့ တွေးကာ အားလုံး ကို ပြီးအောင် ဆောင်ရွက်ပြီး ပို့ပေးလိုက်ကြပါတယ်။ အလှူကို လှူနေ တုန်းမှာပဲ ၇ နှစ်နဲ့ ၇ လကုန်လွန်သွားပါတယ်။ အဲဒီအခါ ဝေလာမက "ငွေကို ခွဲဝေပြီး အလှူလှူမယ်" လို့ ဆုံးဖြတ်ကာ ကြီးကျယ်တဲ့နေရာမှာ အလှူကို စီမံခိုင်းပါတယ်။ စီမံခိုင်းပြီး ရွှေခွက် ရှစ်သောင်း လေးထောင် ကစပြီး ကုဋေမှ စကာ လှူပါတယ်။ ဝေလာမပုဏ္ဏားအကြောင်း ရေးပြ ပြီးတော့ ဝေလာမရဲ့ အလှူကြီးအကြောင်းကို ရေးပြပါမယ်။

http://www.dhammadownload.com



## ဝေလာမရဲ့ အလှူကြီး

၁။ ငွေအပြည့်ပါတဲ့ ရွှေခွက် ၈၄၀၀၀ ။
၂။ ရွှေအပြည့်ပါတဲ့ ငွေခွက် ၈၄၀၀၀ ။
၃။ ရတနာ ၇ ပါး အပြည့်ပါတဲ့ခွက် ၈၄၀၀၀ ။
၄။ ဆင် ၈၄၀၀၀ ။ (အဲဒီဆင်တွေမှာ ရွှေအဆင်တန်ဆာ ရွှေတံခွန်တွေပါတယ်။ ရွှေကွန်ရက် လွှမ်းထားတယ်။)
၅။ ရထား ၈၄၀၀၀ ။ (ခြင်္သေ့၊ ကျား၊ ကျားသစ်တွေရဲ့ အရေ၊ ပဏ္ဍုကမ္ဗလာတွေနဲ့ ရစ်ပတ်ထားတယ်။ ရွှေအဆင်တန်ဆာ၊ ရွှေတံခွန်တွေပါတယ်။ ရွှေကွန်ရက် လွှမ်းထားတယ်။)
၆။ ဘွဲ့ဖြူ အဝတ်အနှောင်အဖွဲ့ပါပြီး နို့ခံငွေခွက်ပါတဲ့ နို့စားနွားမ ၈၄၀၀၀ ။
၇။ ပတ္တမြား နားဋောင်းဝတ်ဆင်ထားတဲ့ အမျိုးသမီးငယ် ၈၄၀၀၀။
၈။ ပလ္လင် ၈၄၀၀၀ ။ (အဲဒီပလ္လင်တွေမှာ လက်လေးသစ်ထက် အမွေးရှည်တဲ့ ကော်ဇော၊ သားမွေးကောဇောအဖြူ တစ်ခဲနက် ပန်းပါတဲ့ သားမွေးကော်ဇော၊ ကဒလိမည်တဲ့ သားကောင်ရဲ့ အရေနဲ့ ပြုလုပ်ထားတဲ့ ကော်ဇောအကောင်းစား၊ မျက်နှာကြက်၊ ခြေအုံး၊ ခေါင်းအုံးတွေပါတယ်။)
၉။ အဝတ်တွေ ကုဋေ ၈၄၀၀၀ ။ (ခေါမတိုင်းဖြစ် အဝတ်နု၊ ပိုးချည်အဝတ်နု၊ ကမ္ဗလာ အဝတ်နု၊ ဝါချည် အဝတ်နု။) [ဒီနေရာမှာ အဝတ် ၁၀ ထည်ကို ကုဋေတစ်ခုလို့ ဆိုထားပါတယ်။]
၁၀။ ထမင်း၊ အဖျော်၊ ခဲဖွယ်၊ စားဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်တွေကတော့ ပြောပြလို့မရနိုင်။ မြစ်တွေ စီးဆင်းနေသလိုပါပဲ။

အဲဒီဝေလာမ ပုဏ္ဏားဟာ ငါဘုရားပဲ။ အဲဒီအလှူကြီးမှာ ဘယ်သမဏ၊ ဗြာဟ္မဏ၊ နတ်၊ မာရ်နတ်ကမှ မစင်ကြယ်စေနိုင်။

(အံ၊ ပါဠိ၊ တ၊ ၁၉၅-၆)

http://www.dhammadownload.com



(အဲဒီအလှူကို စင်ကြယ်စေသူက အမြင့်ဆုံးအားဖြင့် ဘုရားရှင်ဖြစ်ပြီး အနိမ့်ဆုံးအားဖြင့် အရှင်သာရိပုတ္တရာနဲ့ တူတဲ့ တပည့်သာဝက ဖြစ်ပါတယ်။)

(၄၊ ၂၇၁)

ဝေလာမရဲ့ အလှူကြီးအကြောင်းပြီးတော့ အဲဒီအလှူကြီးထက် ပိုပိုပြီး အကျိုးကြီးကြီးသွားတဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း ဆက်ပြောပါမယ်။

## ပိုပိုပြီး အကျိုးကြီးတယ်

၁။ အဲဒီဝေလာမပုဏ္ဏားရဲ့ အလှူကြီးထက် သောတာပန်တစ်ဦးအား လှူရတဲ့ ဆွမ်းအလှူ။

၂။ သောတာပန် ၁၀၀ ထက် သကဒါဂါမ်တစ်ဦးအား၊

၃။ သကဒါဂါမ် ၁၀၀ ထက် အနာဂါမ်တစ်ဦးအား၊

၄။ အနာဂါမ် ၁၀၀ ထက် ရဟန္တာတစ်ဦးအား၊

၅။ ရဟန္တာ ၁၀၀ ထက် ပစ္စေကဗုဒ္ဓါတစ်ပါးအား၊

၆။ ပစ္စေကဗုဒ္ဓါ ၁၀၀ ထက် ဘုရားရှင်တစ်ဆူအား၊

၇။ ဘုရားရှင်တစ်ဆူထက် ဘုရားအမှူးရှိတဲ့ သံဃာအား လှူရတဲ့ ဆွမ်းအလှူ။

၈။ ဘုရားအမှူးရှိတဲ့ သံဃာအား ဆွမ်းအလှူထက် အရပ် ၄ မျက်နှာက သံဃာကို ရည်စူးပြီး လှူရတဲ့ ကျောင်းအလှူ။

၉။ အဲဒီကျောင်းအလှူထက် ရတနာသုံးပါး ကိုးကွယ်မှု။

၁၀။ သရဏဂုံသုံးပါးထက် ငါးပါးသီလ၊

၁၁။ ငါးပါးသီလထက် နို့သာတစ်ရှူအချိန်လောက် မေတ္တာပွားမှု၊

၁၂။ မေတ္တာဘာဝနာထက် အနိစ္စသညာကိုပွားမှု (ဝိပဿနာဘာဝနာ) က ပိုပြီး အကျိုးကြီးတယ်။

(အံ၊ ပါဠိ၊ တ၊ ၁၉၆)

http://www.dhammadownload.com



ဦးခင်ဇော်၊ အဲဒီဝေလာမပုဏ္ဏားရဲ့ အလှူကြီးမှာ မလှူထိုက်၊ မလှူကောင်းတဲ့ အလှူလို့ သတ်မှတ်ထားတဲ့ (၁) ဣတ္ထိဒါန = မည်သူမဆို အလိုရှိသူတွေသွားလာကြရန် ပြည့်တန်ဆာမတွေကို ငှားထားတဲ့အလှူ။ (၂) ဥသဘဒါန = နွားမတွေရှိရာသို့ နွားသိုးကို အလိုရှိသလို ပျော်ပါးရန် လွှတ်ပေးခြင်းအလှူ။ (၃) မဇ္ဇဒါန = သေရည်အရက်အလှူ။ (၄) သမဇ္ဇဒါန = ပွဲလမ်းသဘင်အလှူတွေကိုတောင် "ဝေလာမရဲ့အလှူပွဲမှာ ဒါတော့ မရှိဘူး" လို့ ပြောစရာစကားကို ဖြတ်တောက်ဖို့ အခြံအရံ အကျိုးငှာ လှူပါတယ်တဲ့။ အဲဒီအလှူမျိုးတွေကိုတော့ ဦးခင်ဇော်တို့ ရှောင်ရှားရပါမယ်။ ကျောင်းအလှူထက် ပိုပြီးအကျိုးကြီးမားစေတဲ့ ရတနာသုံးပါးကိုးကွယ်မှု၊ ငါးပါးသီလ စောင့်ထိန်းမှု၊ နံ့သာတစ်ရှူအချိန်လောက် မေတ္တာပွားမှုတွေကို ဦးခင်ဇော်တို့ ပြုလုပ်နိုင်ကြပါတယ်။ အကျိုးကြီးမားဆုံးဖြစ်တဲ့ ဝိပဿနာတရားအားထုတ်မှုကိုလည်း မဝေးတော့တဲ့ ကာလမှာ အားထုတ်နိုင်အောင် ကြိုးစားကြရပါဦးမယ်။

ဦးခင်ဇော်တို့ အကြိမ်များစွာ လှူဖူးတဲ့ အစားအစာ၊ အဝတ်၊ ယာဉ်၊ ဆီမီး၊ ကျောင်းအလှူတွေနဲ့ စပ်ပြီး ဘုရားရှင်က နတ်သားအား ဖြေကြားခဲ့တဲ့ တရားကို ဖတ်ရှုကြည့်ပါဦး။ ဝမ်းသာဖွယ် ကောင်းပါတယ်။

## အလှူရှင်

တစ်ချိန်မှာ ဘုရားရှင်က သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါမှာ နတ်သားတစ်ဦးက ညအခါ သန်းခေါင်ယံအချိန်မှာ (ည ၁၀ နာရီမှ ၂ နာရီ အထိ အချိန်မှာ) ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ ဇေတဝန်တစ်ကျောင်းတိုက်လုံးကို ထွန်းလင်းစေကာ ဘုရားရှင်ရှိရာကိုသွားပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်လျောက်ပတ်တဲ့ တစ်နေရာမှာ ရပ်တည်ကာ ဘုရားရှင်ကို မေးလို့ ဘုရားရှင်က ဖြေပေးတော်မူပါတယ်။

http://www.dhammadownload.com



နတ်သား (က) ဘာကိုလှူရင် အင်အားကို လှူရာ ရောက်ပါသလဲ။
(ခ) ဘာကို လှူရင် ရုပ်ရည်အဆင်း လှပတင့်တယ်မှုကို လှူရာ ရောက်ပါသလဲ။
(ဂ) ဘာကိုလှူရင် ချမ်းသာကို လှူရာ ရောက်ပါသလဲ။
(ဃ) ဘာကိုလှူရင် မျက်စိအလင်းကို လှူရာ ရောက်ပါသလဲ။
(င) ဘာကိုလှူရင် ရှေ့ကအရာအားလုံးကို လှူရာ ရောက်ပါသလဲ။

ဘုရားရှင် (က) အစားအစာ။
(ခ) အဝတ်အစား။
(ဂ) ယာဉ် (ကား၊ ရထား၊ လှေ၊ သင်္ဘော၊ လေယာဉ်၊ ဆင်ယာဉ်၊ မြင်းယာဉ်၊ ထီး၊ ဖိနပ်၊ တောင်ဝှေး၊ ခုတင်၊ ထိုင်ခုံ၊ တံတား၊ လှေကား စသည်။)
(ဃ) ဆီမီး။
(င) ကျောင်းအလှူ။

ဗုဒ္ဓတရားတော်ကို သင်ပြပေးသူဟာ အသေကင်းတဲ့နိဗ္ဗာန်ကို ပေးသူပဲ။ (သံယုတ်၊ ပါဠိ၊ ပ၊ ၂၉)

## အစာနဲ့အင်အား

အလွန်အားရှိသူဖြစ်ပေမယ့်လည်း ထမင်း ၂ ထပ်၊ ၃ ထပ် မစားလိုက်ရရင် ထဖို့ရာ မစွမ်းနိုင်တော့။ စားပြီးရင်တော့ အားမရှိသူတောင် အားနဲ့ ပြည့်စုံလာတယ်။ ဒါကြောင့် "စားဖွယ်ကို လှူသူဟာ အားကို လှူတယ်" လို့ ဆိုရပါတယ်။

ဦးခင်ဇော်ဟာ စားဖွယ်၊ သောက်ဖွယ်တွေကို သံဃာတော်အရှင်မြတ်တွေအားလည်း အကြိမ်များစွာ လှူခဲ့ဖူးတယ်။ နောင်လည်း လှူဦး

http://www.dhammadownload.com



မယ်။ ညည့်ပရိသတ် စတဲ့ ပုဂ္ဂိုလ်တွေအားလည်း အကြိမ်များစွာ ကျွေးမွေး ဧည့်ခံဖူးတယ်။ အဲဒီပုဂ္ဂိုလ်အားလုံးအား အင်အားအလှူပေါင်းများစွာ လှူခဲ့ဖူးတာပဲ။ နောင်လှူရင်လည်း အင်အားတွေ လှူရာ ရောက်နေပါ မယ်။ အင်အားကို လှူလိုက်တော့ အင်အားကို ယူပြီးသားလည်း ဖြစ် သွားပါတယ်။ ရောက်လေရာရာ ဘ၀တွေမှာ အင်အားနဲ့ ပြည့်စုံသွားပါ မယ်။

## အ၀တ်နဲ့ ရုပ်ရည်အဆင်း

ရုပ်လှသူပေမယ့် မကောင်းတဲ့ အ၀တ်ကို ၀တ်ထားရင် သို့မဟုတ် အ၀တ်လုံး၀မ၀တ်ရင် ရုပ်ဆိုးသွားတယ်။ ကဲ့ရဲ့စရာဖြစ်တယ်။ အကြည့် ရဆိုးသွားတယ်။ အ၀တ် ၀တ်လိုက်ရင်တော့ နတ်သားလေးလို တင့် တယ်သွားတယ်။ ဒါကြောင့် 'အ၀တ်လှူသူဟာ ရုပ်ရည်အဆင်းလှပမှု ကို လှူတယ်' လို့ ဆိုရပါတယ်။

## ယာဉ်နဲ့ ချမ်းသာ

ဆင်ယာဉ်၊ မြင်းယာဉ်က ရဟန်းအား မအပ်စပ်၊ ရထားနဲ့ သွားဖို့ မအပ်စပ်။ သီလအစုကို စောင့်ရှောက်တဲ့ ရဟန်းအား ဖိနပ်ယာဉ်ဟာ အပ်ပါတယ်။ ဒါကြောင့် ထီး၊ ဖိနပ်၊ တောင်ဝှေး၊ ညောင်စောင်း၊ အင်ပျဉ် တွေကို လှူသူ၊ လမ်းကို ရှင်းလင်းသူ၊ လှေကားပြုလုပ်သူ၊ တံတား ဆောက်လုပ်သူ၊ လှေစီးစဉ်သူတွေအားလုံးဟာ ယာဉ်လှူသူတွေပါပဲ။ ယာဉ်က ချမ်းသာကို ဆောင်ရွက်ပေးလို့ ချမ်းသာကို လှူသူမည်ပါတယ်။

## ဆီမီးနဲ့ မျက်စိ

အမှောင်ထဲမှာ မျက်စိအလင်းရှိသူတွေတောင်မှ အဆင်းကို မမြင် လို့ ဆီမီးကို လှူသူဟာ မျက်စိအလင်းကို လှူသည်မည်ပါတယ်။

မျက်စိနဲ့ ပြုလုပ်ရမယ့်ကိစ္စမှာ ဆီမီးက အတူပြုလုပ်မှုရဲ့အကြောင်း ဖြစ်လို့ မျက်စိအလင်းကို လှူသည်မည်ပါတယ်။

http://www.dhammadownload.com



ဦးခင်ဇော်တို့ဟာ အဝတ်အလှူ သင်္ကန်းအလှူ ယာဉ်အလှူ ဆီမီးအလှူတွေကိုလည်း အကြိမ်များစွာ လှူခဲ့ဖူးတာပါပဲ။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ လျှပ်စစ်မီး မရသေးလို့ မီးစက်သာမက ရေစက်ကိုပါ လှူခဲ့တယ် မဟုတ်လား။ ဖူးကြီးရေပိုက်လိုင်းကရေရဖို့ ပေ ၃ ထောင်ရှိ ရေပိုက်အလှူအတွက် သိန်း (၄၀) ကိုလည်း လှူခဲ့တယ် မဟုတ်လား။ မီးချောင်း၊ မီးသီး၊ မီးကြိုးစတဲ့ လိုအပ်တာတွေကိုလည်း လှူခဲ့တာပဲ။ အဝတ်၊ သင်္ကန်းတွေကို ဦးခင်ဇော်တို့ လှူခဲ့ဖူးလို့ ရုပ်ရည်အဆင်းလှပတင့်တယ်မှုတွေကို လှူခဲ့ဖူးလှပြီ။ ယာဉ်အလှူတွေကိုလည်း လှူခဲ့ဖူးလို့ ချမ်းသာကိုလည်း လှူခဲ့ဖူးလှပြီ။ ဆီမီး၊ လျှပ်စစ်မီးအလှူတွေကိုလည်း လှူခဲ့ဖူးလို့ မျက်စိအလင်းတွေကိုလည်း လှူခဲ့ဖူးလှပြီ။ အလှလှူတော့ အလှပြန်ရတယ်။ ချမ်းသာလှူတော့ ချမ်းသာပြန်ရတယ်။ မျက်စိအလင်းလှူတော့ မျက်စိအလင်း ပြန်ရတယ်။ သတ္တဝါတွေမှာ အကြောင်းကံနဲ့တူတဲ့ အကျိုးကို များသောအားဖြင့် ရတတ်ကြတာဟာ ထုံးစံဓမ္မတာပါပဲ။

## ကျောင်းနဲ့ ၄ မျိုးလုံး

ဆွမ်းခံရွာ ၂ ရွာ၊ ၃ ရွာမှာ ဆွမ်းခံလှည့်လည်ပြီး ဘာကိုမှ မရဘဲ ပြန်လာပေမယ့် အေးမြတဲ့ ရေကန်မှာ ရေချိုးကာ ကျောင်းထဲဝင်ပြီး တစ်ခဏ ခုတင်ပေါ် လဲလျောင်းရာကထပြီး ထိုင်သူရဲ့ခန္ဓာကိုယ်မှာ အင်အားကို ဆောင်ယူပြီး ထည့်လိုက်သလို ဖြစ်သွားတယ်။

ကျောင်းနေရာကို မရဘဲ ကျောင်းပြင်ဘက်က ဟင်းလင်းပြင်မှာ လှည့်လည်သူရဲ့ခန္ဓာကိုယ်မှာ အဆင်းကို လေ၊ နေပူတွေက လောင်မြိုက်တယ်။ ကျောင်းတွင်းကို ဝင်ပြီး တံခါးကိုပိတ်ကာ တစ်ခဏ လဲလျောင်းနေသူမှာ အအေး၊ အပူစတဲ့ ဆန့်ကျင်ဘက်ကြောင့် ဖောက်ပြန်တဲ့ ရုပ်အစဉ်ငြိမ်းအေးတယ်။ သဘောတူရုပ်အစဉ်သက်ရောက်တယ်။ အဆင်းကို ဆောင်ယူပြီး ထည့်ပေးလိုက်သလို ဖြစ်သွားတယ်။

http://www.dhammadownload.com



ကျောင်းပြင်ဘက်မှာ လှည့်လည်သူရဲ့ ခြေထောက်တွေကို ဆူးက စူးတယ်၊ ငုတ်က တိုက်တယ်၊ မြွေစတဲ့ ဘေးရန်ရော၊ သူခိုးဘေးပါ ဖြစ်တယ်။ ကျောင်းတွင်းကိုဝင်ပြီး တံခါးပိတ်ကာ လဲလျောင်းနေသူမှာ အဲဒီဘေးရန်အားလုံး မရှိတော့။ တရားကို ရွတ်အံသူမှာ တရားကို ဆင်ခြင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ပီတိဖြစ်လာတယ်။ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသူမှာ ကိလေသာငြိမ်းချမ်းသာ ဖြစ်ပေါ်လာတယ်။

ကျောင်းပြင်ဘက်လှည့်လည်နေသူမှာ ချွေးတွေယိုစီးတယ်၊ မျက်စိတွေ တုန်လှုပ်ဝေဝါးတယ်၊ ကျောင်းထဲ ဝင်ရတဲ့ခဏမှာ တွင်းထဲသက်ဆင်းလိုက်သလို ဖြစ်သွားပါတယ်။ ခုတင်၊ ထိုင်ခုံ စတာတွေက မထင်ရှားကြတော့။ တစ်ခဏထိုင်ပြီးသူမှာတော့ မျက်စိကြည်လင်မှုကို ဆောင်ယူပြီး ထည့်လိုက်သလို ဖြစ်သွားတယ်။ တံခါးပေါက်၊ လေသာပြတင်း၊ ခုတင်၊ ထိုင်ခုံ စတာတွေဟာ ထင်ရှားလာကြတယ်။ ဒါကြောင့် 'ကျောင်းလှူသူဟာ အရာအားလုံးကို လှူသူ ဖြစ်တယ်' လို့ ဆိုရပါတယ်။

(သံ၊ ဋ္ဌ၊ ပ၊ ၇၈)

ဦးခင်ဇော်တို့ စွန်ညီနောင်- စွန်မင်းမိသားစုက ကျောင်းတွေ များစွာ ဆောက်လုပ်လှူဒါန်းထားတာမို့ အဲဒီကျောင်းဆောင်တွေအပေါ် သီတင်းသုံးတော်မူကြတဲ့ သံဃာတော်များစွာအား အင်အားအလှူကိုလည်း လှူလိုက်ကြပါတယ်၊ ရုပ်ရည်အဆင်း လှပတင့်တယ်မှု အလှူကိုလည်း လှူလိုက်ကြပါတယ်။ ချမ်းသာအလှူကိုလည်း လှူလိုက်ကြပါတယ်။ မျက်စိအလင်းအလှူကိုလည်း လှူလိုက်ကြပါတယ်။ ကျောင်းအလှူတစ်မျိုးတည်း လှူလိုက်တာနဲ့ အကျိုးက ၄ မျိုးတောင် ရသွားပါတယ်။ အလှူခံပုဂ္ဂိုလ်တွေမှာ အဲဒီအကျိုး ၄ မျိုး ရသွားသလို လှူတဲ့ပုဂ္ဂိုလ် ကျောင်းဒကာ၊ ဒကာမတွေမှာလည်း အလားတူပဲ အကျိုး ၄ မျိုးကို ရကြပါတယ်။ နတ်သားက မေးလို့ ဘုရားရှင်က ဖြေလိုက်တဲ့အတွက် ကျောင်းဒကာ၊ ကျောင်းဒကာမတွေမှာ ကျောင်းအလှူနဲ့ ပတ်သက်တဲ့

http://www.dhammadownload.com



ဝမ်းသာစရာ၊ အားရ ကျေနပ်စရာ အကြောင်းအရာတွေကို သိရပါတယ်။ နတ်သားကိုရော၊ ဘုရားရှင်ကိုပါ ကျေးဇူးတင်ရမှာပါပဲ။

## အမြဲတမ်း

နတ်သား ။ ။ နေ့ရောညပါ အမြဲတမ်း ကောင်းမှုတိုးပွားနေသူတွေက ဘယ်သူတွေပါလဲ။ ကုသိုလ်တရားမှာ တည်ပြီး သီလနဲ့ ပြည့်စုံကာ နတ်ပြည်ရောက်မယ့်သူတွေက ဘယ်သူတွေပါလဲ။

ဘုရား ။ (၁) ပန်းအာရာမ်၊ သစ်သီးအာရာမ်ကို စိုက်ပျိုးပြီးလှူသူ။

(၂) အလိုလို (မစိုက်ပျိုးရဘဲ) ပေါက်တဲ့တောမှာ အပိုင်းအခြားကိုကာရံပြီး စေတီ၊ဗောဓိစကြံ၊မဏ္ဍပ်၊ ကျောင်းဆောင်၊ လိုဏ်ဂူ၊ ညဉ့်နေရာ၊ နေ့နေရာတွေကို ပြုလုပ်သူ၊ အရိပ်ရ သစ်ပင်တွေကို စိုက်ပျိုးပြီးလှူသူ။

(၃) တံတားခင်းသူ၊ လှေစီးစဉ်သူ။

(၄) သောက်ရေအိုးစင်လှူသူ။

(၅) ရေတွင်းရေကန် စသည်ကိုလှူသူ။

(၆) ကျောင်းအဆောက်အဦးလှူသူ။

(သံယုတ်၊ ပါဠိ၊ ပ၊ ၃၀)

အကုသိုလ်အကြံ ကြံနေတုန်းနဲ့ အိပ်ပျော်နေတုန်းမှာ ကောင်းမှုမတိုးပွားပါ။ အဲဒီကောင်းမှုတွေကို ပြန်တွေးတဲ့အခါတိုင်း တိုးပွားနေပါတယ်။

(သံယုတ်၊ ဋ၊ ပ၊ ၈၃)

ပြုလုပ်ထားတဲ့ ကောင်းမှုဟာ သူ့အလိုလိုတော့ တိုးပွားလာတာ မဟုတ်ပါ။ ကိုယ်တိုင်ပြုလုပ်ထားတဲ့ အဖန်ဖန် အောက်မေ့သူမှာ အဲဒီကောင်းမှုကို အကြောင်းပြုပြီး ကောင်းမှုဟာ များစွာ တိုးပွားပါတယ်။

(သံယုတ်၊ ဋီ၊ ပ၊ ၁၂၄)

http://www.dhammadownload.com



ထာဝရ မတည်ရှိတဲ့ ဝတ္ထုပစ္စည်းတွေကို လှူဒါန်းတာက နောင်အခါမှာ စဉ်းစားဖို့ရာ သိပ်ပြီးတော့ အားမရှိပါ။ အားရဖွယ်မဖြစ်ပါ။ ဥပမာ - ဆွမ်းပဲ ဆိုပါစို့။ ဆွမ်းကျွေးတဲ့နေ့လောက်ပဲ ဆွမ်းအာနိသင်က ထင်ရှားပါတယ်။ နောက်ရက်တွေမှာတော့ နောက်လှူတဲ့ ဆွမ်းကို မှီနေပါတယ်။ ဒါကြောင့် အရင်ရက်တွေမှာ လှူခဲ့တဲ့ဆွမ်းကို သိပ်ပြီး အားရခြင်း၊ တက်ကြွခြင်းမဖြစ်ပါ။ အဆောက်အဦး လှူဒါန်းထားရင် အဆောက်အဦးက အမြဲတမ်း ရှိနေပါတယ်။ အဆောက်အဦးကလည်း ရှိ၊ အဲဒီ အဆောက်အဦးမှာ နေတဲ့ပုဂ္ဂိုလ်တွေကလည်း ရှိနေလို့ စဉ်းစားလိုက်တိုင်း စဉ်းစားလိုက်တိုင်း အင်မတန် ဝမ်းသာစရာ၊ အားရစရာ ဖြစ်နေပါတယ်။

ဦးခင်ဇော်က သာမဏေကျော်ကို ပြောခဲ့တဲ့ စကားလေး မှတ်မိသေးလား။ "ကျောင်းလှူရတဲ့ ပုဂ္ဂိုလ်တောင် ဒီလောက်ဝမ်းသာနေတာ။ ကျောင်းအလှူခံရတဲ့ သာမဏေကျော်မှာတော့ ဘယ်လောက်ဝမ်းသာနေလေမလဲ"

ဦးခင်ဇော်မှာ ကိုယ် ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတွေကို အခါခါ တွေးကာ ဝမ်းသာမှု၊ ပျော်ရွှင်မှု၊ ကျေနပ်မှု၊ ကြည်နူးမှု၊ အားရမှုတွေ အတိုင်းအတာမရှိ၊ ဖြစ်ပွားခဲ့တာ၊ ဖြစ်ပွားနေတာ၊ ဖြစ်ပွားဦးမှာ သေချာပါတယ်။

http://www.dhammadownload.com

# ကျောင်းဒကာ အနာထပိဏ်

ဦးခင်ဇော်ကလည်း ကျောင်းဒကာ၊ အနာထပိဏ်ကလည်း ကျောင်းဒကာ အဖြစ်ချင်း တူနေကြပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်က ကျောင်းဒကာ အနာထပိဏ်အကြောင်းကို သိထားသင့်ပါတယ်။ အနာထပိဏ်သူဌေးရဲ့ ငယ်နာမည်က သုဒတ္တ ဖြစ်ပါတယ်။ ဒါပေမဲ့ သုဒတ္တလို့ လူသိမများပါ။ အနာထပိဏ် သူဌေးလို့ပဲ လူသိများပါတယ်။ ဦးခင်ဇော်ကို မုတ္တမက မကြည်ကြည်ဝင်းမိသားစုက "ကိုပု၊ မောင်ပု" လို့ပဲ အခေါ် များကြတာကို ကြားသိရပါတယ်။ ဦးခင်ဇော်ကို မတွေ့ဖူးခင် နှစ်ပေါင်းများစွာတည်းကပဲ မကြည်ကြည်ဝင်းတို့ မိသားစုထံက "ကိုပု၊ မောင်ပု" ဆိုတဲ့ အသံက သာမဏေကျော် နားထဲမှာ အကြိမ်များစွာ ရောက်လာပါတယ်။ ဒါကြောင့် သာမဏေကျော်နှုတ်မှာ "ဦးခင်ဇော်" ဆိုတဲ့ နာမည်ထက် "ကိုပု" ဆိုတဲ့ နာမည်ကပဲ အလွယ်တကူ ရောက်နေပါတယ်။ "သုဒတ္တ" ဆိုတဲ့ နာမည်လို ဦးခင်ဇော်ရဲ့ငယ်နာမည် ဖြစ်ချင်ဖြစ်မှာပေါ့။ ငယ်ရွယ်စဉ်က ချစ်စနိုးအနေနဲ့ ခေါ် ဝေါ် တဲ့နာမည်လည်း ဖြစ်ချင်ဖြစ်ပါမယ်။ သုဒတ္တကို အနာထပိဏ်လို့ခေါ် ရတာက ကိုးကွယ်ရာမဲ့သူတွေအား ထမင်းအစားအစာကိုပေးတတ်လို့ ဖြစ်ပါတယ်။ (အနာထ = ကိုးကွယ်ရာမဲ့သူတွေအား + ပိဏ္ဍိက = ထမင်းအစားအစာ ပေးတတ်တဲ့ သူဌေး)

http://www.dhammadownload.com



အနာထပိဏ်ရဲ့ ဇနီးက ပုညလက္ခဏာဒေဝီ ဖြစ်တယ်။ သားက ကာလ၊ သမီး ၃ ယောက်က မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီတို့ ဖြစ်ကြပါတယ်။ ဇေတဝန်ကျောင်းတော်ကြီးကို အနာထပိဏ်မိသားစုက လှူတာဖြစ်ပါတယ်။ ဒါပေမဲ့ ကျောင်းဒကာအဖြစ်နဲ့ အနာထပိဏ်ကိုပဲ အသိများကြပါတယ်။ ဇနီး၊ သား၊ သမီးတွေကို ကျောင်းဒကာ၊ ဒကာမအဖြစ်နဲ့ အသိနည်းပါးပါတယ်။ ဦးခင်ဇော်တို့ စွန်ညီနောင်-စွန်မင်းမိသားစုက ကျောင်းတွေကို ဆောက်လုပ်လှူဒါန်းကြတာ ဖြစ်ပေမယ့် ဦးခင်ဇော်ကိုပဲ အသိများကြပါတယ်။ အနာထပိဏ်လိုပဲ ဖြစ်နေပါတယ်။

အနာထပိဏ်က ပဒုမုတ္တရဘုရားလက်ထက် ဟံသာဝတီမြို့က အမျိုးကောင်း အိမ်မှာ ဖြစ်ခဲ့ပါတယ်။ ပဒုမုတ္တရဘုရားရှင်ရဲ့ တရားကို နာယူရင်း ဘုရားရှင်က ဥပါသကာတစ်ဦးကို လှူတဲ့ အမျိုးသားတွေထဲမှာ အသာဆုံးအရာမှာ ထားတာကို မြင်သွားတယ်။ ကောင်းမှုပြုပြီး အဲဒီရာထူးကို ဆုတောင်းခဲ့တယ်။ သူဟာ ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်လူဘဝတွေမှာ ကျင်လည်ခဲ့တယ်။ ဒီဂေါတမဘုရား ပွင့်တော်မူတဲ့အခါ သာဝတ္ထိမြို့က သုမနသူဌေးရဲ့အိမ်မှာ ဖြစ်တယ်။ သုဒတ္တလို့ နာမည်မှည့်ကြတယ်။ သူဟာ နောင်အခါမှာ အိမ်ထောင်ကျတယ်။ သူဟာ ပေးလှူတတ်တယ်။ ဒါနရဲ့ အရှင်သခင် (အကောင်းစားကို လှူတတ်သူ) ဖြစ်တယ်။ အဲဒီဂုဏ်ကြောင့်ပဲ နာမည်ပျံ့သင်းတဲ့ အနာထပိဏ် မည်တယ်။ သူဟာ လှည်းအစီး ၅၀၀ နဲ့ ပစ္စည်းကို ယူတယ်။

ရာဇဂြိုဟ်မြို့က ချစ်သူငယ်ချင်း သူဌေးအိမ်ကို သွားတယ်။ အဲဒီရာဇဂြိုဟ်သူဌေးအိမ်မှာ ဘုရားရှင် ပွင့်ကြောင်း ကြားရတယ်။ လင်းခါနီးမှာ နတ်တန်ခိုးကြောင့် ပွင့်နေတဲ့ တံခါးနဲ့ ဘုရားရှင်ထံ ချဉ်းကပ်တယ်။ တရားနာပြီး သောတာပန် ဖြစ်တယ်။ ဒုတိယနေ့မှာလည်း ဘုရား အမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီးလှူတယ်။ သာဝတ္ထိမြို့ကို ကြွလာဖို့

http://www.dhammadownload.com



ဘုရားရှင်ရဲ့ ဝန်ခံချက်ကို ယူတယ်။ လမ်းခရီးအကြားမှာ ၄၅ ယူဇနာ ခရီးဝယ် တစ်ယူဇနာ၊ တစ်ယူဇနာမှာ အသပြာတစ်သိန်း၊ တစ်သိန်းစီ ပေးပြီး ကျောင်းတွေကို ဆောက်လုပ်ခိုင်းတယ်။ ဇေတမင်းသားရဲ့ ဥယျာဉ်မြေကို ရွှေဒင်္ဂါး အသပြာချင်းအစွန်းချင်း ထိအောင် ခင်းပြီး ၁၈ ကုဋေနဲ့ ဝယ်ယူတယ်။ ၁၈ ကုဋေနဲ့ ကျောင်းဆောက်လုပ်တယ်။ ကျောင်း ပြီးစီးသွားတဲ့အခါ ပရိသတ် ၄ ပါး (ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါ သိကာ) အား နံနက်ရော နေ့ပါ အလိုရှိရာ အလှူကို လှူကာ ၁၈ ကုဋေနဲ့ ကျောင်းရေစက်ချပွဲကို ပြီးစီးသွားစေပါတယ်။ ကျောင်းရေစက်ချပွဲဟာ ၉ လနဲ့ ပြီးသွားတယ်။ တချို့က ၅ လနဲ့ ပြီးသွားတယ် လို့ ဆိုကြပါတယ်။ ၃ လမှာတော့ ဆရာအားလုံးမှာ အငြင်းအခုံ မရှိပါ။

အဲဒီလို ၅၄ ကုဋေသော ဥစ္စာကို စွန့်လွှတ်ပြီး အမြဲတမ်း အိမ်မှာ ဒီလို အလှူလှူတယ်။ နေ့တိုင်း စာရေးတံ ဆွမ်း ၅၀၀၊ စာရေးတံမဲ ကျတဲ့ ရဟန်းငါးရာအား လှူတဲ့ဆွမ်း၊ လဆန်းမှာ တစ်ကြိမ်၊ လဆုတ်မှာ တစ်ကြိမ် အထူးဝတ်ထားပြီး သံဃာ ၅၀၀ အား လှူတဲ့ဆွမ်း၊ နေ့တိုင်း စာရေးတံ၊ ယာဂု ၅၀၀၊ လဆန်းမှာ တစ်ကြိမ်၊ လဆုတ်မှာ တစ်ကြိမ် အထူးဝတ်ထား ပြီး သံဃာ ၅၀၀ အား လှူတဲ့ယာဂု၊ ပုဂ္ဂိုလ်အား အမြဲလှူ တဲ့ ဆွမ်း ၅၀၀၊ ဧည့်သည်သံဃာအတွက် ဆွမ်း ၅၀၀၊ ခရီးသွားမယ့် သံဃာ အတွက် ဆွမ်း ၅၀၀၊ မကျန်းမာတဲ့သံဃာအတွက် ဆွမ်း ၅၀၀ ၊ မကျန်းမာသူကို ပြုစုတဲ့ သံဃာအတွက် ဆွမ်း ၅၀၀၊ နေရာ ၅၀၀ ကို အိမ်မှာ အမြဲပဲ ခင်းထားတယ်။

အနာထပိဏ်ကို နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်း မှာ ထိုင်ကာ ဥပါသကာတွေကို အစဉ်အတိုင်း ရာထူးတွေမှာ ထားတဲ့ အခါ အလှူလှူတဲ့ အမျိုးသားတွေထဲမှာ အသာဆုံးနေရာမှာ ထားတော် မူပါတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၂၉၅)

http://www.dhammadownload.com



ဘုရားရှင်က ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးအား ကျောင်းအလှူ အကျိုးတရား ဟောကြားသလို အနာထပိဏ်သူဌေးအားလည်း ဟောကြားပါတယ်။

(စူဠဝါ၊ ၃၁၄)

အနာထပိဏ်သူဌေးဟာ သူ့ခြေထောက်တွေကို သယ်ဆောင်နိုင်သမျှ ကာလပတ်လုံး တစ်နေ့မှာ တစ်ကြိမ်၊ သို့မဟုတ် ၂ ကြိမ်၊ သို့မဟုတ် ၃ ကြိမ် ဘုရားရှင်ထံ အမြဲမပြတ် ဆည်းကပ်တယ်။ မဟာထေရ်တွေထံလည်း အဲဒီလောက်ပဲ ဆည်းကပ်ပါတယ်။

အနာထပိဏ်သူဌေးဟာ ဒါနမှာ သက်ဝင်တယ်။ ဒါနမှာ ပျော်တယ်။ ဘုရားရှင်ထံ သွားတဲ့အခါ လက်ဗလာ မသွားဖူးပါ။ မွန်းမလွဲခင် နံနက်ပိုင်း သွားရင် ယာဂု၊ ခဲဖွယ်စသည်တွေကို ယူခိုင်းပြီး သွားပါတယ်။ မွန်းလွဲပိုင်းမှာ ထောပတ်၊ ပျားရည်၊ တင်လဲ စသည်တွေကို ယူခိုင်းပြီး သွားပါတယ်။ အဲဒီလှူဖွယ်တွေ မရှိရင် သဲကို အယူခိုင်းပြီး ဂန္ဓကုဋိကျောင်းတော် ပရိဝုဏ်အတွင်းမှာ ဖြန့်ကျဲခိုင်းပါတယ်။ အလှူ လှူပြီး သီလကို စောင့်ကာ အိမ်ကို သွားပါတယ်။ အဲဒီအနာထပိဏ်သူဌေးဟာ ဘုရားလောင်းအလား ရှိပါသတဲ့။ ဒါကြောင့် ဘုရားရှင်က ၂၄ နှစ်ပတ်လုံး အနာထပိဏ်သူဌေးအား များသောအားဖြင့် ဒါနနဲ့စပ်တဲ့ တရားစကားကိုသာ ဒီလို ဟောပါတယ်။

"အနာထပိဏ်၊ ဒီဒါနဆိုတာ ဘုရားလောင်းတွေရဲ့ သွားရာလမ်းပဲ၊ ငါဘုရားရဲ့ သွားရာလမ်းလည်း ဟုတ်တယ်။ ငါဘုရားဟာ ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး အလှူကို လှူခဲ့တယ်။ သင်ဟာ ငါသွားခဲ့တဲ့လမ်းကိုပဲ နောက်က လိုက်ပေတယ်"

အရှင်သာရိပုတ္တရာစတဲ့ သာဝက(တပည့်)ကြီးတွေကလည်း သူတို့ထံ လာတဲ့အခါ ဒါနနဲ့စပ်တဲ့ တရားစကားကိုသာ အနာထပိဏ်သူဌေးအား ဟောကြားကြပါတယ်။ (ဥပရိပဏ်၊ ၄၊ ၂၃၀)

http://www.dhammadownload.com



အနာထပိဏ်သူဌေး ကွယ်လွန်ခါနီးမှာ အရှင်သာရိပုတ္တရာနဲ့ အရှင် အာနန္ဒာတို့သွားပြီး အနာထပိဏ်သူဌေးအား အတွင်းအာယတန ၆ ပါး၊ အပြင်အာယတန ၆ ပါး၊ ဝိညာဏ် ၆ ပါး၊ ဖဿ ၆ ပါး၊ ဝေဒနာ ၆ ပါး၊ ဓာတ် ၆ ပါး၊ ခန္ဓာ ၅ ပါး၊ အရူပစျာန် ၄ ပါး၊ ဒီပစ္စုပ္ပန်လောက၊ တမလွန်လောကတွေကို သူ့ဝါရနဲ့ သူ အသေးစိတ်ဟောပြပါတယ်။ မြင်အပ်၊ ကြားအပ်၊ ရောက်အပ်၊ သိအပ်တဲ့ တရားတွေရဲ့ အစွမ်းနဲ့ အရဟတ္တဖိုလ်ကို ထည့်ကာထည့်ကာ ဟောကြားတဲ့ အဲဒီတရားစကားကို အနာထပိဏ်သူဌေးဟာ ရှေးအခါက မကြားနာဖူးပါ။

(ဥပရိပဏ်၊ ၄၊ ၂၃၀)

မထေရ်နှစ်ပါး ဖဲသွားပြီး မကြာခင်မှာပဲ အနာထပိဏ်သူဌေးဟာ ကွယ်လွန်ပြီး တုသိတာနတ်ပြည်မှာ ဖြစ်ပါတယ်။ တုသိတာနတ်ပြည်မှာ ဖြစ်ကာမျှမှာပဲ ၃ ဂါဝုတ်ပမာဏရှိပြီး ရွှေအစိုင်အခဲလို တောက်ပတဲ့ ခန္ဓာကိုယ်ကိုရော၊ ဥယျာဉ်၊ ဗိမာန်စသည်တွေနဲ့ ပြည့်စုံတာကိုပါ ကြည့်ပြီး "ငါ့ရဲ့ဒီစည်းစိမ်ဟာ ကြီးကျယ်တယ်၊ ငါဟာ လူ့ဘဝက ဘယ်လိုကံကို လုပ်ခဲ့သလဲ" လို့ ကြည့်တယ်။ ရတနာသုံးပါးအပေါ် ပြုခဲ့တဲ့ ကောင်းမှုကို ကြည့်ပြီး ဒီလိုကြံတယ်။

"ဒီနတ်အဖြစ်ဆိုတာ ကုသိုလ်ကောင်းမှုကို မေ့လျော့ရာအရပ်ပဲ ဟုတ်တယ်၊ ဒီစည်းစိမ်နဲ့ ပျော်ရွှင်နေတဲ့ ငါ့မှာ သတိမေ့တာလည်း ဖြစ်နိုင်တယ်၊ အခု ငါဟာ သွားပြီး ငါ့ဇေတဝန်ကျောင်းရဲ့ရော၊ ရဟန်းအပေါင်းရဲ့ရော၊ ဘုရားရှင်ရဲ့ရော၊ အရိယမဂ်ရဲ့ရော၊ အရှင်သာရိပုတ္တရာရဲ့ရော ဂုဏ်ကို ပြောပြီး အဲဒီဘုရားထံမှ ပြန်လာပြီး နတ်စည်းစိမ်ကို ငါ ခံစားမယ်"

(ဥပရိပဏ်၊ ၄၊ ၂၃၁)

သင့်တင့်ရာအရပ်မှာ ရပ်ပြီး အနာထပိဏ်နတ်သားက ဇေတဝန်ကျောင်းကြီးရဲ့ ဂုဏ်ကို ဒီလို ချီးကျူးပါတယ်။

http://www.dhammadownload.com



"ဒီဇေတဝန်ကျောင်းတော်ကြီးကို ရဟန်းအပေါင်း (အရှင်သာရိပုတ္တရာစတဲ့ ရဟန္တာတွေ၊ အနာဂါမ်တွေ၊ သကဒါဂါမ်တွေ၊ သောတာပန်တွေ၊ ကလျာဏပုထုဇဉ်တွေ) ဟာ မှီခို သုံးဆောင် (သီတင်းသုံး နေထိုင်) ကြပါတယ်။ တရားမင်းဖြစ်တော်မူတဲ့ ဘုရားရှင်လည်း သီတင်းသုံးတော်မူပါတယ်။ ဒီဇေတဝန်ကျောင်းတော်ကြီးဟာ တပည့်တော်ရဲ့ဝမ်းမြောက်အားရမှု ပီတိကို ဖြစ်စေပါတယ်"

အနာထပိဏ်သူဌေးမှာ ဇေတဝန်ကျောင်းတော်ကြီးကို စဉ်းစားလိုက်တိုင်း စဉ်းစားလိုက်တိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ လူပြည်တုန်းကလည်း ပီတိတွေ ဖြစ်ခဲ့ပါတယ်။ နတ်ပြည်ရောက်တော့လည်း ဖြစ်ရပါတယ်။ ဇေတဝန်ကျောင်းတော်ကြီးကလည်း ထင်ရှား ရှိနေတယ်။ ဇေတဝန်ကျောင်းတော်ကြီးပေါ် သီတင်းသုံးကြတဲ့ ဘုရားရှင်နဲ့ ဘုရားရှင် တပည့်သံဃာတော်တွေကလည်း ထင်ရှားရှိနေကြပါတယ်။ ဒါကြောင့် အနာထပိဏ်နတ်သားမှာ ပီတိတွေ ဖြစ်ပေါ်နေပါတယ်။ ကျောင်းဒကာ ဦးခင်ဇော်တို့ လှူဒါန်းထားတဲ့ ကျောင်းတွေအပေါ် သီတင်းသုံးတော်မူကြတဲ့ စာချ၊ စာသင် သံဃာတော်အရှင်မြတ်တွေက စာချ စာသင်မှု ပရိယတ်သာသနာကို ဆောင်ရွက်တော်မူကြပါတယ်။ တရားဟော၊ တရားပြ ဆရာတော် သံဃာတော်တွေက တရားဟော၊ တရားပြ ပြုလုပ်ကြပါမယ်။ ယောဂီတွေက တရားရှုမှတ်ကြပါမယ်။ ဦးခင်ဇော်တို့ ဆောက်လုပ်လှူဒါန်းထားတဲ့ အဲဒီကျောင်းတော်ကြီးတွေကို မြင်ရလေတိုင်း၊ စဉ်းစားမိလေတိုင်း ကျောင်းဒကာ ဦးခင်ဇော်တို့ရင်မှာ ပီတိလှိုင်းတွေ ထနေမှာ သေချာပါတယ်။ ပရိယတ်၊ ပဋိပတ်သာသနာ အလုပ်တွေကို ကြိုးပမ်းအားထုတ်တော်မူနေကြတဲ့ ဆရာတော် သံဃာတော်တွေ၊ ယောဂီသူတော်စင်တွေကို မြင်ရလေတိုင်း ဦးခင်ဇော်တို့ရင်မှာ ပီတိလှိုင်းတွေ အတိုင်းထက်အလွန် ဖြစ်နေပါလိမ့်မယ်။

http://www.dhammadownload.com



ဦးခင်ဇော်တို့ ကျောင်းဒကာချင်းတူတဲ့ အနာထပိဏ်အကြောင်းကိုဆက်ပြီး ပြောပြပါဦးမယ်။ အနာထပိဏ်က သာဝတ္ထိပြည်၊ သုမနသူဌေးရဲ့သားဖြစ်ပါတယ်။

(အံ၊ ဋ၊ ၁၊ ၂၉၅။ ထေရ၊ ဋ၊ ၁၊ ၂၇)

အနာထပိဏ်သူဌေးရဲ့ ဇနီးက ရာဇဂြိုဟ်သူဌေးရဲ့ နှမဖြစ်ပြီး ရာဇဂြိုဟ်သူဌေးရဲ့ ဇနီးက အနာထပိဏ်သူဌေးရဲ့ နှမဖြစ်ပြန်လို့ သူဌေးနှစ်ဦးဟာ နှမပေး၊ နှမယူ သမီးယောက်ဖ တော်စပ်ကြတယ်။

(ဝိ၊ ၄၊ ၃၀၁။ သံ၊ ဋ၊ ၁၊ ၂၈၅။ သာရတ္ထ၊ ၃၊ ၃၉၆)

အနာထပိဏ်ဟာ ကာသိတိုင်းမှာရှိတဲ့ သူ့အလုပ်သမားရွာမှာလည်း လာသမျှသော ဒည့်သည်ရဟန်းတွေအတွက် ဆွမ်းဝတ်ကို တည်ထားတယ်။ (ဝိ၊ ၂၊ ၂၁၁)

အိမ်မှာလည်း နေ့စဉ် ရဟန်းနှစ်ထောင် ၂၀၀၀ တို့အား ဆွမ်းလှူတယ်။ (ဓမ္မ၊ ဋ၊ ၁၊ ၉၇)

အနာထပိဏ်ဟာ ဇေတဝန်မှာ ကျောင်းဆောင်တွေအပြင် ပရိဝုဏ်တွေ၊ တံခါးမုခ်တွေ၊ ဆည်းကပ်ရာ စည်းဝေးရာ (ညီမူရာ) ဇရပ်တွေ၊ မီးတင်းကုပ်တွေ၊ ကပ္ပိယကုဋိ (စားဖွယ်တွေကို ညဉ့်သိပ် သိမ်းထားကောင်းတဲ့ကျောင်း)တွေ ၊ အိမ်သာတွေ၊ စင်္ကြံလမ်းတွေ၊ စင်္ကြံလျှောက်ရာ ဇရပ်တွေ၊ ရေတွင်းတွေ၊ ရေတွင်းဇရပ်တွေ၊ ရေချိုးအိမ်တွေ၊ ရေချိုးအိမ်ဇရပ်တွေ၊ ရေကန်တွေ၊ မဏ္ဍပ်တွေကိုပါ ဆောက်လုပ် လှူဒါန်းပါတယ်။ (စူဠဝါ၊ ၃၀၇)

အနာထပိဏ်ဟာ မိတ်ဆွေအပေါင်းအသင်း ပေါများပြီး ယုံကြည်ထိုက်တဲ့ စကားရှိသူ၊ ဩဇာညောင်းသူလည်း ဖြစ်တယ်။ (ဝိ၊ ၄၊ ၃၀၆)

အနာထပိဏ်ဟာ ဝါဒဆိုင်ရာ အခြေအတင် ပြောရာမှာလည်း လိမ္မာကျွမ်းကျင်တယ်။ တစ်ခါမှာ ပရိဗိုဇ်တွေနဲ့ ဝါဒရေးရာ အခြေ

http://www.dhammadownload.com



အတင်ပြောရာ သူဌေးကြီးက အနိုင်ရခဲ့လို့ ဘုရားရှင်အား ပြန်လည်လျှောက်ထားတဲ့အခါ ဘုရားရှင်က ချီးကျူးစကား မိန့်ကြားတော်မူတယ်။ (အံ၊ ၃၊ ၄၀၆)

အနာထပိဏ်ဟာ သိကြားမင်းနဲ့ ဝိသာခါလို ဝင့်မှာပျော်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ သုဒ္ဒါဝါသဘုံမှာ ဘုံစဉ်စံပြီး အကနိဋ္ဌဘုံမှာ ပရိနိဗ္ဗာန် ပြုပါလိမ့်မယ်။ (ဒီ၊ ဋ္ဌ၊ ၂၊ ၃၃၂။ အဘိ၊ ဋ္ဌ၊ ၃၊ ၄၇)

သာဝတ္ထိမြို့မှာ အလှူ လှူလိုသူတိုင်းဟာ အနာထပိဏ်နဲ့ ဝိသာခါတို့ထံက အခွင့်ကိုရမှသာ လှူကြပါတယ်။ အကြောင်းကတော့ - "သင်တို့ရဲ့ အလှူပွဲကို အနာထပိဏ်၊ ဝိသာခါတို့ လာကြပါသလား" လို့ မေးတဲ့အခါ "မလာကြပါ" လို့ ဖြေရင် တစ်သိန်း စွန့်လွှတ်ပြီး လှူတဲ့အလှူကိုတောင် "ဒီအလှူက ဘယ်လိုအလှူလဲ" လို့ ကဲ့ရဲ့ကြလို့ပါပဲ။ မှန်တယ်။ အနာထပိဏ်နဲ့ ဝိသာခါတို့ဟာ ရဟန်းသံဃာရဲ့ အကြိုက်ကိုရော ရဟန်းသံဃာအား လျှောက်ပတ်တဲ့ ကိစ္စတွေကိုပါ အလွန်အကဲပဲ သိကြပါတယ်။ သူတို့နှစ်ဦး စီမံရင် ရဟန်းတွေဟာ စိတ်တိုင်းကျ ဘုဉ်းပေးကြရပါတယ်။ ဒါကြောင့် အလှူလှူလိုသူအားလုံးက အနာထပိဏ်နဲ့ ဝိသာခါကို ခေါ်ယူပြီးမှသာ သွားကြပါတယ်။ အဲဒီနည်းနဲ့ အနာထပိဏ်နဲ့ ဝိသာခါတို့ဟာ သူတို့ရဲ့ အိမ်မှာ ရဟန်းတွေကို ပြုစုလုပ်ကျွေးခွင့် မရကြပါ။ (ဓမ္မ၊ ဋ္ဌ၊ ပ၊ ၉၇)

အနာထပိဏ် ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်ကြီးမှာ ဘုရားရှင်က ၁၉ ဝါ၊ ဝိသာခါ ၂၇ ကုဋေသောဥစ္စာကို စွန့်ကြဲပြီး ဆောက်လုပ်ထားတဲ့ ပုဗ္ဗာရုံကျောင်းမှာ ၆ ဝါ သီတင်းသုံးတော်မူပါတယ်။ အနာထပိဏ်နဲ့ ဝိသာခါတို့ရဲ့ ကျေးဇူးကြီးမားတာကို အကြောင်းပြုပြီး သာဝတ္ထိမြို့ကို အမှီပြုကာ ၂၅ ဝါ ဝါဆိုပါတယ်။ သူတို့နှစ်ယောက်ရဲ့ အိမ်တွေမှာ ရဟန်းနှစ်ထောင်၊ နှစ်ထောင်အတွက် နေရာတွေကို အမြဲပဲ ခင်းထားတယ်။ ထမင်း၊ အဖျော်၊ ဆေးတွေထဲက အလိုရှိသူတွေအား

http://www.dhammadownload.com



အလိုရှိတဲ့ ပစ္စည်းကို အလိုရှိသလောက်ပဲ ပြည့်စုံတယ်။ အနာထပိဏ်က တစ်နေ့တောင်မှ ဘုရားရှင်ကို ပြဿနာ မမေးဖူးပါ။ "ဘုရားရှင်ဟာ ဘုရားဖြစ်လို့ သိမ်မွေ့တယ်၊ မင်းမျိုးဖြစ်လို့ သိမ်မွေ့တယ်၊ အနာထပိဏ် က ငါဘုရားအပေါ် ကျေးဇူးများတယ်လို့ တွက်ပြီး ငါ့အား တရားဟော ရင် ပင်ပန်းနိုင်တယ်" လို့ တွေးကာ ဘုရားရှင်အပေါ် အလွန်ပဲ ချစ်ခင် လို့ ပြဿနာ မမေးပါ။ ဘုရားရှင်ကတော့ အနာထပိဏ် ထိုင်လိုက်တယ် ဆိုရင်ပဲ "ဒီသူဌေးဟာ ငါ့ကို မစောင့်ရှောက်ထိုက်တဲ့နေရာမှာ စောင့် ရှောက်တယ်၊ မှန်တယ်၊ ငါဟာ ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ် လုံး တန်ဆာဆင်ထားတဲ့ သူ့ဦးခေါင်းကို ဖြတ်၊ မျက်စိတွေကို ထုတ်၊ နှလုံးသားကို ထုတ်၊ အသက်နဲ့ တူတဲ့ သား၊ သမီး၊ မယားကို စွန့်ကာ ပါရမီတွေကို ဖြည့်ကျင့်ခဲ့တယ်။ ဒီအနာထပိဏ်က ငါ့ကို မစောင့်ရှောက် သင့်ရာမှာ စောင့်ရှောက်တယ်" လို့ တွေးကာ တရားဒေသနာတစ်ပုဒ် ကို ဟောတာချည်းပါပဲ။

(ဓမ္မ၊ ဋ၊ ပ၊ ၃)

http://www.dhammadownload.com

# ကျောင်းဒကာ နန္ဒိယ

ကျောင်းဒကာ အနာထပိဏ်အကြောင်း ပြီးသွားတော့ ကျောင်းဒကာ နန္ဒိယအကြောင်း ဆက်ပါမယ်။ ကျောင်းဒကာ နန္ဒိယအတွက် ကျောင်းအလှူ ရေစက်ချလိုက်တာနဲ့ နတ်ပြည်မှာ နတ်ဘုံဗိမာန် ပေါ်ပေါက်လာသလို ကျောင်းဒကာ ဦးခင်ဇော်တို့ စွန်ညီနောင်-စွန်မင်း မိသားစုအတွက်လည်း ကျောင်းဆောင်တွေ အလှူရေစက်ချလိုက်တာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ နတ်ဘုံဗိမာန်တွေ ပေါ်ပေါက်နေနိုင်ပါတယ်။ အရှင်မဟာမောဂ္ဂလ္လာန်လို နတ်ပြည်မှာ တန်ခိုးနဲ့ လှည့်လည်နိုင်တဲ့ တန်ခိုးရှင် ရှိခဲ့မယ်ဆိုရင် ဦးခင်ဇော်တို့အတွက် နတ်ပြည်မှာ နတ်ဘုံဗိမာန်တွေ ပေါ်ပေါက်လျက် ရှိနေသလား။ မရှိနေဘူးလားဆိုတာကို အတိအကျ သိနိုင်ပါမယ်။ ဦးခင်ဇော်တို့ ကျောင်းဒကာတွေ နန္ဒိယလို နတ်ပြည်ရောက်ရမယ်ဆိုရင် နတ်ပြည်က နတ်တွေက ဦးခင်ဇော်တို့ကို လက်ဆောင်ပစ္စည်း ၁၀ မျိုးကိုယူကာ အလုအယက်နဲ့ စောင့်ကြိုနေကြပါမယ်တဲ့။ အဲဒီလက်ဆောင် ၁၀ မျိုးက -

၁။ နတ်အသက်၊

၂။ နတ်အလှအပ၊

၃။ နတ်ချမ်းသာ၊

http://www.dhammadownload.com



၄။ နတ် အခြံအရံ၊
၅။ နတ်အစိုးရမှု၊
၆။ နတ်အဆင်း၊
၇။ နတ်အသံ၊
၈။ နတ်အနံ့၊
၉။ နတ်အရသာ၊
၁၀။ နတ်အတွေ့အထိ တွေ့ပါပဲ။

ဗာရာဏသီမြို့က သဒ္ဓါနဲ့ ပြည့်စုံတဲ့အမျိုးမှာ နန္ဒိယမည်တဲ့ သားရှိခဲ့တယ်။ သူက မိဘတွေအား သင့်လျော်တယ်။ သဒ္ဓါနဲ့ ပြည့်စုံတယ်။ သံဃာကို ပြုစုတယ်။ သူ့မိဘတွေက သူအရွယ်ရောက်တဲ့အခါ မျက်နှာချင်းဆိုင်အိမ်က ဦးလေးရဲ့သမီးဖြစ်သူ ရေဝတီကို ခေါ်ဆောင်ပေးလိုကြတယ်။ ရေဝတီက သဒ္ဓါမရှိ၊ လှူလေ့မရှိ။ နန္ဒိယက ရေဝတီကို အလိုမရှိ။ အဲဒီအခါ နန္ဒိယရဲ့ အမေက ရေဝတီကို ပြောတယ်။

"သမီး၊ သင်ဟာ ဒီအိမ်မှာ ရဟန်းသံဃာအတွက် ထိုင်ရာနေရာကို လိမ်းကျံပြီး နေရာတွေကို ခင်းပါ။ သပိတ်ခြေတွေကိုထားပါ။ ရဟန်းတွေလာတဲ့အခါ သပိတ်ကိုယူပြီး ထိုင်ခိုင်းကာ ရေစစ်နဲ့ သောက်ရေကို စစ်ပေးပါ။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သပိတ်တွေကို ဆေးပါ။ အဲဒီလို ဆိုရင် ငါ့သားရဲ့ ကျေနပ်နှစ်သက်စရာ ဖြစ်ပါလိမ့်မယ်"

ရေဝတီက အဲဒီအတိုင်းလုပ်ပါတယ်။ အဲဒီအခါ ရေဝတီကို"အဆုံးအမ ခံယူနိုင်တယ်"လို့ သားအား ပြောပြပြီး သားက ကောင်းပါပြီလို့ လက်ခံတဲ့အခါ နေ့သတ်မှတ်ပြီး လက်ထပ်ပေးလိုက်ကြပါတယ်။ အဲဒီအခါ ရေဝတီကို နန္ဒိယက ပြောပါတယ်။

"ရဟန်း၊ သံဃာကိုရော၊ ငါ့မိဘတွေကိုပါ သင် ပြုစုရင် ဒီအိမ်မှာ သင့်ကို နေခွင့်ပေးမယ်၊ မမေ့မလျော့ပါနဲ့"

http://www.dhammadownload.com



ရေဝတီက ကောင်းပါပြီလို့ ဝန်ခံပြီး ရက်အနည်းငယ်သဒ္ဓါရှိသလို လုပ်ကာ လင်ကို ပြုစုရင်း သားနှစ်ယောက်ကို မွေးဖွားတယ်။ နန္ဒိယရဲ့ မိဘတွေလည်း သေကုန်တယ်။ အိမ်မှာ စည်းစိမ်အားလုံးဟာ ရေဝတီ အတွက်ပဲ ဖြစ်တယ်။ နန္ဒိယကလည်း မိဘတွေ သေတဲ့ အချိန်ကစပြီး အလှူရှင်ကြီးလုပ်ကာ ရဟန်းသံဃာအား အလှူ လှူတယ်။ အထီးကျန် ဆင်းရဲသား၊ ခရီးသွား စသူတွေအတွက်လည်း အိမ်တံခါးမှာ ချက်ပြီး ထမင်း၊ ဟင်းကို လှူတယ်။ နန္ဒိယဟာ နောင်အခါမှာ ဘုရားရှင်ရဲ့ တရား ဒေသနာကို ကြားနာရပြီး ကျောင်းလှူရကျိုးကို မှတ်သားကာ ဣသိ ပတနအရပ်က မဟာဝိဟာရမှာ အခန်း ၄ ခန်းနဲ့ တန်ဆာဆင်ထားတဲ့ အဆောင် ၄ ဆောင်တွဲကျောင်းကို ဆောက်လုပ်တယ်။ ညောင်စောင်း၊ အင်ပျဉ် စသည်တွေကို ခင်းခိုင်းတယ်။ အဲဒီကျောင်းကို အပ်နှင်းလိုလို့ ဘုရားအမှူးရှိတဲ့ သံဃာအား လှူပြီး ဘုရားရှင်အား အလှူရေစက်ကို လှူတယ်။

ဘုရားရှင်ရဲ့ လက်ထဲ အလှူရေစက် တည်တာနဲ့ တစ်ပြိုင်နက်ပဲ တာဝတိံသာနတ်ပြည်က အရပ်မျက်နှာအားလုံးမှာ ၁၂ ယူဇနာရှိ နတ် ပြာသာဒ်ပေါ်ပေါက်လာတယ်။ အဲဒီပြာသာဒ်က အထက်မှာ ယူဇနာ တစ်ရာမြင့်တယ်။ ရတနာ ၇ ပါးနဲ့ ပြီးတယ်။ နတ်သမီးအပေါင်းနဲ့ ပြည့်စုံ တယ်။ တစ်နေ့မှာ အရှင်မဟာမောဂ္ဂလ္လာန်က နတ်ပြည်ခရီးလှည့်လည် ပြီး အဲဒီပြာသာဒ်အနီးမှာ ရပ်ရင်း သူ့ထံလာတဲ့ နတ်သားတွေကို မေး တယ်။

"နတ်သမီးအပေါင်း ခြံရံထားတဲ့ ဒီပြာသာဒ်က ဘယ်သူ့အတွက် ဖြစ်ပေါ်နေတာလဲ"

အဲဒီအခါ အရှင်မဟာမောဂ္ဂလ္လာန်အား နတ်သားတွေက ဗိမာန် ပိုင်ရှင်ကို ပြောပြလိုလို့ ဒီလိုပြောကြပါတယ်။

http://www.dhammadownload.com



"အရှင်ဘုရား၊ နန္ဒိယသူကြွယ်သားက ဣသိပတနအရပ်မှာ ဘုရားရှင်အတွက် ကျောင်းဆောက်ပြီး လှူထားပါတယ်။ သူ့အတွက် ဒီဗိမာန်က ဖြစ်ပေါ်နေပါတယ်"

နတ်သမီးအပေါင်းကလည်း မထေရ်ကိုမြင်ကာ ပြာသာဒ်မှ ဆင်းပြီး လျှောက်ကြပါတယ်။

"အရှင်ဘုရား၊ တပည့်တော်တို့ဟာ နန္ဒိယရဲ့မယားတွေ ဖြစ်ကြမယ်လို့ အကြံနဲ့ ဒီဗိမာန်မှာ ဖြစ်နေကြပါတယ်။ သူ့ကို မမြင်ရလို့ အလွန်ပဲ ငြီးငွေ့ပျင်းရိကြပါတယ်။ မြေခွက်ကို ခွဲပြီး ရွှေခွက်ကို ယူသလို လူ့စည်းစိမ်ကို စွန့်ပြီး နတ်စည်းစိမ်ကို ယူတာ ဖြစ်ပါတယ်။ ဒီကို လာဖို့ သူ့ကို ပြောလိုက်စမ်းပါ"

မထေရ်က အဲဒီနတ်ပြည်က လာပြီး ဘုရားရှင်ထံ ချဉ်းကပ်ကာ မေးတော်။

"မြတ်စွာဘုရား၊ လူ့ပြည်မှာ တည်လျက်သာရှိတဲ့ ကောင်းမှုရှင်တွေအတွက် နတ်စည်းစိမ်က ဖြစ်နှင့်ပါသလား"

"မောဂ္ဂလ္လာန်၊ သင်က နတ်ပြည်မှာ နန္ဒိယအတွက်ဖြစ်တဲ့ နတ်စည်းစိမ်ကို ကိုယ်တိုင်မြင်ခဲ့ရတယ် မဟုတ်လား၊ ဘာကြောင့် ငါ့ကို မေးတာလဲ"

"မှန်ပါ မြတ်စွာဘုရား ဖြစ်ပါတယ်"

"မောဂ္ဂလ္လာန်၊ သင်က ဘာကိုပြောတာလဲ၊ ကြာမြင့်စွာ အရပ်တစ်ပါးမှာ သွားနေတဲ့သား၊ သို့မဟုတ် အစ်ကို၊ ညီအရပ်တစ်ပါးက ပြန်လာတာကို ရွာတံခါးမှာ ရပ်နေတဲ့ တစ်စုံတစ်ယောက်ကပဲ မြင်ပြီး အဟုန်နဲ့ အိမ်ကိုလာကာ "ဘယ်သူတော့ ပြန်လာပြီ" လို့ ပြောတယ်။ အဲဒီအခါ သူ့ဆွေမျိုးတွေက ဝမ်းသာပြီး အဟုန်နဲ့ ထွက်လာကာ "ချစ်သား၊ ပြန်လာပြီ၊ နေကောင်းတယ်နော်" လို့ သူ့ကို နှစ်သက်သဘောကျကြတယ်။ အဲဒီလိုပဲ ဒီလောကမှာ ကောင်းမှုရှင် အမျိုးသား၊ အမျိုးသမီး ဒီလောကကို

http://www.dhammadownload.com



စွန့်ပြီး တမလွန်လောကသွားရင် နတ်လက်ဆောင် ၁၀ မျိုး (နတ်သက်၊ နတ်အဆင်းလှမှု၊ နတ်ချမ်းသာ၊ နတ်အခြံအရံ၊ နတ်အစိုးရမှု၊ နတ်အဆင်း၊ နတ်အသံ၊ နတ်အနံ့၊ နတ်အရသာ၊ နတ်အတွေ့အထိ) ကိုယူကာ "ငါကရှေ့က၊ ငါကရှေ့က" လို့ အလုအယက် ခရီးကြိုကာ နတ်တွေဟာ ဝမ်းသာအားရ ကျေနပ်နေကြတယ်"

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၈၉)

http://www.dhammadownload.com

# အသောကမင်းကြီးရဲ့
# ကျောင်းပေါင်း ၈၄၀၀၀ အလှူ

အသောကမင်းကြီးဟာ အဘိသိက်ခံယူပြီးနောက် ၃ နှစ်အထိ သာ ဗုဒ္ဓသာသနာ ပြင်ပ ပါသဏ္ဍ(မိစ္ဆာဒိဋ္ဌိ) အယူကိုယူကာ ၄ နှစ်မြောက်မှာ ဗုဒ္ဓသာသနာကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓသာသနာဝင် ဖြစ်လာတယ်။ ဖြစ်လာပုံကတော့ မင်းကြီးဟာ သူ့ရဲ့ခမည်းတော် လက်ထက်က လှူဒါန်းထောက်ပံ့ခဲ့တဲ့ ပုဏ္ဏားပရိဗိုဇ်တွေအား ဆက်လက်လှူဒါန်း ထောက်ပံ့နေရပေမယ့် အဲဒီ အလှူခံပုဂ္ဂိုလ်တွေရဲ့ ကိုယ်နှုတ်မစောင့်စည်းမှု၊ လျှပ်ပေါ်လော်လီ မတည်ကြည် မငြိမ်သက်မှု စသည်တွေကြောင့် အဲဒီ ပုဂ္ဂိုလ်တွေအား လှူမယ့်အစား အခြားသင့်လျော်ရာနေရာမှာ လှူဒါန်းဖို့ အကြံ ဖြစ်ပေါ်လာတယ်။ တစ်နေ့မှာ မင်းကြီးက နိဂြောဓ သာမဏေကို မြင်ရာ အဲဒီသာမဏေလေးရဲ့တည်ကြည်ငြိမ်သက်တဲ့ကိုယ်နေ့မှာ ကြည်ညို လေးစားပြီး နန်းတော်ကို ပင့်ကာ တရားနာယူတယ်။ သာမဏေက ဓမ္မပဒ အပ္ပမာဒဝဂ်ကို ဟောကြားရာ များစွာနှစ်သက်လို့ ရှေးအခါက ပုဏ္ဏား ခြောက်သောင်းတွေအား လှူဒါန်းခဲ့တဲ့ ဆွမ်းဝတ်ကိုဖြတ်ကာ ရဟန်း ခြောက်သောင်းတို့အား အမြဲလှူဒါန်းတယ်။ အသောကာရုံ ကျောင်းကြီးကိုလည်း ဆောက်လုပ်လှူဒါန်းတယ်။

(ဝိ၊ဋ္ဌ၊၁၊၃၃)

http://www.dhammadownload.com



မင်းကြီးဟာ မြတ်စွာဘုရားရဲ့ဓမ္မက္ခန္ဓာတော်ပေါင်း ရှစ်သောင်း လေးထောင်ကို ပူဇော်တဲ့အနေနဲ့ ကျောင်းပေါင်း ၈၄၀၀၀၊ စေတီတော် ပေါင်း ၈၄၀၀၀ တွေကို ၈၄၀၀၀ သော မြို့တွေမှာ ဆောက်လုပ်တည် ထားခဲ့ပါတယ်။

(ဝိ၊ ဋ္ဌ၊ ၁၊ ၃၇)

အဲဒီကနောက် အရှင်မဟာကဿပရဲ့ ဗျာဒိတ်တော်နဲ့အညီ အဇာ တသတ်မင်း တည်ထားခဲ့တဲ့ ဓာတုနိဓာနစေတီတော်က ဓာတ်တော်တွေ ကို အဲဒီစေတီမှာ ကိုးကွယ်ရရုံမျှ ချန်ထားခဲ့ပြီး အလုံးစုံ ထုတ်ယူပင့် ဆောင်ကာ ကျောင်းပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀ တွေမှာထည့် သွင်းပူဇော်ခဲ့တယ်။

(ဒီ၊ ဋ္ဌ၊ ၂၊ ၂၀၅)

တစ်နေ့မှာ အသောကမင်းက အသောကာရုံကျောင်းမှာ အလှူ ကြီး လှူပြီး ရဟန်းခြောက်သောင်းရဲ့အလယ်မှာ ထိုင်ကာ သံဃာကို ပစ္စည်း ၄ ပါး (ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး)နဲ့ ဖိတ်မန်ပြီး အောက်ပါ မေးခွန်းကို မေးပါတယ်။

"အရှင်ဘုရားတို့၊ ဘုရားရှင် ဟောထားတဲ့တရားဆိုတာ ဘယ် လောက်ရှိပါသလဲ"

"မင်းကြီး အင်္ဂါအားဖြင့် ၉ ပါး ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေး ထောင် ရှိပါတယ်"

အသောကမင်းက တရားအပေါ် ကြည်ညိုပြီး "ဓမ္မက္ခန္ဓာတစ်ပါး တစ်ပါးကို ကျောင်းတစ်ဆောင် တစ်ဆောင်နဲ့ ပူဇော်မယ်"လို့ ကြံကာ တစ်နေ့တည်းမှာပဲ ၉၆ ကုဋေသော ဥစ္စာကို စွန့်လွှတ်ပြီးအမတ်တွေကို အောက်ပါအတိုင်း စေခိုင်းပါတယ်။

"အမတ်တို့ လာကြပါ။ တစ်မြို့ တစ်မြို့မှာ ကျောင်းတစ်ကျောင်း တစ်ကျောင်းစီ ဆောက်လုပ်ခိုင်းကာ မြို့ပေါင်း ရှစ်သောင်းလေးထောင် ကို ဆောက်လုပ်ခိုင်းကြပါ"

http://www.dhammadownload.com



အသောကမင်းကိုယ်တိုင်လည်း အသောကာရုံကျောင်းတိုက်က အသောကကျောင်းကြီးအတွက် အလုပ်ပြုလုပ်ပါတယ်။ သံဃာက တန်ခိုးအာနုဘော်ကြီးပြီး အလုပ်အသစ်ကို စီမံမယ့် ရဟန္တာဣန္ဒဂုတ္တမထေရ်ကို ပေးလိုက်ပါတယ်။ ဣန္ဒဂုတ္တမထေရ်က မပြီးစီးသမျှ အရာအားလုံးကို သူ့ရဲ့တန်ခိုးနဲ့ ပြီးအောင် လုပ်ပါတယ်။ အဲဒီလိုနည်းနဲ့ ၃ နှစ်ကြာမှ ကျောင်းအလုပ်ကို အပြီးသတ်လိုက်ပါတယ်။ တစ်နေ့တည်းမှာပဲ မြို့အားလုံးကစာတွေ ရောက်လာကြပါတယ်။ အမတ်တွေက အသောကမင်းအား "အရှင်မင်း၊ ကျောင်းပေါင်းရှစ်သောင်းလေးထောင် ပြီးသွားပါပြီ"လို့ လျှောက်တင်ကြပါတယ်။ မင်းက မြို့မှာ စည်နဲ့လှည့်လည်ကြေညာပါတယ်။

"ဒီနေ့ကနေ နောက် ၇ ရက်လွန်တဲ့အခါ ကျောင်းပူဇော်ပွဲ ဖြစ်ပါမယ်။ လူအားလုံးဟာ ရှစ်ပါးသီလဆောက်တည်ကာ မြို့တွင်းမှာရော မြို့ပြင်မှာပါ ကျောင်းပူဇော်ပွဲ စီစဉ်ကြပါ"

အဲဒီနေ့ကနေ နောက် ၇ ရက် လွန်တဲ့အခါ တန်ဆာအားလုံးနဲ့ တန်ဆာဆင်ထားတဲ့ အင်္ဂါ ၄ ပါးရှိ စစ်တပ် သိန်းပေါင်းများစွာ ခြံရံကာ မြို့ကို အစဉ်အတိုင်း လှည့်လည်ရင်း ကျောင်းကို သွားပြီး ရဟန်းသံဃာရဲ့အလယ်မှာ ရပ်တည်တယ်။ မြို့ကို အားတက်သရောရှိတဲ့ လူအများက တန်ဆာဆင်ထားတယ်။ မြို့ကို နတ်ပြည်က အမရာဝတီ မင်းနေပြည်က ကျက်သရေထက် ပိုမိုကျက်သရေရှိသလိုဖြစ်အောင် ပြုလုပ်လိုတယ်။ အသောကမင်း သံဃာအလယ်မှာ ရပ်တည်နေတဲ့အခါ စည်းဝေးရောက်ရှိလာကြတဲ့ ရဟန်းတွေက ကုဋေ ၈၀ ရှိတယ်။ ရဟန်းမတွေက ၉ သန်း ၆ သိန်း ရှိတယ်။ အဲဒီမှာ ရဟန္တာရဟန်းချည်းပဲ တစ်သိန်းရှိတယ်။ အဲဒီရဟန်းတွေမှာ ဒီလို အကြံဖြစ်တယ်။

"အသောကမင်းဟာ သူ့ရဲ့ကောင်းမှုကို အကြွင်းအကျန်မရှိမြင်ရရင် အလွန်အကဲပဲ ဗုဒ္ဓသာသနာအပေါ် ကြည်ညိုလာနိုင်တယ်"

http://www.dhammadownload.com



အဲဒီကနောက် တစ်လောကလုံးကို ဖွင့်ပြတဲ့ တန်ခိုးကို ပြုလုပ်ဖန်ဆင်းကြတယ်။ အသောကမင်းဟာ အသောကာရုံကျောင်းတိုက်မှာ ရပ်ရင်းပဲ အရပ် ၄ မျက်နှာကို အစဉ်အတိုင်း ကြည့်တဲ့အခါ ပတ်ဝန်းကျင်မှ သမုဒ္ဒရာအဆုံးရှိတဲ့ ဇမ္ဗူဒိပ်ကိုလည်း မြင်ရတယ်။ မြင့်မြတ်တဲ့ကျောင်းပူဇော်ပွဲနဲ့ တင့်တယ်နေတဲ့ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်ကိုလည်း မြင်ရတယ်။ အသောကမင်းဟာ အဲဒီတင့်တယ်တဲ့ အနေအထားကို မြင်ရတဲ့အခါ မွန်မြတ်တဲ့ ပီတိအကြီးစား၊ အသေးစားနဲ့ ပြည့်စုံသွားတယ်။ "အခြားသူတစ်စုံတစ်ယောက်မှာလဲ ဒီလို ပီတိအကြီးစား၊ အသေးစား ဖြစ်ဖူးလေသလား"လို့ ကြံစည်ကာ ရဟန်းသံဃာကို ဒီလိုမေးပါတယ်။

"အရှင်ဘုရားတို့၊ တပည့်တော်ရဲ့ ဘုရားရှင်သာသနာမှာ ဘယ်သူက အကြီးအကျယ် စွန့်ကြဲခဲ့ပါသလဲ၊ ဘယ်သူရဲ့ စွန့်ကြဲမှုဟာ အကြီးမားဆုံးပါလဲ"

ရဟန်းသံဃာက မောဂ္ဂလိပုတ္တတိဿထေရ်အား တာဝန်ပေးပါတယ်။ မထေရ်က ဒီလို မိန့်တော်မူပါတယ်။

"မင်းကြီး၊ ဘုရားရှင်ရဲ့သာသနာမှာ ပစ္စည်းလှူဒါန်းသူဆိုတာ သင်မင်းကြီးနဲ့ တူသူဟာ ဘုရားသက်တော်ထင်ရှား ရှိစဉ်ကတောင် တစ်စုံတစ်ယောက်မှ မရှိပါ။ သင်မင်းကြီးရဲ့ စွန့်ကြဲမှုကသာ အကြီးကျယ်ဆုံးပါပဲ"

အသောကမင်းက မောဂ္ဂလိပုတ္တတိဿထေရ်ရဲ့ စကားကို ကြားရပြီး မွန်မြတ်တဲ့ ပီတိအကြီးစား၊ အသေးစားတွေနဲ့ ခန္ဓာကိုယ်မှာ မပြတ်ထိတွေ့ခံရတဲ့အတွက် ဒီလို ကြံစည်ပါတယ်။

"ငါနဲ့တူတဲ့ ပစ္စည်းလှူသူ မရှိဘူးတဲ့။ ငါ့ရဲ့ စွန့်ကြဲမှုဟာ အကြီးကျယ်ဆုံးတဲ့ ငါဟာ လှူဖွယ်ပစ္စည်းနဲ့ သာသနာကို ချီးမြှောက်ပါသတဲ့။ ငါဟာ ဒီလိုဆိုရင် သာသနာရဲ့အမွေခံ ဖြစ်လေသလား၊ မဖြစ်လေသလား"

http://www.dhammadownload.com



အဲဒီကနောက် မောဂ္ဂလိပုတ္တတိဿထေရ်ဟာ အသောကမင်းရဲ့ အဲဒီစကားကို ကြားရပြီး မင်းသားမဟိန္ဒရဲ့ ရှေးကံပါရမီ ပြည့်စုံမှုကို ကောင်းကောင်းမြင်လို့ "ဒီမင်းသားဟာ ရှင်ရဟန်းပြုရင် သာသနာဟာ အလွန်အကဲပဲ ကြီးပွားလိမ့်မယ်"လို့ ကြံစည်ကာ အသောကမင်းကို ဒီလို မိန့်ပါတယ်။

"မင်းကြီး ဒီလောက် လှူဒါန်းရုံနဲ့ သာသနာရဲ့အမွေခံ မဟုတ်သေးပါ။ တကယ်တော့ ပစ္စည်းလှူသူ၊ ပြုစုလုပ်ကျွေးသူလို့ပဲ ခေါ်ရပါတယ်။ မင်းကြီး မြေကြီးမှ ဗြဟ္မာ့ပြည်အတိုင်းအတာအထိ ပစ္စည်းအစုအပုံကို ပေးလှူစေဦးတော့ သူလည်း သာသနာမှာ အမွေခံလို့ မခေါ်ဝေါ်နိုင်သေးပါ"

"အရှင်ဘုရား၊ ဘယ်လိုလုပ်မှ သာသနာရဲ့အမွေခံ ဖြစ်ရပါမလဲ"

"မင်းကြီး၊ ချမ်းသာကြွယ်ဝသူဖြစ်ဖြစ်၊ ဆင်းရဲမွဲတေသူဖြစ်ဖြစ် ဘယ်သူမဆို မိမိရဲ့ရင်မှာဖြစ်တဲ့သားကို ရှင်ရဟန်းပြုပေးသူကို သာသနာရဲ့အမွေခံပုဂ္ဂိုလ်လို့ ခေါ်ရပါတယ် မင်းကြီး"

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၃၆)

အသောကမင်းကြီးလောက် ကျောင်းပေါင်း ၈ သောင်း ၄ ထောင်၊ စေတီပေါင်း ၈ သောင်း ၄ ထောင် မတည်ဆောက်နိုင်တောင် ကိုယ့်အတိုင်းအတာနဲ့ကိုယ် ဦးခင်ဇော်တို့ စွန်ညီနောင်စွန်မင်းမိသားစုလည်း ကျောင်းအဆောက်အဦးတွေ များစွာ ဆောက်လုပ်လှူဒါန်းနေတာပဲ။ စေတီပေါင်း ၈ သောင်း ၄ ထောင် မတည်ပေမယ့် ဦးခင်ဇော်တို့ လှူဒါန်းတဲ့ ကျောင်းဆောင်ကြီးတွေမှာ ဘုရားရုပ်ပွား ဆင်းတုတော်တွေ လှူဒါန်းတာပဲ။ အဲဒီ ရုပ်ပွားဆင်းတုတော်တွေကလည်း ဥဒ္ဒိဿစေတီပါပဲ။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းက စွန်ညီနောင် စွန်မင်းနှစ်ထပ်ကျောင်းဆောင် အမှတ် ၁ မှာတောင် အပေါ်ထပ်မှာ ရုပ်ပွားဆင်းတုတော် တည်ထားကိုးကွယ်ထားမှာပဲ မဟုတ်လား။ ဦးခင်ဇော်တို့ထက်

http://www.dhammadownload.com



များစွာ ပစ္စည်းကြွယ်ဝချမ်းသာတဲ့ လူတွေကတောင် ဦးခင်ဇော်တို့ရဲ့ ဒါနစေတနာ ထက်သန်မှုကို အံ့သြချီးကျူးကြတယ်လို့ ထပ်ဆင့်ကြားသိရပါတယ်။ ပစ္စည်းဥစ္စာလည်း ကြွယ်ဝ၊ သဒ္ဓါလည်း ကြွယ်ဝမှ ဒါနကြွယ်ဝသူ ဖြစ်နိုင်ပါတယ်။ စနကြွယ်ဝရုံမျှနဲ့ ဒါနမကြွယ်ဝနိုင်သေးပါ။ စနရော သဒ္ဓါပါ စွယ်စုံကြွယ်ဝမှ ဒါနကြွယ်ဝနိုင်ပါတယ်။ ဒါနသူဌေး ဖြစ်နိုင်ပါတယ်။ စနကြွယ်ဝလို့ ဒါန ကြွယ်ဝနိုင်ပါတယ်။ ဒါနကြွယ်တော့ သံသရာမှာ မျက်နှာမငယ်ရဘူးပေါ့။

ကိုယ်ချမ်းသာဖို့ ရည်မျှော်ပြီး လှူဒါန်းတာထက် အလှူခံပုဂ္ဂိုလ်တွေ ချမ်းသာဖို့ ရည်ရွယ်ပြီး လှူဒါန်းတဲ့ အလှူက ပိုမိုမြင့်မြတ်ပါတယ်။ ပိုမို အထက်တန်းကျကျ ပိုမို အကျိုးပေးသန်ပါတယ်။ တချို့က နာမည်ကြီးချင်လို့ လှူကြပါတယ်။ ဦးခင်ဇော်က "ကျောင်းဆောင်တွေမှာ တပည့်တော်တို့ ကောင်းမှုရှင်နာမည်က တပ်ဖို့ အရေးမကြီးပါ"လို့ ပြောဖူးတာကို အမှတ်ရနေပါတယ်။ လိုအပ်နေတာလေးတွေကို တွေ့ရလို့ ဖြည့်ပေးလိုက်ရရင် ကျေနပ်ပျော်ရွှင်အားရနေတတ်တဲ့ ဦးခင်ဇော်ရဲ့စိတ်ထားဟာ မွန်မြတ်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်က တည်ထောင်ခါစဆိုတော့ အစစအရာရာ လိုအပ်နေတာကို ဦးခင်ဇော်တွေ့သွားတဲ့အခါ လိုအပ်နေတာကို တွေ့ရင် ဖြည့်ပေးချင်တဲ့ သဒ္ဓါဆန္ဒက ဦးခင်ဇော်ရင်မှာ ထိန်းမနိုင် သိမ်းမရ ဖြစ်ပေါ်လာတယ် မဟုတ်လား။ ဦးခင်ဇော်နဲ့ ဒေါ်စန်းစန်းအေးတို့က သားကြီး မောင်ဝင်းမြတ်ဦးကို ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းမှာ ကိုရင်ဝတ်ခိုင်းပြီး ဗုဒ္ဓယဥ်ကျေးမှုအခြေပြုသင်တန်း တက်ခိုင်းခဲ့တဲ့အပြင် သားကြီးကိုရော သားငယ် မောင်အောင်ခိုင်ဦးကိုပါ အိမ်တော်ရာတိုက်က သာသနာ့တံခွန်ကျောင်းမှာလည်း ကိုရင်ဝတ်ပေးခဲ့တယ်ဆိုတော့ အသောကမင်းလို သာသနာ့အမွေခံလည်း ဖြစ်ဖူးတာပေါ့။

http://www.dhammadownload.com

# ဗိမ္ဗိသာရမင်းရဲ့ ဝေဠုဝန်ကျောင်းအလှူ

မြတ်တဲ့ရွှေအဆင်းနဲ့တူတဲ့ အဆင်းရှိလို့ ဗိမ္ဗိသာရမည်တဲ့မင်းဟာ မဂဓတိုင်းရှင် ဖြစ်တယ်။ ဗုဒ္ဓကို ကိုးကွယ်တယ်။ သူ့တိုင်းပြည်က ယူဇနာ သုံးရာ ကျယ်ဝန်းတယ်။

(ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၃၃)

အသက် ၁၅နှစ်ကပဲ ထီးနန်းစည်းစိမ်ကိုရပြီး ၅၂ နှစ်အထိ ရာဇဂြိုဟ်မှာ မင်းစည်းစိမ်ကို ခံစားရတယ်။ ဗုဒ္ဓက မင်းကြီးထက် ၅ နှစ်ကြီးတယ်။ ဘုရားအလောင်း ရာဇဂြိုဟ်မြို့တွင်းကို ဆွမ်းခံဝင်မှ မင်းကြီးက သိဒ္ဓတ္ထမင်းသားကို ပထမအကြိမ် တွေ့မြင်ဖူးတယ်။ မင်းကြီးက ဘုရားအလောင်းနေထိုင်ရာ ပဏ္ဍဝတောင်လိုဏ်ဂူကို သွားရောက်ပြီး မင်းစည်းစိမ်ကို လှူတယ်။

(သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၁၁၄၊ ဗုဒ္ဓဝင်၊ ဋ္ဌ၊ ဂ)

ဘုရားဖြစ်ပြီးနောက် ရာဇဂြိုဟ်မြို့အနီး သုပ္ပတိဋ္ဌိတ စေတီမှာ တရားဟောတယ်။

(အပ၊ ဋ္ဌ၊ ၁၊ ၉၈၊ ဗုဒ္ဓဝင်၊ ဋ္ဌ၊ ၂၅)

အဲဒီတရားပွဲမှာ ဗိမ္ဗိသာရမင်းကြီးအပါအဝင် ပရိသတ် တစ်သိန်း တစ်သောင်းဟာ သောတာပန်တည်တယ်။ ကျန်ပရိသတ် တစ်သောင်း

http://www.dhammadownload.com



ကတော့ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာအဖြစ်ကို ရောက်သွားကြတယ်။

(ဝိ၊ ၃၊ ၄၅။ ဥဒါန၊ ဋ္ဌ၊ ၃၂၄)

အဲဒီနောက်မှာ မင်းကြီးက မင်းဖြစ်လိုမှု၊ ဗုဒ္ဓကို ရာဇဂြိုဟ်သို့ကြွစေလိုမှု၊ ဗုဒ္ဓထံချဉ်းကပ်လိုမှု၊ ဗုဒ္ဓကိုယ်တော်တိုင် တရားဟောစေလိုမှု အဲဒီဟောတရားကို သိရှိလိုမှုဆိုတဲ့ သူရဲ့တောင်းဆိုချက် ၅ ခု ပြည့်စုံပြီ ဖြစ်ကြောင်း လျှောက်ထားကာ ဥပါသကာအဖြစ် ခံယူပါတယ်။

နောက်တစ်နေ့မှာ ဆွမ်းကျွေးပွဲပြုလုပ်ရာ သိကြားမင်းက လုလင်ပျိုအသွင်ဆောင်ကာ ဘုရားဂုဏ်တော်ကို သီဆိုကျူးရင့်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတစ်ထောင်ကို နန်းတော်သို့ ပင့်ဆောင်လာတယ်။ ဆွမ်းဘုဉ်းပေးပြီးနောက် မင်းကြီးက ဘုရားရှင်လက်တော်ပေါ်မှာ ရေစက်သွန်းချပြီး ဝေဠုဝန်ဥယျာဉ်ကို သံဃာအား လှူဒါန်းတယ်။

(ဝိ၊ ၃၊ ၄၇။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၅၆)

အဲဒီအခါမှာ ပြင်းထန်တဲ့ မြေငလျင် တုန်လှုပ်တယ်။ ဇမ္ဗူဒိပ်ကျွန်းမှာ ဝေဠုဝန်အာရာမ် အလှူပွဲမှတစ်ပါး အခြားအာရာမ်နဲ့ ကျောင်းအလှူပွဲတွေမှာ မြေငလျင် တုန်လှုပ်ခြင်းမရှိပါ။

(အပ၊ ဋ္ဌ၊ ၁၊ ၁၀၀။ ဗုဒ္ဓဝင်၊ ဋ္ဌ၊ ၂၅။ ဇာတ်၊ ဋ္ဌ၊ ၁၊ ၉၈)

ဗိမ္ဗိသာရမင်းက သောတာပန်ဖြစ်ပြီးနောက် ဘုရားရှင်နဲ့သံဃာတော်တွေသီတင်းသုံးဖို့ ကျောင်းတိုက်နေရာကို စဉ်းစားတဲ့အခါ အောက်ပါအချက် ၁၀ ချက်နဲ့ ပြည့်စုံတဲ့ ဝေဠုဝန်ဥယျာဉ်ကို ရွေးချယ်လိုက်ရပါတယ်။ (အနာထပိဏ်ကလည်း အချက် ၁၀ ချက်နဲ့ ပြည့်စုံတဲ့ ဇေတမင်းသားရဲ့ဥယျာဉ်ကို ရွေးပါတယ်။)

၁။ မြို့ရွာနဲ့ မဝေးလွန်းခြင်း။
၂။ မြို့ရွာနဲ့ မနီးလွန်းခြင်း။
၃။ သွားလမ်း၊ လာလမ်း ကောင်းခြင်း။

http://www.dhammadownload.com



၄။ ဘုရားဖူးလို တရားနာလိုသူတို့ သွားရောက်နိုင်ခြင်း။
၅။ နေ့အခါမှာ လူတွေနဲ့ ရောပြွမ်းမှု မရှိခြင်း။
၆။ ညဥ့်အခါမှာ ကျောင်းအနီးကဖြတ်သွားတဲ့ ခရီးသွားတွေရဲ့ အသံ ကင်းဆိတ်ခြင်း။
၇။ မြို့ရွာထဲက လူတွေ စုပေါင်းပြီးပြောတဲ့စကားသံကို မကြားရခြင်း။
၈။ ကျောင်းတိုက်အတွင်းမှာ လူတို့ ဖြတ်သန်းသွားလာမှု မရှိခြင်း။
၉။ တိုင်ပင်စရာရှိရင် တိုးတိုးတိတ်တိတ် တိုင်ပင်နိုင်လောက်အောင် လူတို့မှ ကင်းရှင်းခြင်း။
၁၀။ သံဃာတော်တွေ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းကာဖြင့် ကိန်းအောင်း စရာ ကောင်းခြင်း။

(တစ်ပါးတည်းနေဖို့ သင့်လျော် လျောက်ပတ်ခြင်း။)

(ဝိနည်း၊ မဟာဝါ၊ ၄၉)

ဗိမ္ဗိသာရမင်းက ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီး လှူပြီး "မြတ်စွာဘုရား၊ တပည့်တော်ဟာ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးနဲ့ ကင်းပြီး မနေနိုင်ပါ။ အချိန်မှာရော၊ အချိန်မဲ့မှာပါ ဘုရားရှင်ထံ လာပါမယ်။ ထန်းတောဥယျာဉ်က အလွန်ဝေးတဲ့အရပ်မှာ ရှိနေပါတယ်။ တပည့်တော်တို့ရဲ့ ဒီဝေဠုဝန် ဥယျာဉ်ကတော့ မဝေးလွန်း၊ မနီးလွန်းပါ။ သွားလမ်း၊ လာလမ်း ကောင်းပါတယ်။ ဘုရားရှင်အား ထိုက်တန်တဲ့ ကျောင်း ဖြစ်ပါတယ်။ ဘုရားရှင်ဟာ တပည့်တော်ရဲ့ ဒီဥယျာဉ် ကို ခံယူ တော်မူပါ" လို့ လျှောက်ကာ ရွှေကရားနဲ့ ပန်း၊ နံ့သာတွေနဲ့ ထုံထားတဲ့ ပတ္တမြားအရောင်ရှိ ရေကိုယူပြီး ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းတဲ့အခါ ဘုရားရှင်ရဲ့လက်မှာ ရေကိုချပါတယ်။ အဲဒီ ဝေဠုဝန်ဥယျာဉ်ကို ခံယူပြီး တယ်ဆိုရင်ပဲ "ဗုဒ္ဓသာသနာရဲ့အရင်းအမြစ်တွေ သက်ဆင်းပြီ" ဆိုတဲ့ အနေနဲ့ မြေကြီးက တုန်လှုပ်ပါတယ်။

(အပဒါန၊ ၄၊ ပ၊ ၁၀၀)

http://www.dhammadownload.com



ဝေဠုဝန်ကျောင်းတော်ကို ဒီလို ချီးမွမ်းထားကြပါတယ်။ “ဘုရားကျောင်းတော်ဖြစ်တဲ့ ပျော်မွေ့ဖွယ် ဝေဠုဝန်ဥယျာဉ်ကို မမြင်ဖူးသူဟာ တာဝတိံသာနတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်ကို မြင်ဖူးသည် မမည်ပေ။ လူတွေ အလွန်နှစ်သက်အပ်တဲ့ ဝေဠုဝန်ကို မြင်ဖူးသူဟာ သိကြားမင်း အလွန်နှစ်သက်အပ်တဲ့ နန္ဒဝန်ဥယျာဉ်ကို ကောင်းစွာ မြင်ဖူးသည် မည်တယ်။ တာဝတိံသာနတ်တွေက နန္ဒဝန်ဥယျာဉ်ကို စွန့်ခွာပြီး မြေပြင်ကို သက်ဆင်းကာ ပျော်မွေ့ဖွယ် ဝေဠုဝန်ဥယျာဉ်ကို မြင်တွေ့ရတဲ့အခါ အလွန် အံ့ဩနှစ်သက်ပြီး မရောင့်ရဲနိုင်ကြ။ ဝေဠုဝန် ဥယျာဉ်ဟာ မင်းရဲ့ ဘုန်းကံကြောင့် ဖြစ်ပေါ်လာတယ်။ ဘုရားရှင်ရဲ့ဘုန်းကံနဲ့ တန်ဆာဆင်ထားပါတယ်။ အဲဒီ ဥယျာဉ်ရဲ့ ဂုဏ်အပေါင်းကို ဘယ်သူက အပြည့်အစုံ သီကုံး ဖွဲ့ဆိုနိုင်မှာလဲ။ (ထေရီအပဒါန၊ ၂၂၄)

မင်းကြီးဟာ လူမှုရေးကိစ္စ များပြားလှလို့ ဘုရားရှင်နဲ့ သံဃာတွေထံ မကြာမကြာ သွားရောက်ဖူးမြော်နိုင်ဟန် မရှိပါ။ ပိလိန္ဒဝစ္ဆမထေရ်အား အာရာမ်စောင့်လှူဒါန်းပါမယ်လို့ ဝန်ခံပြီးနောက် ရက်ပေါင်း ၅၀၀ ကြာမှ အမှတ်ရလို့ မေ့လျော့နေတဲ့ ရက်နဲ့အညီအမျှ အာရာမ်စောင့် ၅၀၀ ကို လှူဒါန်းခဲ့ပါတယ်။ အဲဒီလူတွေ နေထိုင်ရာရွာကို “အာရာမိကဂါမက”ဟုလည်းကောင်း၊ “ပိလိန္ဒဂါမက”ဟုလည်းကောင်း ခေါ်တယ်။ (ဝိ၊ ၁၊ ၃၆၀)

ဂေါမိကထေရ်၊ သုဗာဟုထေရ်၊ ဝေလ္လိယထေရ်၊ ဥတ္တိယထေရ်တို့အား ကျောင်းဆောက်လှူဒါန်းပြီး အမိုး မိုးပေးဖို့ မေ့နေပြန်တယ်။ မထေရ်တွေရဲ့ တန်ခိုးကြောင့် မိုးမရွာမှ အမှတ်ရပြီး အမိုးမိုး၊ မြေညက်အင်္ဂတေတိုင်၊ ပန်းချီ ဆေးရုပ်ခြယ်ပြီးနောက် ကျောင်းရေစက်ချပွဲ ပြုလုပ်တယ်။ (ထေရ၊ ၂၃၁။ ထေရ၊ ဋ္ဌ၊ ၁၊ ၁၅၇)

သုဘူတိထေရ်အား ကျောင်းဆောက်လုပ်လှူဒါန်းမယ်ဟု လည်းကောင်း (ထေရ၊ ၂၁၉။ ထေရ၊ ဋ္ဌ၊ ၁၊ ၂၈။ အပ၊ ဋ္ဌ၊ ၁၊ ၃၅)

http://www.dhammadownload.com



ဂိရိမာနန္ဒထေရ်အား ပစ္စည်းလေးပါး ထောက်ပံ့မယ်ဟုလည်း ကောင်း (အပ၊ ၄၊ ၂၊ ၂၀၅)

ဝန်ခံပြီးမှ မေ့နေပြန်ရာ မထေရ်တွေရဲ့ တန်ခိုးကြောင့် မိုးမရွာမှ အမှတ်ရလို့ ကျောင်းဆောက်လုပ်လှူဒါန်းတယ်။

ဗိမ္ဗိသာရမင်းဟာ သောတာပန် ကျောင်းဒကာဖြစ်တယ်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးအပေါ် ကောင်းမှုများစွာ ပြုလုပ်ခဲ့ပါ တယ်။ အဲဒီ ကုသိုလ်ကံရဲ့အစွမ်းသတ္တိကြောင့် အထက်နတ်ပြည်မှာ ဖြစ် နိုင်ပေမယ့် ၇ ဘဝတိုင်တိုင် နေခဲ့ဖူးတဲ့ စာတုမဟာရာဇ်နတ်ပြည်မှာ သာယာစွဲလမ်းတဲ့ သံယောဇဉ်အားကြီးလို့ ဝေဿဝဏ်ဆိုတဲ့ စာတုမဟာ ရာဇ်နတ်မင်းကြီးရဲ့ လက်အောက်ခံ ဇနဝသဘဆိုတဲ့ နတ်ဖြစ်နေရပါ တယ်။

(သုတ်မဟာဝါ၊ ၁၆၇၊ ၄၊ ၂၃၁)

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်က ဦးခင်ဇော်တို့ လှူ ထားတဲ့ ၆ ဧကကျော် မြေနေရာမှာ သံဃာတော်တွေ သီတင်းသုံးဖို့ နှစ် ထပ်ကျောင်းဆောင် ၂ ဆောင်၊ ကုဋိ(အိမ်သာ)၊ ရေချိုးစရာ ရေကန်၊ ချက်ဖိုဆောင်စတဲ့ လိုအပ်ရာရာတွေကို ဦးခင်ဇော်တို့က ဖြည့်ဆည်းပေး နေပါတယ်။ သရက်၊ မာလကာ၊ ပိန္နဲ၊ ကျွဲကော၊ ငှက်ပျော၊ ရှောက်၊ သံပရာ၊ မရန်းစတဲ့ စားပင်သီးပင်တွေအပြင် ပန်းပင်အမျိုးမျိုးနဲ့ တန်ဆာ ဆင်ပေးထားပါတယ်။ အဲဒီ သစ်ပင်တွေ ကြီးထွားလာတဲ့အခါ နေထိုင် သီတင်းသုံးကြတဲ့ သံဃာတော်တွေနဲ့ လာရောက်ကြည့်ရှုရတဲ့ ပရိသတ် တွေအဖို့ စိတ်ကြည်နူး ချမ်းမြေ့ဖွယ်နေရာ တစ်နေရာ ဖြစ်လာပါလိမ့် မယ်။ ဗိမ္ဗိသာရမင်းရဲ့ ဝေဠုဝန်ကျောင်းတော်ကြီးကို ချီးမွမ်းခန်း ဖွင့်ကြ သလို သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ဟာလည်း ဦးခင်ဇော် တို့ ကျောင်းဒကာ၊ ဒကာမတွေရဲ့ ပံ့ပိုးကူညီမှုကြောင့် လူအများ ချီးမွမ်း ချင်စရာနေရာ တစ်နေရာ ဖြစ်လာနိုင်ပါလိမ့်မယ်။

http://www.dhammadownload.com

# ကျောင်းဒကာ-သုမင်္ဂလသူဌေး

ကဿပဘုရားလက်ထက်မှာ သုမင်္ဂလသူဌေးဆိုတာ ရှိခဲ့တယ်။ ရွှေအုတ်တွေနဲ့ မြေကြီးကိုခင်းတယ်။ ဥသဘ ၂၀ ရှိရာအရပ်မှာ အဲဒီလောက်အတိုင်းအတာရှိတဲ့ ဥစ္စာနဲ့ပဲ ကျောင်းကို ဆောက်လုပ်တယ်။ အဲဒီလောက် အတိုင်းအတာရှိတဲ့ ဥစ္စာနဲ့ပဲ ကျောင်းရေစက်ချပွဲ ပြုလုပ်တယ်။ သုမင်္ဂလသူဌေးက တစ်နေ့မှာ နံနက်စောစောပဲ ဘုရားရှင်ထံ သွားတယ်။ မြို့တံခါးအနီးက ဇရပ်တစ်ခုမှာ သင်္ကန်းနဲ့ခေါင်းမြီးခြုံကာ ရွှံ့ညွန်တွေ ပေနေတဲ့ ခြေတွေနဲ့ လဲလျောင်းနေတဲ့ သူခိုးတစ်ယောက်ကို မြင်ပြီး ခြေထောက်မှာ ရွှံ့ညွန်တွေပေနေတဲ့ ဒီလူဟာ ညအခါမှာ လှည့်လည်ပြီး နေ့အခါမှာ လဲလျောင်းနေတဲ့ လူဖြစ်လိမ့်မယ်လို့ ပြောလိုက်တယ်။ သူခိုးက မျက်နှာကို ဖွင့်ပြီး သူဌေးကိုကြည့်ကာ “ရှိပါစေ၊ သင့်အပေါ် ပြုလုပ်ထိုက်တာကို သိစေမယ်”လို့ ရန်ငြိုးဖွဲ့ကာ ၇ ကြိမ်တိုင်တိုင် လယ်ကို မီးရှို့တယ်။ ၇ ကြိမ်တိုင်တိုင် နွားခြံထဲက နွားတွေရဲ့ခြေထောက်တွေကို ဖြတ်ပစ်တယ်။ ၇ ကြိမ်တိုင်တိုင် အိမ်ကို မီးရှို့တယ်။ အဲဒီသူခိုးဟာ အဲဒီလောက်နဲ့လည်း ဒေါသကို ငြိမ်းအောင် မလုပ်နိုင်လို့ သူဌေးရဲ့ အလုပ်အကျွေးယော်နဲ့ မိတ်ဆွေဖွဲ့ကာ “သင့်သူဌေးက ဘာကို ချစ်မြတ်နိုးသလဲ”လို့ မေးတယ်။

http://www.dhammadownload.com



"ဂန္ဓကုဋိ ဘုရားကျောင်းတော်ထက် ပိုမြတ်နိုးတဲ့ အခြားအရာ သူဌေးမှာ မရှိပါ"

"ရှိပါစေ။ ဂန္ဓကုဋိကျောင်းတော်ကို မီးရှို့ပြီးမှ ဒေါသကို ငါငြိမ်းအောင်လုပ်မယ်"

အဲဒီလိုတွေးပြီး ဘုရားရှင် ဆွမ်းခံဝင်တဲ့အခါ သောက်ရေအိုး၊ သုံးရေအိုးတွေကို ခွဲပြီး မီးရှို့တယ်။ သူဌေးက "ဂန္ဓကုဋိကျောင်းတော်ကို မီးလောင်သတဲ့"လို့ ကြားရလို့ လာတဲ့အခါ မီးလောင်နေဆဲအချိန်မှာ လာပြီး ဂန္ဓကုဋိကျောင်းတော် မီးလောင်နေတာကို ကြည့်နေတယ်။ သားမြီးဖျားလောက်တောင်မှ ဝမ်းနည်းမှုကို မပြုဘဲ လက်ဝဲလက်မောင်းကို ကွေးလိုက်တယ်။ လက်ယာလက်နဲ့ အကြီးအကျယ် လက်ခမောင်း ခတ်တယ်။ အဲဒီအခါ သူဌေးကို အနီးရှိလူတွေက မေးကြတယ်။

"အိုသူဌေး ဒီလောက်ပစ္စည်းဥစ္စာကို စွန့်လွှတ်ပြီး ဆောက်လုပ်ထားတဲ့ ဂန္ဓကုဋိကျောင်းတော် မီးလောင်တဲ့အခါ ဘာကြောင့် လက်ခမောင်းခတ်ရပါသလဲ"

"မိတ်ဆွေတို့ မီးစသည်တွေနဲ့ မဆက်ဆံတဲ့ ဘုရားသာသနာမှာ ငါဟာ ဒီလောက်ပစ္စည်းဥစ္စာကို မြှုပ်နှံခွင့်ရခဲ့တယ်။ တစ်ဖန်လဲ အဲဒီလောက် အတိုင်းအတာရှိတဲ့ ပစ္စည်းဥစ္စာကို စွန့်လွှတ်ပြီး ဘုရားရှင်အတွက် ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်ခွင့် ငါရတော့မယ်လို့ တွေးပြီး ဝမ်းသာပျော်ရွှင်လို့ လက်ခမောင်း ခတ်ပါတယ်"

သူဌေးဟာ တစ်ဖန် အဲဒီလောက် အတိုင်းအတာရှိတဲ့ ပစ္စည်းဥစ္စာကို စွန့်လွှတ်ပြီး ဂန္ဓကုဋိကျောင်းတော် ဆောက်လုပ်ကာ ရဟန်းနှစ်သောင်း အခြံအရံရှိတဲ့ ဘုရားရှင်အား အလှူလှူလိုက်ပါတယ်။ သူဌေးကို ကြည့်ပြီး သူခိုးက ဒီလို ကြံစည်တယ်။

"ငါဟာ ဒီသူဌေးကို မသတ်ဘဲ မျက်နှာမသာမယာဖြစ်အောင် မလုပ်နိုင်၊ ရှိပါစေ။ သူ့ကို ငါသတ်မယ်"

http://www.dhammadownload.com



အဲဒီလို ဆုံးဖြတ်ပြီး အဝတ်ကြားမှာ ဓားမြှောင်ကို ဖွက်ထားတယ်။ ၇ ရက်ပတ်လုံး ကျောင်းမှာ လှည့်လည်ပေမယ့်လည်း အခွင့်ကို မရ။ သူဌေးကြီးကလည်း ၇ ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်း အား အလှူလှူပြီး ဘုရားရှင်ကို ရှိခိုးကာ ဒီလို လျှောက်ထားပါတယ်။

"မြတ်စွာဘုရား ယောက်ျားတစ်ယောက်က တပည့်တော်ရဲ့လယ် ကို ၇ ကြိမ်တိုင်တိုင် မီးရှို့သွားပါတယ်။ နွားခြံထဲက နွားတွေရဲ့ ခြေ ထောက်တွေကို ၇ ကြိမ်တိုင်တိုင် ဖြတ်တောက်ခဲ့ပါတယ်။ ၇ ကြိမ် တိုင်တိုင် အိမ်ကို မီးရှို့ခဲ့ပါတယ်။ အခု ဂန္ဓကုဋီကျောင်းတော်ကိုလဲ အဲဒီ ယောက်ျားကပဲ မီးရှို့တာ ဖြစ်ပါလိမ့်မယ်။ တပည့်တော်ဟာ ဒီအလှူမှာ ရှေးဦးစွာ အဲဒီယောက်ျားအား အမျှပေးဝေပါတယ်"

အဲဒီစကားကို ကြားရပြီး သူခိုးက ဒီလို တွေးပါတယ်။

"ငါဟာ ဝန်လေးတဲ့ အမှုကို ပြုမိလေစွတကား။ ဒီလို အပြစ်ပြုလုပ် တဲ့ ငါ့အပေါ်မှာ ဒီသူဌေးက ဒေါသတောင် မထွက်။ ဒီအလှူမှာလဲ ငါ့ အားသာ ရှေးဦးစွာ အမျှပေးဝေတယ်။ ငါဟာ ဒီသူဌေးအပေါ် ပြစ်မှား တယ်။ ဒီလို ယောက်ျားကို ငါဟာ မတောင်းပန်ရင် ငါ့ဦးထိပ်ပေါ် မိုးကြိုး တောင် ကျနိုင်တယ်"

အဲဒီလိုတွေးပြီး သွားကာ သူဌေးရဲ့ခြေရင်းမှာ လဲလျောင်းပြီး ဒီလို ပြောပါတယ်။

"အို သူဌေး၊ ကျွန်ုပ်အား သည်းခံပါ"

"ဒါက ဘာပါလဲ"

"အို သူဌေး၊ ဒီလို မသင့်လျော်တဲ့ အမှုကို အကျွန်ုပ်ပြုမိပါပြီ။ ကျွန်ုပ် အား သည်းခံပါ"

"သင်က ဒီအမှု၊ ဒီအမှုတွေကို ငါ့အပေါ် ပြုလုပ်သလား" (အကုန် မေးပါတယ်။)

"ဟုတ်ပါတယ်။ အကျွန်ုပ် လုပ်ပါတယ်"

http://www.dhammadownload.com



"သင့်ကို ငါအရင်က မမြင်ဖူးပါ၊ ဘာကြောင့် ငါ့ကို စိတ်ဆိုးပြီး ဒီလို လုပ်ခဲ့တာလဲ"

သူခိုးက တစ်နေ့မှာ မြို့က ထွက်လာတဲ့ သူဌေးက ပြောခဲ့တဲ့စကား ကို အမှတ်ရပြီး "ကျွန်ုပ်ဟာ ဒီအကြောင်းကြောင့် ဒေါသထွက်ခဲ့ပါတယ်" လို့ ပြောတယ်။ သူဌေးက သူပြောခဲ့တဲ့စကားကို အမှတ်ရပြီး "မိတ်ဆွေ၊ ဟုတ်ပါတယ်။ ငါဟာ ပြောခဲ့ပါတယ်။ ငါ့ကို သည်းခံပါ"လို့ သူခိုးကို တောင်းပန်တယ်။ ပြီးတော့ ဒီလို ပြောပါတယ်။

"မိတ်ဆွေ၊ ထပါ။ သင့်ကို သည်းခံပါတယ်။ မိတ်ဆွေ သွားပါ"

"သူဌေး ကျွန်ုပ်ကို သည်းခံရင် ကျွန်ုပ်ကို သား၊ သမီး၊ ဇနီးတွေပါ သင့်အိမ်မှာ ကျွန်ပြုပါ"

"မိတ်ဆွေ၊ သင်ဟာ ငါ ဒီလောက် ပြောတာတောင် ဒီလို ဖြတ် တောက်မှုကို ပြုခဲ့တယ်။ ငါ့အိမ်မှာနေတဲ့ သင်နဲ့အတူ ဘာစကားကိုမှ ပြောဖို့ မတတ်နိုင်ပါ။ သင်ဟာ ငါ့အိမ်မှာ နေဖို့ကိစ္စ မရှိပါ။ သင့်ကို သည်း ခံပါတယ်။ မိတ်ဆွေ သွားပါ"

သူခိုးဟာ အဲဒီကံကို ပြုလုပ်ပြီး အသက်သေတဲ့အခါ အဝီစိငရဲမှာ ဖြစ်တယ်။ အချိန်ကြာမြင့်စွာ အဝီစိငရဲမှာ ကျက်တယ်။ အကျိုးအကြွင်း အရ ဂိဇ္ဈကုဋ်တောင်မှာ မီးလောင်ခံရတဲ့ မြွေပြိတ္တာ ဖြစ်နေပါတယ်။ သူ့ခန္ဓာကိုယ်ရဲ့ ဦးခေါင်းမှာ မီးလောင်ထွက်ပေါ်လာပြီး အမြီးကို သွား တယ်။ အမြီးဟာ မီးလျှံ ထွက်ပေါ်လာပြီး ဦးခေါင်းဆီ သွားတယ်။ နှစ် ဖက်က ထွက်ပေါ်လာပြီး အလယ်မှာ သက်ဆင်းတယ်။

(ဓမ္မပဒ၊ ၄၊ ဒု၊ ၃၉)

ဦးခင်ဇော် သုမင်္ဂလသူဌေးရဲ့ စိတ်ထား၊ နှလုံးထား၊ သဘောထား ကတော့ ရှာမှာ ရှားပါပဲ။ ဒီလောက် အနှောင့်အယှက် အဖျက်အဆီးတွေ နဲ့ ကြုံတွေ့ရပေမယ့် စိတ်မပျက်၊ စိတ်ဓာတ်မကျ၊ ဒေါသမထွက်တာဟာ ချီးကျူးစရာပါပဲ။ စိတ်မပျက်ဘဲ စိတ်ပျော်ရွှင်ကျေနပ် နေလိုက်သေး

http://www.dhammadownload.com



တယ်။ သူဌေးမှာ သင့်တင့်စွာ နှလုံးသွင်း ဆင်ခြင်မှု ယောနိသော မနသိကာရ မရှိခဲ့ရင် အကုသိုလ်တိုးကာ ဆိုးဝါးလှတဲ့ မကောင်းကျိုးတွေကိုလည်း ရရှိသွားနိုင်ပါတယ်။ သူဌေးရဲ့ဖြူစင်မြင့်မြတ်တဲ့ စိတ်ထားနဲ့ သူခိုးရဲ့ မည်းညစ်ယုတ်မာတဲ့ စိတ်ထားတို့ အချင်းချင်း ယှဉ်ပြိုင်ရာ သူဌေးရဲ့ သူတော်ကောင်းစိတ်ထားက အောင်ပွဲခံသွားပါတယ်။ "မသူတော်ကို သူတော်ကောင်းအဖြစ်နဲ့ အနိုင်ယူပါ။ အမျက်ထွက်သူကို အမျက်မထွက်ဘဲ သည်းခံမှုနဲ့ အနိုင်ယူပါ"လို့ ဆုံးမထားတဲ့ ဘုရားအဆုံးအမတော်နဲ့အညီ သူဌေးက ကျင့်သုံးလိုက်တာပါပဲ။ သူ လှူထားတဲ့ကျောင်း မီးရှို့ခံရတာကိုပဲ ဝမ်းအသာကြီး သာနေတယ်ဆိုတာ အံ့ဩစရာ အလွန်ကောင်းပါတယ်။

## သောတာပန်နဲ့တူတယ်

ဦးခင်ဇော်လို ကျောင်းဒကာတွေလည်း စွဲမြဲတဲ့ ကောင်းမှုရှင်တွေဖြစ်ကြပါတယ်။ သူတို့ရဲ့ နောက်ရောက်လာမယ့် ဘဝဟာလည်း မြဲပါတယ်။ (ကောင်းရာဘဝ ရောက်ဖို့ သေချာပါတယ်။) သောတာပန်နဲ့ တူပါတယ်။ ဘာဝိပဿနာကိုမှ အားမထုတ်ရဘဲနဲ့ သောတာပန်နဲ့ တူသူဆိုတော့ သောတာပန်အစစ်တော့ မဟုတ်သေးဘူးပေါ့။ သောတာပန်အစစ်လောက်တော့ စွမ်းရည်သတ္တိ မထက်မြက်သေးဘူးပေါ့။ သောတာပန် အစစ်ဖြစ်အောင်တော့ ဝိပဿနာအားထုတ်မှပဲ ဖြစ်ပါတယ်။ ဝိပဿနာ အားထုတ်လို့ ဝိပဿနာဉာဏ် ရင့်ကျက်ပြည့်စုံပြီး သောတာပန်အစစ် ဖြစ်သွားရင်တော့ ဘယ်တော့မှ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို မရောက်နိုင်တော့ပါ။ အောက်တန်းကျတဲ့ လူ့ဘဝ၊ နတ်ဘဝတွေကိုလည်း မရောက်ရတော့ပါ။ ကျောင်းတစ်ဆောင် လှူဖူးတဲ့ ကောင်းမှုကတော့ စွဲမြဲတဲ့ကောင်းမှု ဖြစ်တယ်လို့ ဆိုထားတော့ ကျောင်းပေါင်းများစွာ လှူထားတဲ့ ဦးခင်ဇော်တို့ရဲ့ကောင်းမှုကတော့ ပိုမို စွဲမြဲနေမှာပေါ့။ စွဲမြဲတဲ့ ကောင်းမှုတွေကတော့ ကျောင်းတစ်

http://www.dhammadownload.com



ဆောင် အလှူတင်မကပါ။ အခြားကောင်းမှုတွေလည်း ပါပါသေးတယ်။ အဲဒီ ကောင်းမှုတွေကတော့

၁။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်မှု။

၂။ ငါးပါးသီလ လုံခြုံမှု (မသတ်မှု၊ မခိုးမှု၊ ကာမမဖောက်ပြန်မှု၊ မလိမ်ညာမှု၊ သေရည်အရက် မသောက်မှု။)

၃။ စာရေးတံမဲချပြီး လှူတဲ့ ဆွမ်းအလှူ တစ်လှူ။

၄။ လဆန်းမှာ တစ်ကြိမ်၊ လဆုတ်မှာ တစ်ကြိမ်လှူတဲ့ ဆွမ်းအလှူ။

၅။ ဝါဆိုသင်္ကန်းအလှူတစ်ကြိမ်။

၆။ ရေကန်တစ်ကန် အလှူတွေပါပဲ။

(အံ၊ ဋ္ဌ၊ တ၊ ၂၆၅)

အဲဒီ ကောင်းမှု ၆ မျိုးကိုလည်း ဦးခင်ဇော် ဆည်းပူးပြုလုပ်ထားတာပဲ မဟုတ်လား။ အဲဒီ ဒါနကောင်းမှုတွေ၊ သရဏဂုံကောင်းမှု၊ ငါးပါးသီလကောင်းမှုတွေဟာ သူ့အတိုင်းအတာနဲ့ သူအားကိုးရတဲ့ ကောင်းမှုတွေ ဖြစ်ကြပါတယ်။ အပါယ်လေးပါး မကျရောက်ဖို့ ထာဝရ အာမခံချက်ရှိတဲ့ ကောင်းမှုတွေတော့ မဟုတ်ကြသေးပါ။ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံရခိုက်မှာ လူဖြစ်နေရတဲ့ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓသာသနာနဲ့လည်း တွေ့ကြုံရကျိုးနပ်အောင်၊ လူဖြစ်ရကျိုးနပ်အောင်၊ အဲဒီလို သောတာပန်အတုဘဝမျှနဲ့ တင်းတိမ်အားရကျေနပ်လို့ မရသေးပါ။ သောတာပန်အစစ်ဖြစ်အောင် တစ်ဆင့်တိုးပြီး ကြိုးစားရပါဦးမယ်။ သောတာပန်အစစ် ဖြစ်သွားမှသာ ဗုဒ္ဓသာသနာနဲ့လည်း တွေ့ကြုံရကျိုး နပ်ပါမယ်။ လူဖြစ်ရကျိုးလည်း နပ်ပါမယ်။ ထာဝရ ဘဝအာမခံချက် ရသွားပါမယ်။ ဒါနကောင်းမှု၊ သီလကောင်းမှု၊ သမထဘာဝနာကောင်းမှုတွေဟာ ဗုဒ္ဓသာသနာနဲ့ မတွေ့ကြုံရတဲ့ သာသနာပကာလမှာလည်း ရယူလို့ဖြစ်တဲ့ ကောင်းမှုတွေ ဖြစ်ပါတယ်။ ဗုဒ္ဓသာသနာနဲ့ မတွေ့ကြုံရလည်း အဲဒီ ကောင်းမှုတွေကို ရယူနေကြပါတယ်။ ဗုဒ္ဓသာသနာနဲ့ မတွေ့ကြုံရတဲ့

http://www.dhammadownload.com



အချိန်အခါမှာ (သာသနာပကာလမှာ) ဝိပဿနာကုသိုလ်ကိုတော့ ယူလို့မရနိုင်ပါ။ ဝိပဿနာကုသိုလ်ကို ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံခိုက် ဖြစ်တဲ့ အခုလို အချိန်ကောင်း၊ အခါကောင်းမှသာ အားထုတ်လို့ ရနိုင်ပါတယ်။

အထက်ပါ ကောင်းမှု ၇ မျိုးကို မဟာစည်ဆရာတော်ကြီးက အောက်ပါအတိုင်း လင်္ကာသီကုံးထားပါတယ်။

- တိသရဏ, ငါးသီလ, မဲချစာရေးတံ။
- ၁၅ ရက်ဆွမ်း, ဝါသင်္ကန်း, လှူဒါန်း သောက်ရေကန်။
- ကျောင်းလှူတစ်ဝ, နိဗဒ္ဓ, ပုညရှိသူမှန်။
- သောတာလိုပဲ, ဂတိမြဲ, သူလဲ ပါယ်မပြန်။

http://www.dhammadownload.com

# သစ်ရှက်မိုးကျောင်းတစ်ထောင်

ရှေးအခါက အရှင်မဟာကပ္ပိနဟာ ပဒုမုတ္တရဘုရားရှင်ရဲ့ ခြေရင်းမှာ ဆုတောင်းကာ ကောင်းမှုပြုပြီး သံသရာကျင်လည်တဲ့အခါ ဗာရာဏသီပြည်ရဲ့အနီး ရက်ကန်းသည် ရွာတစ်ရွာမှာ အကြီးအကဲ ရက်ကန်းသည် ဖြစ်တယ်။ အဲဒီအခါ တစ်ထောင်လောက်သော ပစ္စေကဗုဒ္ဓါတွေဟာ ၈ လပတ်လုံး ဟိမဝန္တာမှာ နေကြတယ်။ မိုး ၄ လ ပတ်လုံး ဇနပုဒ်မှာ နေကြတယ်။ အဲဒီ ပစ္စေကဗုဒ္ဓါတွေက တစ်ကြိမ်၊ ဗာရာဏသီပြည်ရဲ့ အနီးမှာ သက်ဆင်းပြီး " ကျောင်းဆောက်ဖို့ လက်အလုပ် (လုပ်အား)ကို သင်တို့ တောင်းကြ"လို့ မင်းထံ ပစ္စေကဗုဒ္ဓါ ၈ ပါးကို လွှတ်လိုက်ကြတယ်။ အဲဒီအခါ မင်းက လယ်ထွန်မင်္ဂလာ ပြုလုပ်နေတယ်။ မင်းက "ပစ္စေကဗုဒ္ဓါတွေ ကြွလာကြသတဲ့" လို့ ကြားပြီး အဲဒီခဏမှာ ထွက်ကာ လာခြင်းရဲ့အကြောင်းကို မေးတယ်။ "အရှင်ဘုရားတို့ ဒီနေ့ အခွင့်မရှိပါ။ နက်ဖြန်ခါ တပည့်တော်တို့မှာ လယ်ထွန်မင်္ဂလာ ရှိပါတယ်။ တတိယနေ့မှာ တပည့်တော် လုပ်ပေးပါမယ်" လို့လျှောက်ပြီး ပစ္စေကဗုဒ္ဓါတွေကို မဖိတ်မံဘဲသာ ဝင်သွားတယ်။

ပစ္စေကဗုဒ္ဓါတွေက "အခြားအရပ်ကို သွားကြမယ်" လို့ ပြောပြီး ဖဲသွားကြတယ်။ အဲဒီခဏမှာ အကြီးအကဲ ရက်ကန်းသည်ရဲ့မယားက

http://www.dhammadownload.com



ကိစ္စတစ်ခုကြောင့်ပဲ ဗာရာဏသီပြည်ကို သွားတဲ့အခါ အဲဒီပစ္စေကဗုဒ္ဓါတွေကို မြင်ရပြီး ရှိခိုးတယ်။ "အရှင်ဘုရားတို့ အရှင်ဘုရားတို့ဟာ အချိန်မဲ့မှာ လာကြသလား" လို့ မေးတဲ့အခါ ပစ္စေကဗုဒ္ဓါတွေက အစကစပြီး ပြောပြကြတယ်။ အဲဒီဖြစ်ပုံကို ကြားရပြီး သဒ္ဓါ၊ ဉာဏ်နဲ့ပြည့်စုံတဲ့ မိန်းမက "အရှင်ဘုရားတို့ နက်ဖြန်ခါ တပည့်တော်တို့ရဲ့ဆွမ်းကို ခံယူတော်မူကြပါ" လို့ ဖိတ်မံတယ်။

"နှမ၊ ငါတို့က များတယ်"

"ဘယ်လောက်ပါလဲ ဘုရား"

"တစ်ထောင်လောက်ပဲ"

"အရှင်ဘုရားတို့ ဒီရွာမှာ ရက်ကန်းသည်တစ်ထောင် နေကြပါတယ်။ ရက်ကန်းသည် တစ်ဦး တစ်ဦးက ပစ္စေကဗုဒ္ဓါတစ်ပါး တစ်ပါးအား ဆွမ်းကို လှူကြပါမယ်။ ဆွမ်းကို လက်ခံတော်မူကြပါ။ တပည့်တော်ပဲ အရှင်ဘုရားတို့အတွက် နေရာဌာနကိုလည်း ပြုလုပ်ခိုင်းပါမယ်"

ပစ္စေကဗုဒ္ဓါတွေက လက်ခံကြပါတယ်။ အဲဒီမိန်းမက ရွာကိုဝင်ပြီး "ကျွန်မဟာ တစ်ထောင်လောက် ပစ္စေကဗုဒ္ဓါတွေကို တွေ့လို့ ပင့်ဖိတ်ခဲ့ပါတယ်။ အရှင်မြတ်တွေအတွက် ထိုင်စရာနေရာကို စီမံကြပါ။ ယာဂု၊ ဆွမ်းစသည်တွေကို ပြီးစီးအောင် လုပ်ကြပါ" လို့ ကြွေးကြော်တယ်။ ရွာအလယ်မှာ မဏ္ဍပ်အဆောက်ခိုင်းပြီး နေရာတွေကို ခင်းစေကာ နောက်နေ့မှာ ပစ္စေကဗုဒ္ဓါတွေကို ထိုင်စေပါတယ်။ မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ်တွေနဲ့ ပြုစုလုပ်ကျွေးတယ်။ ဆွမ်းကိစ္စအဆုံးမှာ အဲဒီရွာက မိန်းမအားလုံးကို ခေါ်ပြီး အဲဒီမိန်းမတွေနဲ့အတူ ပစ္စေကဗုဒ္ဓါတွေကို ရှိခိုးတယ်။ "အရှင်ဘုရားတို့ ၃ လပတ်လုံး နေဖို့ရာ ဝန်ခံချက်ပေးကြပါ"လို့ လျှောက်ပြီး ပစ္စေကဗုဒ္ဓါတွေရဲ့ ဝန်ခံချက်ကို ယူကြတယ်။ နောက်တစ်ကြိမ်ရွာမှာ "မိခင်၊ ဖခင်တို့ တစ်အိမ်၊ တစ်အိမ်က ယောကျ်ားတစ်ယောက်တစ်ယောက်ဟာ ပေါက်ဆိန်၊ ပဲကွပ် စတာတွေကို ယူပြီး တောကို ဝင်ကာ

http://www.dhammadownload.com



သစ်သားအဆောက်အဦတွေကို သယ်ယူပြီး အရှင်မြတ်တွေအတွက် နေရာအရပ်ကို ပြုလုပ်ပါ”လို့ ကြွေးကြော်တယ်။

ရွာသားတွေက သူမရဲ့ စကားကို ကြားရပြီး တစ်ယောက်တစ်ယောက်က နေရာတစ်ခုတစ်ခုကို ပြုလုပ်ကာ ညဉ့်နေရာ၊ နေ့နေရာတွေနဲ့တကွ သစ်ရွက်မိုးကျောင်း တစ်ထောင်ကို ပြုလုပ်ပြီး မိမိ မိမိရဲ့သစ်ရွက်မိုးကျောင်းမှာ ဝါကပ်တဲ့ ပစ္စေကဗုဒ္ဓါတွေကို “ငါဟာ ရိုရိုသေသေ ပြုစုမယ်။ ငါဟာ ရိုရိုသေသေ ပြုစုမယ်”လို့ ပြောပြီး ပြုစုကြတယ်။ ဝါကျွတ်ပြီးတဲ့အခါ “မိမိ မိမိရဲ့သစ်ရွက်မိုးကျောင်းမှာ ဝါဆိုကြတဲ့ ပစ္စေကဗုဒ္ဓါတွေအတွက် သင်္ကန်းလျာအဝတ်တွေကို စီမံကြလော”လို့ တိုက်တွန်းပြီး တစ်ပါးတစ်ပါးအား တစ်ထောင် တစ်ထောင် တန်ဖိုးရှိတဲ့ သင်္ကန်းကို အလှူခိုင်းတယ်။ ပစ္စေကဗုဒ္ဓါတွေက ဝါကျွတ်ပြီးတဲ့အခါ အနုမောဒနာပြုပြီး (ဝမ်းမြောက်ဖွယ်စကား ပြောကြားပြီး) ဖဲသွားကြတယ်။

ရွာသားတွေကလည်း ဒီကောင်းမှုကို ပြုလုပ်ကာ အဲဒီလူ့ဘဝက သေပြီး တာဝတိံသာနတ်ပြည်မှာ အုပ်စုလိုက်နတ်သားတွေ ဖြစ်ကြတယ်။ အကြီးအကဲ ရက်ကန်းသည် ဇနီးမောင်နှံဟာ ဂေါတမဘုရားလက်ထက်မှာ မဟာကပ္ပိနမင်းနဲ့ အနောဇာမိဖုရား ဖြစ်လာကြပါတယ်။ သူတို့ တစ်ဖွဲ့လုံး ရဟန္တာတွေ ဖြစ်သွားကြပါတယ်။

(ဓမ္မပဒ၊ ၄၊ ပ၊ ၃၅၁)

ပစ္စေကဗုဒ္ဓါတစ်ထောင်အတွက် စားရေး၊ ဝတ်ရေး၊ နေရေး တာဝန် ယူကြတဲ့ အဲဒီရွာသူရွာသားတွေဟာ တော်ကြပါပေတယ်။ သဒ္ဓါ၊ ပညာနဲ့ ပြည့်စုံတဲ့ အမျိုးသမီးကြောင့် ရွာသူရွာသားတွေမှာ ကုသိုလ်တိုးပွားကြရပါတယ်။ သစ်ရွက်မိုးကျောင်းတစ်ထောင်ဟာ ဦးခင်ဇော်တို့ ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းဆောင်ကြီး၊ ကျောင်းငယ် အသွယ်သွယ်နဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ဘာမှ မပြောပလောက်ပါ။ သဒ္ဓါလည်းရှိ ပညာလည်းရှိတဲ့ အမျိုးသမီးတစ်ဦးကြောင့် ပစ္စေကဗုဒ္ဓါတစ်ထောင်

http://www.dhammadownload.com



အစား၊ အဝတ်၊ နေရာ အဆင်ပြေ ချမ်းသာသွားပါပေတယ်။ ဦးခင်ဇော်ရဲ့ သဒ္ဓါနဲ့ပညာကြောင့် သာသနာ့ဝန်ထမ်းရှင်ရဟန်းများစွာမှာ မပင်ပန်း ချမ်းချမ်းသာသာ ဆောင်ရွက်နေနိုင်ကြပါပေတယ်။

သာဓု၊ သာဓု၊ သာဓု။

http://www.dhammadownload.com

# လယ်စောင့်တဲလေး

ဦးခင်ဇော်ရေ မြက်မိုးတဲလေးအကြောင်းကို ထေရဂါထာအဋ္ဌကထာ၊ ပထမအုပ်၊ စာမျက်နှာ ၁၆၁ မှာ ဖတ်ရှုရပါတယ်။ လယ်စောင့်သမား ဆောက်လုပ်ထားတဲ့ တဲလေးပါပဲ။ အဲဒီ လယ်စောင့်တဲလေးအကြောင်း ဖတ်ရတော့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ ပထမဆုံးနှစ်အဖြစ် ၁၃၆၆ ခု၊ ဝါဆိုလ၊ ၂၀၀၄ ကစပြီး ရဟန်း ၃ ပါး၊ ကိုရင် ၃ ပါး နေခဲ့တဲ့ ၃ ပင် ၂ ခန်း တဲလေးကို သတိရလာမိပါတယ်။ အဲဒီတဲလေးကို သာမဏေကျော်ရဲ့တူဖြစ်သူ မောင်မြင့်သိန်းနေဖို့ ရဟန်းဒကာမကြီး ဒေါ်ခင်စောညွန့်က ဆောက်လုပ်ပေးထားပါတယ်။ ဒေါ်ခင်စောညွန့် လှူတဲ့ မြေကေ ၂ ကေမှာ စောင့်ရှောက်ရင်း မောင်မြင့်သိန်းက အဲဒီတဲသေးသေးလေးထဲမှာ နေပါတယ်။ အခု လယ်သမား ဆောက်လုပ်ထားတဲ့ တဲလေးဟာလည်း မောင်မြင့်သိန်းနေရာ စံနန်းတော်လည်း ဟုတ်၊ သံဃာတော် ၆ ပါး ကိန်းအောင်းမွေ့လျော်ခဲ့ရရာ ပထမဆုံးကျောင်းတော်ကြီးလည်း ဟုတ်ခဲ့တဲ့ တဲလေးလို ဖြစ်ဖွယ်ရှိပါတယ်။ အဲဒီ လယ်စောင့်သမားရဲ့ တဲလေးမှာ ရဟန်းတစ်ပါး ခေတ္တနေထိုင်သွားခဲ့ပါတယ်။ ဘုရားရှင်လက်ထက်က ဖြစ်ပါတယ်။ အဲဒီရဟန်းက ဝိပဿနာ

http://www.dhammadownload.com



တရား အားထုတ်နေပါတယ်။ ညနေအချိန်မှာ အဲဒီ လယ်သမားရဲ့ လယ် အနီးက သွားတဲ့အခါ မိုးရွာလာလို့ အဲဒီလယ်စောင့်သမားရဲ့ ကောင်းမှု ဖြစ်တဲ့ မြက်မိုးကျောင်း(တဲလေး)ကို မြင်ရပြီး ဝင်လိုက်ပါတယ်။ အဲဒီတဲ လေးထဲ မြက်ခင်းအပေါ် ထိုင်လိုက်ပါတယ်။ ထိုင်လိုက်ပြီးကာမျှမှပဲ သင့်လျော်တဲ့ ဥတုကိုရပြီး ဝိပဿနာအားထုတ်ကာ ရဟန္တာ ဖြစ်သွားပါ တယ်။

အဲဒီလယ်စောင့်တဲလေးဟာ အဲဒီရဟန်းရဲ့ ရဟန္တာဖြစ်သွားရာ နေရာထူးလေး ဖြစ်သွားပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံကျောင်း တိုက်က အဲဒီတဲကျောင်းလေးက အဲဒီလို ထူးခြားတဲ့နေရာ ဖြစ်မလာ သေးပါ။ ဝါးခင်း၊ ဝါးထရံကာ၊ သက်ကယ်မိုး အဲဒီတဲကျောင်းဟာ ယခု အခါမှာတော့ မရှိတော့ပါ။ အဲဒီရဟန္တာမထေရ်က အဲဒီလယ်စောင့်တဲ လေးထဲ ထိုင်နေတုန်း လယ်စောင့်သမားက ပြန်လာကာ မေးပါတယ်။

"တဲလေးထဲက ဘယ်သူလဲ"

"တဲလေးထဲက ရဟန်းပါ။ အလွန်စိတ်တည်ကြည်တဲ့ ရဟန္တာပါပဲ၊ လယ်စောင့်သမား သင့်တဲလေးကို အကျိုးရှိအောင် အသုံးပြုလိုက်ပါ တယ်။ သင်ဝမ်းမြောက်ရင် အဲဒီဝမ်းမြောက်မှုဟာ သင့်အတွက် ကာလ ကြာရှည်စွာ စီးပွားချမ်းသာအလို့ငှာ ဖြစ်ပါလိမ့်မယ်"

အဲဒီစကားကို ကြားရပြီး လယ်စောင့်သမားက "ငါရဲ့တဲလေးထဲ ဒီလို အရှင်မြတ်ဝင်ပြီး နေထိုင်တာ ငါ့မှာ အရတော်ပါပေစွ၊ လူ့ဘဝကို ငါဟာ ကောင်းကောင်း ရထားပါပေစွ"လို့ ကြည်ညိုဝမ်းမြောက်ကာ ရပ် တည်နေပါတယ်။ အဲဒီအရှင်မြတ်နဲ့ လယ်သမားတို့ရဲ့ ဒီစကားပြောသံကို ဘုရားရှင်က ဒိဗ္ဗသောတအဘိညာဉ်နဲ့ ကြားတော်မူပါတယ်။ လယ် စောင့်သမားမှာ ဝမ်းသာနေတာကိုလည်း သိတော်မူတယ်။ အဲဒီကောင်း မှုကြောင့် ဖြစ်လာမယ့် စည်းစိမ်ပြည့်စုံမှုကို ထင်ရှားပြလိုလို့ လယ်စောင့် သမားအား ဒီလို မိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com



"လယ်စောင့်သမား၊ သင့်တဲလေးထဲမှာ ငြိမ်းအေးစိတ်ပိုင်ရှင် ရဟန္တာ ရဟန်းဟာ နေသွားတယ်။ အဲဒီကုသိုလ်ကံရဲ့ အကျိုးကြောင့် သင်ဟာ နတ်မင်းဖြစ်လိမ့်မယ်။ နတ်မင်းအဖြစ်နဲ့ ၃၆ ကြိမ်တိုင်တိုင် နတ်ပြည်ကို အုပ်ချုပ်ရလိမ့်မယ်။ ၃၄ ကြိမ်တိုင်တိုင် စကြဝတေးမင်း ဖြစ်လိမ့်မယ်။ ရတနကုဋေမည်တဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ် ဖြစ်လိမ့်မယ်"

ဦးခင်ဇော် လယ်စောင့်သမားမှာ ရလာတဲ့အကျိုးက ကြီးကျယ်လှပါပေတယ်။ အဲဒီရဟန်း သူ့တဲလေးထဲ သီတင်းသုံးသွားတဲ့ အချိန်ဟာ မကြာရှည်ပါ။ လယ်စောင့်သမားမှာ "ငါ့မှာ အရတော်လေစွ"လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တဲ့စိတ်က ကြီးကျယ်တဲ့အကျိုးတွေကို ပေးပါပေတယ်။ ဦးခင်ဇော်တို့မှာလည်း ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းတော်ကြီးတွေကို အာရုံပြုလိုက်တိုင်း၊ အမှတ်ရလိုက်တိုင်း၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်တဲ့စိတ်တွေ ရှေးကလည်း မရေမတွက်နိုင်အောင် ဖြစ်ခဲ့ပါတယ်။ ယခုလည်း ဖြစ်နေပါတယ်။ နောင်အခါမှာလည်း မရေမတွက်နိုင်အောင်ပဲ ဖြစ်နေဦးမှာပါပဲ။ အဲဒီ အင်အားကောင်းလှတဲ့ ထုထည်ကြီးမားလှတဲ့ ကုသိုလ်စေတနာအကြောင်းတရားတွေက ကြီးကျယ်တဲ့ လူ့စည်းစိမ်၊ နတ်စည်းစိမ်ဆိုတဲ့ လောကီစည်းစိမ်တွေအပြင် လောကုတ္တရာစည်းစိမ်တွေကို ပေးစွမ်းနိုင်ကြပါပေတယ်။

ဦးခင်ဇော်တို့ စွန်ညီနောင် စွန်မင်းမိသားစု ဆောက်လုပ်လှူဒါန်းထားတဲ့ ၃ ထပ်၊ ၂ ထပ်၊ ၁ ထပ် ကျောင်းဆောင်တွေပေါ်မှာ ပရိယတ်၊ ပဋိပတ်သာသနာ့ဝန်ဆောင် သံဃာတော်အရှင်မြတ်တွေဟာ ဦးခင်ဇော်တို့ရဲ့ တစ်သက်မက ဦးခင်ဇော်တို့ရဲ့ သား၊ သမီး၊ မြေး၊ မြစ်တွေရဲ့ တစ်သက်မကအချိန်ကြာမြင့်စွာ သီတင်းသုံးကာ ပရိယတ် ပဋိပတ်သာသနာအလုပ်တွေကို ကြိုးပမ်းအားထုတ်သွားကြပါမယ်။ ဦးခင်ဇော်တို့ ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းဆောင်တွေဟာ အနာဂတ်မှာ ပရိယတ်သာသနာအတွက်ရော၊ ပဋိပတ်သာသနာအတွက်ပါ ကျေးဇူးများနေ

http://www.dhammadownload.com



မှာကို မျှော်မှန်းတွေးကြည့်လိုက်ရင် ဘယ်လောက် ဝမ်းသာကြည်နူးစရာ ကောင်းလိုက်သလဲ။ ဒီလို အတွေးတွေကိုတော့ တွေးနိုင်လေလေ ကိုယ့်မှာ ကုသိုလ်တွေ တိုးပွား တိုးပွားလာလေပါပဲ။ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်တွေကို ပြန်တွေး တွေးပေးနိုင်လေ ကိုယ့်မှာ ဝမ်းသာရလေလေ၊ ကြည်နူးရလေလေ၊ စိတ်ချမ်းသာရလေလေပါပဲ။ ကိုယ်လှူခဲ့တဲ့ အလှူတွေကို အထပ်ထပ် ဆင်ခြင်ပေးမှု စာဂါနုဿတိ ဘာဝနာကုသိုလ်တွေဟာ စိတ်ကို ကြည်လင်အေးမြချမ်းသာစေနိုင်ကြပါတယ်။

http://www.dhammadownload.com

# ကျူရိုးတဲကျောင်း

ဦးခင်ဇော် တောထဲက သစ်ပင်အောက်မှာ နာရဒ မည်တဲ့ ပစ္စေကဗုဒ္ဓါ သီတင်းသုံးနေပါတယ်။ အဲဒီလို သီတင်းသုံးနေတာကို မြင်ရပြီး အမျိုးသားတစ်ယောက်က ကြည်ညိုသွားတယ်။ ကျူရိုးတွေနဲ့ ဇရပ်ပြုလုပ်တယ်။ မြက်တွေနဲ့ ဖုံးလွှမ်းပြီး လှူလိုက်ပါတယ်။ အဲဒီပစ္စေကဗုဒ္ဓါ စင်္ကြံလျှောက်ရာ နေရာကိုလည်း ရှင်းလင်းပြီး သဲတွေကို ဖြန့်ကျဲကာပေးတယ်။ အဲဒီ အမျိုးသားဟာ အဲဒီကောင်းမှုကံကြောင့် နတ်လူဘဝတွေမှာ ကျင်လည်ရတယ်။ ဒီဂေါတမဘုရားရှင် ပွင့်တော်မူတဲ့အခါ သာဝတ္ထိမြို့က သူဌေးပုဏ္ဏားရဲ့သား ဖြစ်တယ်။ ဝလ္လိယလို့ နာမည်တွင်တယ်။ အရွယ်ရောက်တဲ့အခါ နုပျိုမှုအကြောင်းပြုပြီး စိတ်အလိုလိုက်ကာ လှည့်လည်တယ်။ မိတ်ဆွေကောင်းနဲ့ ပေါင်းမိလို့ ဘုရားရှင်ထံ ချဉ်းကပ်ပြီး တရားနာတယ်။ သဒ္ဓါဖြစ်ပြီး ရဟန်းဝတ်ကာ ဝိပဿနာ အားထုတ်တယ်။ မကြာခင်ဘဲ ရဟန္တာ ဖြစ်သွားပါတယ်။

အဲဒီအမျိုးသားဟာ မြက်မိုး ကျူရိုးတဲကို လှူရတဲ့ကောင်းမှုကြောင့် အဲဒီဘဝက သေတဲ့အခါ တာဝတိံသနတ်ပြည်ကို ရောက်သွားပါတယ်။ သူ့နတ်ဗိမာန်က ယူဇနာ ၆၀ မြင့်ပါတယ်။ ယူဇနာ ၃၀ ကျယ်ပြန့်ပါတယ်။ ကမ္ဘာပေါင်း ၁၄ ကမ္ဘာမှာ နတ်ပြည်မှာ ပျော်မွေ့နေရတယ်။ ၇၁ ကြိမ်တိုင်တိုင် နတ်မင်းကြီး ပြုလုပ်ခဲ့ရပါတယ်။ ၃၄ ကြိမ်တိုင်တိုင်

http://www.dhammadownload.com



စကြဝတေးမင်း ဖြစ်ခဲ့ရပါတယ်။ ကြီးကျယ်တဲ့ ပဒေသရာဇ်မင်းအဖြစ်က ဂဏန်းနဲ့ ရေတွက်ပြလို့တောင် မရပါ။ ဒီကမ္ဘာကနေ ၃၁ ကမ္ဘာအထက်မှာ ကျူရိုးတဲအလှူ လှူခဲ့ရလို့ ဘဝဆိုးကို မသိခဲ့ရ (မရောက်ခဲ့ရ)ပါ။

(ထေရဂါထာ၊ ၄၊ ပ၊ ၃၁၃)

ဦးခင်ဇော်တို့ကတော့ ဒီတဲကျောင်းထက် အဆပေါင်းများစွာ ပိုမိုကောင်းမွန်တဲ့ သစ်သားကျောင်း၊ အုတ်ကျောင်းတွေကို ဆောက်လုပ်လှူဒါန်းထားတာဆိုတော့ လှူဖွယ်ပစ္စည်းက ကောင်းမွန်သလောက် ဒါနစေတနာကလည်း ထက်သန်နေပါမယ်။ သိန်းပေါင်းရာနဲ့ ထောင်နဲ့ချီပြီး အကုန်အကျခံ လှူဒါန်းနိုင်တယ်ဆိုတဲ့ ဒါနစေတနာဟာ အလွန်အကဲ အားကောင်းနေပါတယ်။ အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ သာမဏေကျော်တောင် ဦးခင်ဇော်တို့လို မလှူဒါန်းနိုင်ပေမယ့် အကြီးအကျယ် လှူဒါန်းနိုင်တဲ့ ဒါနစေတနာတွေကိုတော့ အားကျမိပါတယ်။ အားရမိပါတယ်။ အံ့ဩမိပါတယ်။ အခြားအခြား မြင်ရ၊ ကြားရသူအပေါင်းမှာလည်း နှစ်ထောင်းအားရ သဘောကျကာ သာဓုခေါ်ကြပါတယ်။ တဲကျောင်းလေး လှူရတဲ့ အလှူကတောင် လူမင်း၊ နတ်မင်းဘဝကို အကြိမ်ကြိမ် ရစေနိုင်တယ်ဆိုရင် ကြီးကျယ်လှတဲ့ ကျောင်းတော်ကြီးတွေကို ဆောက်လုပ်လှူဒါန်းထားတဲ့ ဦးခင်ဇော်တို့အဖို့ လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ် အကြိမ်ကြိမ်ဟာ ဘာမှ ပြောပလောက်တဲ့ အကျိုး မဟုတ်တော့ပါ။ ဦးခင်ဇော်၊ ဗုဒ္ဓသာသနာမှာဝိသာခါဟာအလွန်နာမည်ကြီးလှပါတယ်။ သူမအကြောင်းကိုလည်း ရေးပြပါမယ်။

http://www.dhammadownload.com

# ပုဗ္ဗာရုံကျောင်းဒကာမ ဝိသာခါ

မိဂါရသူဌေးက ဘုရားရှင်ရဲ့ခြေထောက်နှစ်ဘက်မှာ ဦးခေါင်းနဲ့ ပျပ်ဝပ်ရှိခိုးတယ်။ ခြေတွေကိုလက်တွေနဲ့ ဆုပ်နယ်တယ်။ ပါးစပ်နဲ့လည်း စုပ်တယ်။ "တပည့်တော်ဟာ မိဂါရပါဘုရား၊ တပည့်တော်ဟာ မိဂါရပါ ဘုရား" လို့ သုံးကြိမ်တိုင်တိုင် နာမည်ကို လျှောက်ထားပါတယ်။ ပြီးတော့ အောက်ပါစကားကို လျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်ဟာ ဒီလောက် ကာလပတ်လုံး အကျိုးများမယ့်လှူစရာနေရာကို မသိပါ။ အခုမှ ချွေးမကိုမှီပြီး တပည့် တော် သိရပါတယ်။ အပါယ်ဆင်းရဲအားလုံးမှလွတ်မြောက်ပါပြီ။ ချွေးမ က တပည့်တော် ဒီအိမ်ကိုလာတဲ့အခါ တပည့်တော်ရဲ့အကျိုးစီးပွားအလို့ ငှာ၊ ချမ်းသာအလို့ငှာ လာခဲ့ပါတယ်။

ဝိသာခါဟာ နောက်နေ့အတွက်လည်း ဘုရားရှင်ကို ဖိတ်မံတယ်။ ဝိသာခါရဲ့ယောက္ခမမိန်းမဟာ နောက်နေ့မှာလည်း သောတာပန်ဖြစ် သွားပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီအိမ်ဟာ သာသနာအတွက် တံခါး ဖွင့်ထားပါတယ်။ အဲဒီနောက် သူဌေးက ကြံတယ်။

http://www.dhammadownload.com



"ငါ့ခွေးမဟာ ကျေးဇူးများတယ်။ သူ့အပေါ်ကြည်ညိုတဲ့အခြင်းအရာကို ငါပြုလုပ်မယ်။ ဝိသာခါဟာ လေးတဲ့အဆင်တန်ဆာကို အမြဲတန်ဆာဆင်ထားလို့ မတတ်နိုင်၊ ဝိသာခါအတွက် ပေါ့ပါးပြီး နေ့ရောညပါ ဣရိယာပုထ်အားလုံးမှာ တန်ဆာဆင်လို့ရတဲ့ အဆင်တန်ဆာကိုပြုလုပ်ပေးမယ်လို့ကြံကာ တစ်သိန်းထိုက်တန်တဲ့၊ ဃနမဋ္ဌကမည်တဲ့အဆင်တန်ဆာကို ပြုလုပ်ခိုင်းတယ်။ အဲဒီအဆင်တန်ဆာပြီးတဲ့အခါ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းကိုပင့်ပြီး ရိုရိုသေသေဆွမ်းကျွေးတယ်။ ဝိသာခါကို နံ့သာရေအိုး ၁၆ အိုးတို့နဲ့ ရေချိုးခိုင်းတယ်။ ဘုရားရှင်ရဲ့မျက်မှောက်မှာ ထားကာ တန်ဆာဆင်ပြီး ဘုရားရှင်ကို ရှိခိုးခိုင်းတယ်။ ဘုရားရှင်က အနုမောဒနာပြုပြီး ကျောင်းကိုပဲ သွားတယ်။ ဝိသာခါကလည်း အဲဒီအချိန်ကစပြီး ဒါနစတဲ့ ကောင်းမှုတွေကိုပြုလုပ်ရင်း ဘုရားရှင်ထံမှ ဆု ၈ မျိုးကို ရတယ်။ ကောင်းကင်အပြင်က လအရေးအကြောင်းပမာ ထင်ရှားကာ သား၊ သမီးတွေနဲ့ကြီးပွားနေတယ်။ ဝိသာခါမှာ သား ၁၀ ယောက်၊ သမီး ၁၀ ယောက်စီရှိပါသတဲ့။ အဲဒီသား၊ သမီးတွေမှာ၊ တစ်ယောက်တစ်ယောက်စီမှာ သား ၁၀ ယောက်စီ၊ သမီး ၁၀ ယောက်စီရှိပြန်တယ်။ အဲဒီမြေးယောကျ်ား ၁၀ ယောက်စီ၊ မြေးမ ၁၀ ယောက်စီမှာလည်း သား ၁၀ ယောက်စီ၊ သမီး ၁၀ ယောက်စီရှိပြန်တယ်။ အဲဒီနည်းနဲ့ ဝိသာခါမှာ သား၊ သမီး၊ မြေး၊ မြစ် အစဉ်အားဖြင့် ဖြစ်တဲ့လူတွေဟာ ၈၄၂၀ ရှိတယ်။

ဒါကြောင့် ရှေးဆရာတွေက ဒီလိုဆိုကြပါတယ်။

"ဝိသာခါမှာ သား၊ သမီး ၂၀ ရှိတယ်။ မြေးတွေက ၄၀၀၊ မြစ်တွေက ၈ ထောင်ရှိတယ်။ ဝိသာခါဟာ ဇမ္ဗူဒိပ်မှာ အလွန်ထင်ရှားပါတယ်"

ဝိသာခါရဲ့အသက်က ၁၂၀ ရှည်တယ်။ သူမရဲ့ဦးခေါင်းမှာ ဆံပင်ဖြူတစ်ပင်မှ မရှိပါ။ အမြဲ ၁၆ နှစ်အရွယ်လို ဖြစ်နေတယ်။ သား၊သမီး၊

http://www.dhammadownload.com



မြေး၊ မြစ်တွေ ခြံရံပြီး ကျောင်းသွားတဲ့ဝိသာခါကို မြင်ရပြီး “ အဲဒီလူတွေထဲက ဘယ်သူက ဝိသာခါလဲ” လို့ မေးသူတွေ ရှိကြတယ်။ သွားနေတဲ့ ဝိသာခါကို မြင်ရသူတွေက “အခုနည်းနည်းသွားပါစေ၊ ငါတို့ရဲ့အရှင်မက သွားရင်းပဲ တင့်တယ်ပါတယ်” လို့ ကြံကြတယ်။ ရပ်နေ၊ ထိုင်နေ၊ လျောင်းနေတဲ့ ဝိသာခါကိုမြင်ကြရသူတွေက “အခုအနည်းငယ် ရပ်ပါစေ။ ထိုင်ပါစေ။ လျောင်းပါစေ။ ငါတို့ရဲ့အရှင်မကရပ်ရင်းပဲ၊ ထိုင်ရင်းပဲ၊ လျောင်းရင်းပဲ တင့်တယ်ပါတယ်” လို့ကြံကြတယ်။ အဲဒီလိုနည်းနဲ့ ဝိသာခါဟာ ဣရိယာပုထ် ၄မျိုးထဲက ဘယ်ဣရိယာပုထ်နဲ့တော့ မတင့်တယ်လို့ ပြောလို့မရပါ။ ဆင်ကောင် ၅ စီးရဲ့အားကို ဆောင်ပါတယ်။

ကောသလမင်းက “ဝိသာခါဟာ ဆင်ကောင် ၅ စီးရဲ့အားကို ဆောင်သတဲ့”လို့ကြားရပြီး ဝိသာခါကျောင်းသွား၊ တရားနာပြီး ပြန်လာတဲ့အခါ အားကိုစူးစမ်းလိုလို့ ဆင်ကိုလွှတ်ခိုင်းတယ်။ ဆင်က နှာမောင်းကို ချီးမြှောက်ပြီး ဝိသာခါဆီ ရှေ့ရှုသွားတယ်။ဝိသာခါရဲ့အခြံအရံမိန်းမ ၅၀၀ ထဲက တချို့က ပြေးကြတယ်။ တချို့က မပြေးဘဲ “ဒါက ဘာလဲ” လို့ ပြောတဲ့အခါ “ရှင်မ၊ ရှင်မရဲ့အားကို စူးစမ်းလိုလို့ မင်းက ဆင်ကို လွှတ်ခိုင်းပါတယ်” လို့ ပြောကြတယ်။ ဝိသာခါက ဒီဆင်ကိုမြင်ပြီး “ပြေးလို့ ဘာအကျိုးရှိမှာလဲ၊ အဲဒီဆင်ကို ငါဘယ်လို ကိုင်ဖမ်းရမလဲ” လို့ တွေးပြီး “အဲဒီဆင်ကို ငါဟာ ခိုင်မြဲစွာဖမ်းကိုင်ရင် ပျက်စီးနိုင်တယ်” လို့ တွေးကာ လက်နှစ်ချောင်းနဲ့ နှာမောင်းကို ကိုင်ကာ တွန်းလိုက်တယ်။ ဆင်က သူ့ကိုယ်သူကောင်းစွာ ဆောင်ထားပြီးရပ်တည်ခြင်းငှာ မစွမ်းနိုင်။ မင်းရင်ပြင်မှာ ဆောင်ကြောင့်ဖြစ်ကာ ကျသွားတယ်။ လူအများက ကောင်းချီးပေးကြတယ်။ ဝိသာခါကလည်း အခြံအရံနှင့်တကွ ချမ်းသာစွာ အိမ်ကိုသွားတယ်။

အဲဒီအခါက သာဝတ္ထိမြို့မှာ မိဂါရသူဌေးရဲ့ မိခင်အရာမှာတည်တဲ့ ဝိသာခါဟာ သား၊ သမီးများတယ်။ မြေးများတယ်။ သား၊ သမီး၊ မြေး

http://www.dhammadownload.com



တွေက ရောဂါကင်းကြတယ်။ ဝိသာခါကို မင်္ဂလာရှိတယ်လို့ သတ်မှတ်ကြတယ်။ အဲဒီလောက် သား၊ သမီး၊ မြေးတွေထဲက တစ်ယောက်တောင်မှ အကြားကာလမှာ သေတယ်ဆိုတာ မရှိပါ။ သာဝတ္ထိမြို့သူ၊ မြို့သားတွေက မင်္ဂလာသဘင်တွေမှာ ဝိသာခါကို ရှေးဦးစွာဖိတ်မံပြီး ကျွေးမွေးကြတယ်။ ပွဲသဘင်တစ်နေ့မှာ လူအများက တန်ဆာဆင်ပြီး တရားနာဖို့ကျောင်းကိုသွားတဲ့အခါ ဝိသာခါလည်း ဖိတ်မံရာနေရာမှာ စားကာမဟာလတာတန်ဆာကို တန်ဆာဆင်ပြီး လူအများနဲ့အတူ ကျောင်းကိုသွားတယ်။ အဆင်တန်ဆာတွေကို ချွတ်ပြီး အပေါ်ဝတ်ရုံနဲ့အထုပ် ထုပ်ကာ ကျွန်မအား ပေးတယ်။ ဝိသာခါဟာကျောင်းကို သွားတဲ့အခါ "ဒီလိုတန်ဖိုးကြီးတဲ့တန်ဆာကို ဦးခေါင်းပေါ်စွပ်ချလိုက်ရင် ခြေဖမိုးထိတန်ဆာကို တန်ဆာဆင်ပြီး ကျောင်းထဲဝင်လို့မသင့်" လို့ကြံပြီး အဲဒီတန်ဆာကို ချွတ်ကာ ဘဏ္ဍာထုပ် လုပ်ပြီး သူ့ကောင်းမှုကြောင့်ပဲဖြစ်ပေါ်လာတဲ့ဆင် ၅ စီးအားဆောင် ကျွန်မရဲ့လက်ထဲ ပေးလိုက်တယ်။

အဲဒီကျွန်မကသာ အဲဒီတန်ဆာကို ယူနိုင်သတဲ့။ ဒါကြောင့် အဲဒီကျွန်မကို ဝိသာခါက ပြောတယ်။

"အမိ၊ ဒီတန်ဆာကို ယူထားပါ၊ ဘုရားရှင်ထံက ပြန်လာတဲ့အခါ အဲဒါကို ဝတ်ဆင်ပါမယ်"

အဲဒီမဟာလတာတန်ဆာကို ပေးပြီး ဃနမဋ္ဌကအဆင်တန်ဆာကို ဝတ်ဆင်ကာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး တရားနာတယ်။ တရားနာပြီးတဲ့အခါ ဘုရားရှင်ကိုရှိခိုးပြီး ထကာ ဖဲသွားတယ်။ ဝိသာခါရဲ့အဲဒီကျွန်မကလည်း အဲဒီမဟာလတာတန်ဆာကို မေ့ခဲ့တယ်။ တရားနာပြီးပရိသတ်ပြန်သွားသည့်အခါ တစ်စုံတစ်ခုမေ့ကျန်ခဲ့ရင် အဲဒါက အရှင်အာနန္ဒာ သိမ်းဆည်းထားတယ်။ အရှင်အာနန္ဒာက အဲဒီနေ့မှာ မဟာလတာတန်ဆာကို မြင်ရပြီး ဘုရားရှင်အား လျှောက်ကြတယ်။

http://www.dhammadownload.com



"မြတ်စွာဘုရား၊ ဝိသာခါဟာ မဟာလတာတန်ဆာကို မေ့ပြီးသွားပါတယ်"

"အာနန္ဒာ၊ သင့်တင့်တဲ့နေရာမှာ သိမ်းထားလိုက်ပါ"

မထေရ်က အဲဒီတန်ဆာကို မြှောက်ချီပြီး စောင်းတန်းဘေးမှာ ချိတ်ကာ ထားလိုက်တယ်။ ဝိသာခါလည်း သုပ္ပိယာနဲ့အတူ "ဧည့်သည်ရဟန်း၊ ခရီးသွားမယ့်ရဟန်း၊ မကျန်းမာတဲ့ရဟန်းစသူတွေအတွက် လုပ်ထိုက်တဲ့အလုပ်ကို သိမယ်" လို့ကြံကာ ကျောင်းဝင်းအတွင်းလှည့်လည်တယ်။ အဲဒီဥပါသိကာမတွေကို ကျောင်းဝင်းအတွင်းမှာမြင်ပြီး ထောပတ်၊ ပျားရည်၊ ဆီစသည်တွေကို အလိုရှိတဲ့ရဟန်းတွေနဲ့ ကိုရင်တွေက ပင်ကိုအားဖြင့်ပင် ခွက် စသည်ကိုယူကာ ချဉ်းကပ်ကြတယ်။ အဲဒီနေ့မှာလည်း အဲဒီအတိုင်း ပြုလုပ်ကြတယ်။ အဲဒီအခါ မကျန်းမာတဲ့ ရဟန်းတစ်ပါးကို မြင်တွေ့ပြီး သုပ္ပိယက "အရှင်ဘုရား၊ ဘာအလိုရှိပါသလဲ" လို့မေးပြီး "အသားဆန်ပြုတ် အလိုရှိပါတယ်"လို့ ပြောတဲ့အခါ "အရှင်ဘုရား၊ ရှိပါစေ၊ ပို့ပေးပါမယ်" လို့လျှောက်တယ်။ ဒုတိယနေ့မှာ အပ်စပ်တဲ့အသားကို မရလို့ သူမရဲ့ပေါင်သားနဲ့ လုပ်ထိုက်တဲ့ကိစ္စကိုလုပ်ကာ တစ်ဖန် ဘုရားရှင်အပေါ် ကြည်ညိုမှုကြောင့် ခန္ဓာကိုယ်က ပကတိအတိုင်းပဲ ဖြစ်သွားတယ်။ ဝိသာခါကလည်း ဂိလာနပုဂ္ဂိုလ်တွေကိုရော၊ ရဟန်းငယ် တွေကိုရော၊ ကိုရင်တွေပါကြည့်ပြီး အခြားတံခါးနဲ့ထွက်ကာ ကျောင်းဥပစာမှာ ရပ်တည်ရင်း "အမိ၊ မဟာလတာတန်ဆာကို ဆောင်ယူခဲ့ပါ၊ ဝတ်ဆင်ပါမယ်" လို့ပြောတယ်။ အဲဒီခဏမှာ အဲဒီကျွန်မက မေ့ပြီး ထွက်သွားတာကို သိကာပြောတယ်။

"အရှင်မ၊ ကျွန်မ မေ့ခဲ့ပါတယ်"

"ဒီလိုဆိုရင် သွားပြီး ယူလာခဲ့ပါ။ ကျွန်မရဲ့ အရှင်အာနန္ဒာက မြှောက်ချီပြီး အခြားနေရာမှာ ထားခဲ့ရင် မယူဆောင်လာခဲ့ပါနဲ့၊ အဲဒီ မဟာလတာတန်ဆာကို အရှင်အာနန္ဒာအားသာ ကျွန်မက စွန့်လှူပါတယ်"

http://www.dhammadownload.com



ဝိသာခါက "ဒကာ၊ ဒကာမတွေရဲ့ ပျောက်တဲ့ပစ္စည်းကို အရှင်အာနန္ဒာက သိမ်းထားတယ်" လို့သိသတဲ့။ ဒါကြောင့် အဲဒီလိုပြောလိုက်ပါတယ်။ မထေရ်လည်း အဲဒီကျွန်မကို မြင်ပြီးချင်းပဲမေးတယ်။

"ဘာအကျိုးငှာ သင်လာပါသလဲ"

"တပည့်တော်အရှင်မရဲ့ မဟာလတာတန်ဆာကို မေ့ပြီး လာခဲ့ပါတယ်"

"ငါဟာ အဲဒီတန်ဆောင်းဘေးမှာ ထားခဲ့တယ်။ သွားပါ။ အဲဒါကို ယူပါ"

"အရှင်ဘုရား၊ အရှင်ဘုရား လက်နဲ့ထိထားတဲ့ ပစ္စည်းကို တပည့်တော် အရှင်မက မဆောင်ယူထိုက်အောင် လုပ်ထားပါတယ်"

အဲဒီလိုလျှောက်ပြီး လက်ချည်းပဲသွားကာ "အမိ၊ ဘယ်လိုလဲ" လို့ ဝိသာခါက မေးတော့ အဲဒီအကြောင်းကို ပြောပြတယ်။

"အမိ၊ ငါဟာ ငါ့အရှင်မြတ်ကိုင်ထားတဲ့ ပစ္စည်းကို မဝတ်ဆင်အံ့။ ငါဟာ စွန့်လွှတ်ပြီးပြီ။ အရှင်မြတ်တွေမှာတော့ သိမ်းဆည်းထားဖို့ခဲင်းရဲပါတယ်။ အဲဒီပစ္စည်းကိုစွန့်ပြီး အပ်စပ်တဲ့ပစ္စည်းကို ကပ်ဆောင်ပါမယ်။ သွားပါ။ အဲဒီမဟာလတာတန်ဆာကို ဆောင်ယူခဲ့ပါ"

အဲဒီကျွန်မကသွားပြီး သယ်ဆောင်လာတယ်။ ဝိသာခါက အဲဒီ မဟာလတာတန်ဆာကို တန်ဆာမဆင်ဘဲသာ ပန်းထိမ်သည်တွေကို ခေါ်ခိုင်းကာ တန်ဖိုးဖြတ်ခိုင်းတယ်။ အဲဒီပန်းထိမ်သည်တွေက "ကိုးကုဋေ ထိုက်တန်တယ်။ လက်ခကတော့ တစ်သိန်းပဲ" လို့ ပြောတဲ့အခါ မဟာလတာတန်ဆာကို ယာဉ်ပေါ် တင်ခိုင်းပြီး "ဒီလိုဆိုရင် အဲဒီတန်ဆာကို ရောင်းကြ" လို့ ပြောတယ်။ အဲဒီလောက်ဥစ္စာကို ပေးပြီး တစ်စုံ တစ်ယောက်က မယူနိုင်၊ မှန်တယ်။ အဲဒီမဟာလတာတန်ဆာကို တန်ဆာဆင်ဖို့ သင့်လျော်တဲ့ မိန်းမတွေဆိုတာ ရခဲ့ပါတယ်။ မြေအပြင်မှာ မဟာ

http://www.dhammadownload.com



လတာတန်ဆာကို မိန်းမသုံးယောက်သာ ရကြပါတယ်။ ဝိသာခါ မဟာ ဥပါသိကာ၊ ဗန္ဓုလစစ်သူကြီးရဲ့မယား မလ္လိကာ၊ ဗာရာဏသီသူဌေးရဲ့ သမီးတို့ပဲ ဖြစ်ကြပါတယ်။

ဒါကြောင့် ဝိသာခါဟာ ကိုယ်တိုင်ပဲ အဲဒီမဟာလတာတန်ဆာရဲ့ တန်ဖိုးကိုပေးပြီး ၉ ကုဋေနဲ့ တစ်သိန်းသောအသပြာတွေကို လှည်းပေါ် တင်ခိုင်းတယ်။ ကျောင်းကို သယ်ဆောင်သွားပြီး ဘုရားရှင်ကို ရှိခိုးကာ "မြတ်စွာဘုရား၊ အရှင်အာနန္ဒာမထေရ်က တပည့်တော်ရဲ့အဆင်တန်ဆာကို လက်နဲ့သုံးသပ်ပြီးပါပြီ။ သူသုံးသပ်ပြီးတဲ့အချိန်ကစပြီး အဲဒီတန်ဆာကို တပည့်တော် မဝတ်ဆင်နိုင်ပါ။ အဲဒီတန်ဆာကိုစွန့်လွှတ်ပြီး အပ်စပ်တာကို သယ်ဆောင်မယ်လို့ကြံကာ ရောင်းတဲ့အခါ အဲဒီတန်ဆာကို ယူနိုင်တဲ့အခြားသူကို မတွေ့ရလို့ တပည့်တော်ပဲ အဲဒီတန်ဆာရဲ့တန်ဖိုးကို အယူခိုင်းကာ လာခဲ့ပါတယ်။ ပစ္စည်းလေးပါးထဲက ဘယ်ပစ္စည်းနဲ့ ကပ်ဆောင်ပေးရပါမလဲဘုရား"လို့ လျှောက်တယ်။ ဘုရားရှင်က "ဝိသာခါ၊ သာဝတ္ထိမြို့ရဲ့အရှေ့တံခါးဘက်မှာ သံဃာရဲ့နေရာအရပ်ကို သင်ဟာ ပြုလုပ်သင့်တယ်" လို့ မိန့်တဲ့အခါ "သင့်ပါတယ်ဘုရား" လို့ လျှောက်ကာ ဝိသာခါက ဝမ်းမြောက်စွာ ၉ ကုဋေနဲ့ မြေကိုပဲ ယူပါတယ်။ အခြား ၉ ကုဋေနဲ့ ကျောင်းဆောက်ဖို့ ကြိုးစားပါတယ်။

တစ်နေ့မှာ ဘုရားရှင်က နံနက်မိုးသောက်ချိန်မှာ လောကကို ကြည့်တဲ့အခါ နတ်ပြည်မှစုတေပြီး ဘဒ္ဒိယမြို့ သူဌေးမျိုးမှာဖြစ်တဲ့ ဘဒ္ဒိယ သူဌေးသားရဲ့ အားကြီးတဲ့ပါရမီအကြောင်းကို မြင်တယ်။ အနာထပိဏ် ရဲ့အိမ်မှာ ဆွမ်းကိစ္စကိုပြုပြီး သာဝတ္ထိမြို့ရဲ့ မြောက်ဘက်တံခါး ရှေ့ရှုသွားတယ်။ မှန်တယ်။ ပကတိအားဖြင့် ဘုရားရှင်က ဝိသာခါရဲ့အိမ်မှာ ဆွမ်းကိုခံယူပြီး တောင်ဘက်တံခါးနဲ့ထွက်ကာ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတယ်။ အနာထပိဏ်ရဲ့အိမ်မှာ ဆွမ်းကိုခံယူပြီး အရှေ့ဘက်တံခါးနဲ့

http://www.dhammadownload.com



ထွက်ကာ ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးတယ်။ မြောက်ဘက်တံခါးကို ရည်ရွယ်ပြီး ကြွသွားနေတဲ့ဘုရားရှင်ကို မြင်ပြီး "ခရီးလှည့်လည်လိမ့်မယ်"လို့ သိကြတယ်။ ဝိသာခါလည်း အဲဒီနေ့မှာ "ဘုရားရှင်ဟာ မြောက်ဘက်တံခါးကို ရှေးရှုသွားနေတယ်" လို့ ကြားရပြီး အဟုန်နဲ့ သွားကာ ရှိခိုးပြီး"ခရီး လှည့်လည်လိုတော်မူပါသလား ဘုရား" လို့ လျှောက်တယ်။

"ဝိသာခါ၊ ဟုတ်တယ်"

"မြတ်စွာဘုရား၊ ဒီလောက်ဥစ္စာကိုစွန့်ပြီး အရှင်ဘုရားတို့အတွက် တပည့်တော် ကျောင်းဆောက်လုပ်နေပါတယ်။ ပြန်လှည့်ပေးပါဘုရား"

"ဝိသာခါ၊ ပြန်မလှည့်တဲ့သွားခြင်းပဲ"

ဝိသာခါက "ဘုရားရှင်ဟာ အကြောင်းပါရမီနဲ့ပြည့်စုံတဲ့ တစ်စုံတစ်ယောက်ကို သေချာမြင်တာဖြစ်လိမ့်မယ်" လို့တွေးပြီး "မြတ်စွာဘုရား၊ ဒီလိုဆိုရင် တပည့်တော်အတွက် အလုပ်လုပ်၊ မလုပ်ကို သိနိုင်တဲ့ ရဟန်းတစ်ပါးကို ပြန်လှည့်ခိုင်းပြီး ကြွသွားတော်မူပါ" လို့ လျှောက်တဲ့အခါ "ဝိသာခါ၊ သင်သဘောကျတဲ့ ရဟန်းရဲ့သပိတ်ကို ယူပါ"လို့ မိန့်တယ်။ ဝိသာခါက အရှင်အာနန္ဒာကို ချစ်ခင်ပေမယ့် "အရှင်မဟာမောဂ္ဂလ္လာန်ထေရ်ဟာ တန်ခိုးရှိတယ်။ သူ့ကို မှီပြီး ငါ့အလုပ်ဟာ လျင်မြန်စွာ ပြီးစီးလိမ့်မယ်" လို့ ကြံကာ အရှင်မဟာမောဂ္ဂလ္လာန်ရဲ့သပိတ်ကို ယူလိုက်တယ်။ မထေရ်က ဘုရားရှင်ကို ကြည့်တယ်။ ဘုရားရှင်က "မောဂ္ဂလ္လာန်၊ သင့်ရဲ့အခြံအရံ ရဟန်းငါးရာကို ခေါ်ယူပြီး ပြန်လှည့်ပါ" လို့ မိန့်တယ်။ မထေရ်က အဲဒီအတိုင်း လုပ်တယ်။

မထေရ်ရဲ့တန်ခိုးအစွမ်းကြောင့် ယူဇနာ ၅၀၊ ၆၀ တိုင်အောင်လည်း သစ်ပင်နဲ့ကျောက်အတွက် သွားကြတဲ့ လူတွေက ကြီးကုန်၊ ကြီးကုန်သော သစ်ပင်တွေ ကျောက်တွေကို ယူကာ အဲဒီနေ့မှာပဲ လာကြတယ်။ လှည်းပေါ် သစ်ပင်၊ ကျောက်တွေကို တင်ကြတဲ့အခါ မပင်ပန်း

http://www.dhammadownload.com



ကြ။ ဝင်ရိုးမကျိုး။ မကြာခင်ပဲ ဘုံ ၂ ထပ်ရှိပြာသာဒ်ကို ပြုလုပ်ကြတယ်။ အောက်ထပ်မှာ တိုက်ခန်း ၅၀၀၊ အထက်ထပ်မှာ တိုက်ခန်း ၅၀၀၊ ၂ ရပ်ပေါင်းရင် ပြာသာဒ်မှာ တိုက်ခန်းပေါင်း ၁၀၀၀ ရှိတယ်။ ရှစ်ကရီသရှိ စင်ကြယ်တဲ့ မြေအဖို့မှာ ပြာသာဒ်ဆောက်လုပ်ခိုင်းတယ်။ "ပြာသာဒ် ချည်း သက်သက်ဆိုရင် မတင့်တယ်" လို့ တွေးပြီး အဲဒီပြာသာဒ်ကို ခြံရံကာ တရားအားထုတ်ရာ ကြိမ်ကျောင်း ၅၀၀၊ ပြာသာဒ်ငယ် ၅၀၀၊ တန်ဆောင်းရှည် ၅၀၀ ဆောက်လုပ်ခိုင်းပါတယ်။ အဲဒီအခါ ဘုရားရှင်က ၉ လနဲ့ ခရီးလှည့်လည်ပြီး တစ်ဖန် သာဝတ္ထိမြို့ကို ကြွသွားပါတယ်။ ဝိသာခါရဲ့ ပြာသာဒ်က အလုပ်ကလည်း ၉ လနဲ့ ပြီးစီးပါတယ်။ ပြာသာဒ် အထွတ်ကို တစ်ခဲနက် ထုထောင်းထားတဲ့ ရွှေနီနဲ့ပဲ ရေအိုး ၆၀ကို ခံယူနိုင်အောင် အလုပ်ခိုင်းပါတယ်။

"ဘုရားရှင်က ဇေတဝန်ကျောင်းကို ကြွသွားတယ်"လို့ ကြားရပြီး ခရီးဦးကြိုကာ ဘုရားရှင်ကို သူ့ကျောင်းသို့ ပင့်တယ်။ "မြတ်စွာဘုရား ဒီ ၄ လပတ်လုံး ရဟန်းအပေါင်းကို ယူကာ ဒီနေရာမှာပဲ သီတင်းသုံးနေကြပါ။ တပည့်တော် ပြာသာဒ် ပူဇော်ပွဲလုပ်ပါမယ်"လို့ ပင့်ညာဉ်ယူတယ်။ ဘုရားရှင်က လက်ခံတယ်။ ဝိသာခါဟာ အဲဒီအချိန်ကစပြီး ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ကျောင်းမှာပဲအလှူ လှူတယ်။ အဲဒီအခါ ဝိသာခါရဲ့ သူငယ်ချင်းမ တစ်ယောက်က တစ်သိန်းတန် အဝတ်အထည်ကို ယူကာ လာပြီးပြောတယ်။

"သူငယ်ချင်း ငါက ဒီအဝတ်ကို သင့်ရဲ့ကျောင်းပြာသာဒ်မှာ မြေအခင်းအသွင်နဲ့ ခင်းချင်တယ်။ ငါ့အား ခင်းရမယ့်နေရာကို ပြောပြပါ"

"သူငယ်ချင်း ကောင်းပါတယ်။ ငါက သင့်အား အခွင့်မရှိလို့ ပြောခဲ့ရင် သင်က ငါ့အား အခွင့်မပေးလိုလို့ ထင်မှတ်လိမ့်မယ်။ ကိုယ်တိုင်ပဲ ပြာသာဒ်ရဲ့ အထပ်နှစ်ထပ်ကိုရော အခန်းပေါင်း တစ်ထောင်ကိုပါ ကြည့်ကာ ခင်းရမယ့်နေရာကို သိပါ"

http://www.dhammadownload.com



အဲဒီ သူငယ်ချင်းမဟာ တစ်သိန်းတန်အဝတ်ကို ယူပြီး ထိုထိုအရပ်မှာ လှည့်လည်တဲ့အခါ အဲဒီအဝတ်အောက် တန်ဖိုးနည်းတဲ့ အဝတ်ကို မတွေ့ရလို့ "ငါဟာ ဒီပြာသာဒ်မှာ ကောင်းမှုအဖို့ကို မရအံ့"လို့ တွေးကာ ဝမ်းနည်းပြီး တစ်နေရာမှာ ငိုရင်း ရပ်တည်နေပါတယ်။ အဲဒီအခါ အဲဒီ သူငယ်ချင်းမကို အရှင်အာနန္ဒာကမြင်ပြီး "ဘာကြောင့် ငိုသလဲ"လို့ မေးတယ်။ အဲဒီသူငယ်ချင်းမက အဲဒီအကြောင်းကို ပြောပြတယ်။ မထေရ်က "မပူပါနဲ့ ငါဟာ သင့်အတွက် ခင်းရမယ့်နေရာကို ပြောပြမယ်"လို့ စောင်းတန်းခြေရင်းက ခြေဆေးရာနေရာမှာ ဒီအဝတ်ကို ခြေသုတ်လုပ်ပြီး ခင်းပါ။ ရဟန်းတွေဟာ ခြေတွေကိုဆေးပြီး ရှေးဦးစွာ ဒီနေရာမှာ ခြေကို သုတ်ကာ အတွင်းကို ဝင်ကြပါလိမ့်မယ်။ အဲဒီလိုဆိုရင် သင့်မှာ အကျိုးကျေးဇူးများပါလိမ့်မယ်"လို့ မိန့်တယ်။ အဲဒီနေရာဟာ ဝိသာခါ မမှတ်သားမိ၊ သတိမထားမိတဲ့နေရာ ဖြစ်ပါသတဲ့။

ဝိသာခါက ၄ လပတ်လုံး ကျောင်းတိုက်အတွင်းမှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူ လှူတယ်။ နောက်ဆုံးနေ့မှာ ရဟန်းအပေါင်းအား သင်္ကန်းလျာ အဝတ်တွေကို လှူတယ်။ သံဃာအငယ်ရတဲ့ သင်္ကန်းလျာအဝတ်တွေက တစ်ထောင်ထိုက်တန်ကြပါတယ်။ ရဟန်းအားလုံးရဲ့ သပိတ်တွေကို ပြည့်စေကာ ဆေးလှူပါတယ်။ အလှူ လှူရာမှာ ၉ ကုဋေ ကုန်သွားပါတယ်။ ကျောင်းမြေဝယ်ရာမှာ ၉ ကုဋေ၊ ကျောင်းဆောက်လုပ်ခိုင်းရာမှာ ၉ ကုဋေ၊ ကျောင်းပူဇော်ပွဲမှာ ၉ ကုဋေ အားလုံးပေါင်း ၂၇ ကုဋေကို ဝိသာခါက ဗုဒ္ဓသာသနာမှာ စွန့်လှူပါတယ်။ မိန်းမဘဝမှာရပ်တည်ပြီး မိစ္ဆာဒိဋ္ဌိရဲ့အိမ်မှာနေကာ ဒီလိုအကြီးအကျယ်လှူတယ်ဆိုကာ အခြားမိန်းမမှာ မရှိပါ။ ဝိသာခါဟာ ကျောင်းပူဇော်ပွဲပြီးဆုံးတဲ့နေ့မှာ အရိပ်တိုးပွားရာအချိန် (မွန်းလွဲပိုင်းအချိန်၊ ညနေပိုင်းအချိန်) မှာ သား၊ သမီး၊ မြေး၊ မြစ်တွေ ခြံရံကာ "ရှေးက ငါဆုတောင်းခဲ့

http://www.dhammadownload.com



သမ္မ ဆုအားလုံးပဲ အထွတ်အထိပ် ရောက်စေပြီ”လို့ တွေးကာ ပြာသာဒ်ကို ပတ်ချာလှည့်လည်ရင်း အောက်ပါဂါထာစကားတွေနဲ့ ချိုမြိန်တဲ့အသံနဲ့ ဥဒါန်းကျူးရင့်ပါတယ်။

“ငါဟာ မွေ့လျော်ဖွယ်ကောင်းပြီး အင်္ဂတေ၊ မြေညက်တွေနဲ့ ပြုလုပ်ထားတဲ့ ပြာသာဒ်ကျောင်းအလှူကို ဘယ်တော့မှ လှူရပါ့မလဲလို့ ကြံခဲ့ တယ်။ အဲဒီအကြံ ငါ့မှာ ပြည့်စုံပြီ”

“ငါဟာ ခုတင်၊ ထိုင်ခုံ၊ ဘုံလျှို၊ ခေါင်းအုံးတွေ၊ ကျောင်းအသုံးအဆောင်တွေကို ဘယ်တော့မှ လှူရပါ့မလဲလို့ ကြံခဲ့တယ်။ အဲဒီအကြံ ငါ့မှာ ပြည့်စုံပြီ”

“ငါဟာ စင်ကြယ်ပြီး အသားလောင်းထားတဲ့ စာရေးတံ၊ စားဖွယ်အလှူကို ဘယ်တော့မှ လှူရပါ့မလဲလို့ ကြံခဲ့တယ်။ အဲဒီအကြံ ငါ့မှာ ပြည့်စုံပြီ”

“ငါဟာ ကာသိတိုင်းဖြစ် အဝတ်၊ ခေါမတိုင်းဖြစ် အဝတ်၊ ဝါချည်အဝတ်၊ သင်္ကန်းအလှူကို ဘယ်တော့မှ လှူရပါ့မလဲလို့ ကြံခဲ့တယ်။ အဲဒီအကြံ ငါ့မှာ ပြည့်စုံပြီ”

“ငါဟာ ထောပတ်၊ ဆီဦး၊ ပျားရည်၊ ဆီ၊ တင်လဲ၊ ဆေးအလှူကို ဘယ်တော့မှ လှူရပါ့မလဲလို့ ကြံခဲ့တယ်။ အဲဒီအကြံဟာ ငါ့မှာ ပြည့်စုံပြီ”

ရဟန်းတွေက ဝိသာခါရဲ့အသံကို ကြားရပြီး ဘုရားရှင်အား အောက်ပါ အတိုင်း လျှောက်ကြတယ်။

“မြတ်စွာဘုရား တပည့်တော်တို့ဟာ ဒီလောက်ကာလမှာ ဝိသာခါ သီချင်းဆိုတာကို အရင်က မမြင်ခဲ့ဖူးပါ။ ဝိသာခါက ဒီနေ့ သားသမီးမြေးမြစ် ခြံရံကာ သီချင်းဆိုပြီး ပြာသာဒ်ကို လှည့်လည်နေပါတယ်။ ဝိသာခါမှာ သည်းခြေပျက်နေပါသလား။ ဒါမှမဟုတ် ရူးနေပါသလား”

ဘုရားရှင်က မိန့်ပါတယ်။

http://www.dhammadownload.com



"ရဟန်းတို့ ငါ့သမီးဟာ သီချင်းဆိုတာ မဟုတ်။ သူမရဲ့လိုအင်ဆန္ဒ သူမမှာ ပြည့်စုံသွားပြီ။ သူမက ငါ့ဆုတောင်းဟာ အထွတ်အထိပ်ကို ရောက်ပြီလို့ တွေးကာ ဝမ်းသာပြီး ဉဒါန်းကျူးရင့်ရင်း လှည့်လည်နေတယ်"

"မြတ်စွာဘုရား ဝိသာခါက ဘယ်အခါမှာ ဆုတောင်းခဲ့ပါသလဲ"

"ရဟန်းတို့၊ သင်တို့ နားထောင်ကြမလား"

"မှန်ပါ၊ နားထောင်ကြပါမယ်"

အဲဒီလို လျှောက်တော့ ဘုရားရှင်က အတိတ်ကို ဆောင်တော်မူပါတယ်။

ရဟန်းတို့ ရှေးအခါက ဒီကမ္ဘာက ကမ္ဘာတစ်သိန်းအထက်မှာ ပဒုမုတ္တရ မည်တဲ့ ဘုရားပွင့်ခဲ့တယ်။ အဲဒီ ဘုရားရှင်ရဲ့သက်တမ်းက တစ်သိန်းဖြစ်တယ်။ ရဟန္တာပေါင်း တစ်သိန်းအခြံအရံ ရှိတယ်။ မြို့က ဟံသာဝတီ မည်တယ်။ ဖခင်က သုနန္ဒမင်း၊ မယ်တော်က သုဇာတာ ဒေဝီ၊ အဲဒီဘုရားရှင်ရဲ့အသာဆုံးအလုပ်အကျွေး ဥပါသိကာမ တစ်ယောက်က ဆု ၈ မျိုးကို တောင်းပြီး အမိအရာ တည်ကာ ဘုရားရှင်ကို ပစ္စည်းလေးပါးတို့နဲ့ ပြုစုရင်း နံနက်ရော၊ ညနေပါ ဆည်းကပ်ရာအရပ်ကို သွားတယ်။ အဲဒီ ဥပါသိကာမရဲ့ သူငယ်ချင်းတစ်ယောက်က အဲဒီဥပါသိကာမနဲ့အတူကျောင်းကိုအမြဲသွားတယ်။ အဲဒီသူငယ်ချင်းမက အဲဒီဥပါသိကာမ ရဲ့ ဘုရားရှင်နဲ့အတူ အကျွမ်းတဝင်နဲ့ စကားပြောတာကိုရော၊ ရင်းနှီးတာကိုပါ မြင်ရပြီး "ဘာကိုလုပ်ပြီး ဒီလို ဘုရားရှင်တွေနဲ့ အကျွမ်းဝင်ပါသလဲ" လို့ ကြံပြီး ဘုရားရှင်ကို မေးတယ်။

"မြတ်စွာဘုရား၊ အဲဒီမိန်းမက မြတ်စွာဘုရားနဲ့ ဘယ်လိုဆက်စပ်ပါသလဲ"

"ပြုစုလုပ်ကျွေးတဲ့ ဒကာမတွေထဲမှာ အသာဆုံးပဲ"

http://www.dhammadownload.com



"မြတ်စွာဘုရား၊ ဘာကိုလုပ်ပြီး ပြုစုလုပ်ကျွေးတဲ့ ဒကာမတွေထဲမှာ အသာဆုံးဖြစ်ပါသလဲ"

"ကမ္ဘာတစ်သိန်း ဆုတောင်းမှု ပြုလုပ်ပြီး ဖြစ်တယ်"

"အခု ဆုတောင်းပြီး ရနိုင်ပါသလားဘုရား"

"မြတ်စွာဘုရား ဒီလိုဆိုရင် ရဟန်းတစ်သိန်းနဲ့အတူ ၇ ရက်ပတ်လုံး တပည့်တော်ရဲ့ဆွမ်းကို ခံယူတော်မူပါ"

ဘုရားရှင်က လက်ခံတော်မူတယ်။ ဝိသာခါဟာ ၇ ရက်ပတ်လုံး အလှူလှူပြီး အဆုံးနေ့မှာ သင်္ကန်းလျာ အဝတ်တွေကို လှူကာ ဘုရားရှင်ကို ရှိခိုးတယ်။ ခြေတော်ရင်းမှာ လဲလျောင်းပြီး ဆုတောင်းတယ်။

"မြတ်စွာဘုရား တပည့်တော်ဟာ ဒီအလှူရဲ့အကျိုးကြောင့် နတ်အကြီးအကဲ စသည်တွေထဲက တစ်စုံတစ်ခုကိုမှ မတောင်းတပါ။ အရှင်ဘုရားလို ဘုရားတစ်ဆူထံမှာ ဆု ၈ပါးကိုရပြီး မိခင်အရာမှာ ရပ်တည်ကာ ပစ္စည်းလေးပါးတွေနဲ့ ပြုစုနိုင်သူတွေထဲမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်ရပါလို၏"

ဘုရားရှင်က "သူမရဲ့ဆုတောင်းဟာ ပြည့်စုံလေမလား"လို့ အနာဂတ်ကို ဆင်ခြင်တော်မူတဲ့အခါ ကမ္ဘာပေါင်းတစ်သိန်းကို ကြည့်ပြီး "ကမ္ဘာတစ်သိန်းရဲ့အဆုံးမှာ ဂေါတမ မည်တဲ့ ဘုရားရှင်ပွင့်လိမ့်မယ်။ အဲဒီအခါ သင်က ဝိသာခါမည်တဲ့ ဥပါသိကာမဖြစ်ပြီး အဲဒီဘုရားရှင်ထံက ဆု ၈မျိုးရကာ မိခင်အရာမှာတည်ပြီး ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးတဲ့ ဥပါသိကာမတွေထဲမှာ အသာဆုံးဖြစ်လိမ့်မယ်"လို့ မိန့်တော်မူတယ်။ ဝိသာခါလောင်းလျာရဲ့ အဲဒီစည်းစိမ်ဟာ နက်ဖြန်ခါပဲ ရထိုက်တဲ့ စည်းစိမ်လို ဖြစ်နေတယ်။

အဲဒီ ဝိသာခါ လောင်းလျာဟာ အသက်ထက်ဆုံး ကောင်းမှုပြုလုပ်ပြီး အဲဒီဘဝမှသေတဲ့အခါ နတ်ပြည်မှာ ဖြစ်တယ်။ နတ်၊ လူဘဝတွေမှာ ကျင်လည်ရင်း ကဿပဘုရားရှင်လက်ထက်မှာ ကိကီမင်းရဲ့သမီး

http://www.dhammadownload.com



၇ ယောက်ထဲက အငယ်ဆုံးဖြစ်တဲ့ သံဃဒါသီမည်တဲ့ သမီးဖြစ်တယ်။ အိမ်ထောင်မပြုဘဲ အစ်မတွေနဲ့အတူ ကာလရှည်ကြာစွာ ဒါနစတဲ့ ကောင်းမှုတွေကို ပြုလုပ်တယ်။ ကဿပဘုရားရှင်ရဲ့ ခြေတော်ရင်းမှာလည်း ဆုတောင်းတယ်။

"နောင်အခါမှာ အရှင်ဘုရားလို ဘုရားရှင်ရဲ့ မိခင်အရာတည်ပြီး ပစ္စည်းလေးပါးလှူတဲ့ဒကာမတွေထဲမှာ အသာဆုံးပုဂ္ဂိုလ် ဖြစ်ရပါလို၏"

ဝိသာခါဟာ အဲဒီအချိန်ကစပြီး နတ်လူဘဝတွေမှာ ကျင်လည်ရင်း ဒီဘဝမှာ မေဏ္ဍကသူဌေးရဲ့သား၊ ဓနဥ္စယသူဌေးရဲ့သမီး ဖြစ်လာတယ်။ ငါဘုရားသာသနာမှာ များစွာသော ကောင်းမှုတွေကို ပြုလုပ်တယ်။

ရဟန်းတို့ ငါ့သမီး ဝိသာခါဟာ သီချင်းဆိုတာမဟုတ်။ တောင်းခဲ့တဲ့ ဆုရဲ့ပြီးစီး ပြည့်စုံမှုကို မြင်တွေ့ရပြီး ဥဒါန်းကျူးရင့်တာ ဖြစ်တယ်။ ကျွမ်းကျင်တဲ့ ပန်းကုံးသူဟာ ပန်းမျိုးစုံရှိတဲ့ ပန်းပုံပြုဖို့ စိတ်ညွတ်တယ်။

(ဓမ္မပဒ၊ ၌၊ ပ၊ ၂၄၃၊ ၂၆၄)

ဝိသာခါရဲ့အိမ်ဟာ နံနက်အခါမှာ သင်္ကန်းတွေနဲ့ တောက်ပနေတယ်။ ရှင်ရဟန်းတွေရဲ့ လေစုန်၊ လေဆန်နံ့လှိုင်နေတယ်။ ဥပမာ အနာထပိဏ်ရဲ့ အိမ်လိုပါပဲ။ ဝိသာခါရဲ့အိမ်မှာလည်း ထမင်းအားလုံးကို စီမံထားပြီးပဲ ဖြစ်ပါတယ်။ ဝိသာခါဟာ နံနက်ပိုင်းမှာ ရဟန်းသံဃာအား စားဖွယ်နဲ့ထောက်ပံ့ပြီး မွန်းလွဲပိုင်းမှာ ဆေးတွေကိုရော၊ ဖျော်ရည် ရှစ်မျိုးကိုပါ အယူခိုင်းကာ ကျောင်းကို သွားတယ်။ ရဟန်းသံဃာအား လှူပြီးနောက်မှ ဘုရားရှင်ရဲ့တရားဒေသနာကို နာကြားပြီး ပြန်လာတယ်။

(အံ၊ ၌၊ ပ၊ ၃၂၁)

ဦးခင်ဇော် ပုဗ္ဗာရုံကျောင်းဒကာမ ဝိသာခါအကြောင်း ဖတ်ပြီးပြီနော်။ ဆင် ၅ စီးရဲ့အင်အားကို ဝိသာခါက ဆောင်နိုင်သတဲ့။ ထူးပါပေတယ်။ အသက် ၁၂၀ ရှည်ပေမယ့် ဆံဖြူတစ်ပင်တောင် မရှိတဲ့။ အံ့ဩစရာပဲ။ အသက် ၅၀ ရောက်နေတဲ့ သာမဏေကျော်မှာတော့ ဆံပင်

http://www.dhammadownload.com



အဖြူ တစ်ပင်မကတော့ပါ။ ဝိသာခါက အမြဲအသက် ၁၆ နှစ် ကလေးမလေးလို နုပျိုနေသတဲ့။ သာမဏေကျော်ဘဝနဲ့ ခြားနားလှပါတယ်။ သာမဏေကျော်ကို အသက် ၂၀ အရွယ်မှာ အသက် ၃၀ လောက် အထင်ခံရတယ်။ ၃၀ မှာ ၄၀ လောက်။ ၄၀ မှာ ၅၀ လောက် အထင်ခံရတယ်။ ဝိသာခါမှာ အသက်က အဘွားကြီး ဖြစ်နေပေမယ့် နုပျိုမှုကတော့ နုပျိုသူ သမီး၊ မြေးတွေနဲ့ အထင်မှားခံရတယ်ဆိုပဲ။ ဝိသာခါမှာ အသက်ထက် နုပျိုမှုက ပိုတယ်။ သာမဏေကျော်မှာတော့ အသက်ထက် ဇရာက ပိုနေပါတယ်။ အကျိုးပေးချင်း ကွာခြားလှပါပေတယ်။ ဝိသာခါရဲ့သဒ္ဓါတရားကတော့ အနာထပိဏ်သူဌေးရဲ့ သဒ္ဓါတရားနဲ့ နင်လား၊ ငါလားပါပဲ။ ကျောင်းဒကာ၊ ဒကာမဖြစ်တဲ့ အနာ ထပိဏ်၊ ဝိသာခါတို့ဟာ သောတာပန် အရိယာပုဂ္ဂိုလ်တွေ ဖြစ်နေလေ တော့ သဒ္ဓါတရားအားကောင်းထက်သန်တာချင်း တူကြပေတာပေါ့။ အလှူဒါနရက်ရောတဲ့ နေရာမှာတော့ သူတို့နှစ်ဦးလုံးဟာ လက်ဖျား ခါလောက်အောင်ပဲ တူကြပါတယ်။ တော်ကြပါတယ်။ သာသနာအား ပေးတဲ့နေရာမှာ စံနမူနာယူလောက်တဲ့ စံပြပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်။ ကမ္ဘာတစ်သိန်းကာလ ကြာအောင် ပါရမီတွေကို ဆည်းပူးခဲ့ကြတာမို့ ထူးနိုင်ကြပါတယ်။

ဦးခင်ဇော်၊ ဝိသာခါဟာ ကျောင်းရေစက်ချပွဲအပြီးမှာ ပျော်လွန်းလို့ သူ့ကျောင်းတော်ကြီးကို လှည့်ပတ်ကာ သူမရင်ထဲက ပီတိတွေကို မျိုသိပ်မထားနိုင်တော့ဘဲ အန်ထုတ်ကာ ဥဒါန်းကျူးရင့်ခဲ့ပါသေးတယ်။ ဦးခင်ဇော်မှာကော ပြီးခဲ့တဲ့ ကျောင်းရေစက်ချပွဲတွေမှာ ပီတိတွေကို ရင်ထဲမှာ မျိုသိပ်မရလောက်အောင် ဖြစ်လာလို့ အန်ထုတ်ကာ အပျော်ကြီး ပျော်ခဲ့သေးလား။ ဝိသာခါမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း (ကျောင်းအသုံးအဆောင်)၊ ဆေးအလှူတွေကို လှူချင်တဲ့ ဆန္ဒပြင်းပြနေခဲ့ပါတယ်။ ဆန္ဒပြင်းပြထားတဲ့ကိစ္စတွေ ပြီးစီးအောင်မြင်သွားရင် လောကသတ္တဝါတွေဟာ အလွန်အကဲ ဝမ်းသာကျေနပ်နေတတ်ကြပါတယ်။ ဝိသာခါမှာပြင်း

http://www.dhammadownload.com



ပြုလုပ်တဲ့ဆန္ဒတွေ ပြည့်ဝသွားတော့ အလွန်အကဲ ဝမ်းသာကျေနပ်ရှာပေမပေါ့။ ဦးခင်ဇော်မှာ ကျောင်းအဆောက်အဦးအလှူတွေနဲ့ ပတ်သက်ပြီးဆန္ဒတွေ ပြင်းပြထက်သန်နေခဲ့တယ်။ ပြင်းပြထက်သန်တဲ့ ဆန္ဒတွေ ပြည့်ဝသွားတဲ့အခါ ဦးခင်ဇော်မှာလည်း အလွန်အကဲ ကြည်နူး၊ ကျေနပ်၊ ဝမ်းသာနေမှာပါပဲ။ ဝိသာခါ အနာထပိဏ်တို့ကတော့ သာဝတ္ထိ မြို့ကပုဗ္ဗာရုံနဲ့ဇေတဝန်ကျောင်းမှာ လှူကြတယ်ဆိုတော့ သူတို့ကျောင်း အလှူပြုရာမြို့က တစ်မြို့တည်း ကျောင်းနေရာကလည်း တစ်ကျောင်းတည်းပါပဲ။ ဦးခင်ဇော်တို့မှာတော့ ရန်ကုန်မှာရော၊ ပဲခူးမှာရော၊ မော်လမြိုင်မှာရော၊ မှော်ဘီ၊ လှော်ကားမှာပါဆိုတော့ လှူရာဌာနမြို့တွေကလည်းများ၊ ကျောင်းတိုက်တွေကလည်း များပါတယ်။ ထူးတာပဲ။

http://www.dhammadownload.com

## ပစ္စေကဗုဒ္ဓါငါးရာအတွက် ကျောင်းဆောင်ငါးရာ

မဟာပဇာပတိဂေါတမီ ထေရီလောင်းလျာဟာ နတ်ပြည်က စုတေပြီး ဗာရာဏသီပြည်မှာ ကျွန်မငါးရာတွေရဲ့ အကြီးအကဲ ကျွန်မဖြစ်တယ်။ ဝါကပ်ဖို့ နီးလာတဲ့အခါ ပစ္စေကဗုဒ္ဓါ ၅၀၀ ပါးဟာ နန္ဒမူလကတောင်ဝှမ်းမှ ဣသိပတနတောမှာ သက်ဆင်းကာ မြို့မှာ ဆွမ်းခံလှည့်လည်ပြီး ဣတိပတနတောကိုပဲ သွားကြတယ်။ "ဝါကပ်မယ့် ကျောင်းဆောင်အတွက် လက်အမှုကို တောင်းကြမယ်"လို့ ကြံကြတယ်။ ဘာကြောင့်လဲဆိုတော့ ဝါကပ်လိုတဲ့ ရဟန်းဟာ နာလကအကျင့်ကို ကျင့်တဲ့ရဟန်း ဖြစ်စေဦးတော့ အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်တေဆိုတဲ့ အမိုး ၅ မျိုးထဲက တစ်မျိုးမျိုးနဲ့ မိုးထားတဲ့ တံခါးရွက်၊ တံခါးပေါင် လည်းပါတဲ့ ကျောင်းမှာ ဝါကပ်ရပါတယ်။

မှန်တယ်၊ ဘုရားရှင်ကလည်း အောက်ပါစကားကို ဟောထားပါတယ်။ "ရဟန်းတို့ ကျောင်းမရှိဘဲ ဝါမကပ်ရ။ ဝါကပ်ရင် ကပ်တဲ့ရဟန်းမှာ ဒုက္ကဋ်အာပတ် သင့်တယ်"

ဒါကြောင့် ဝါကပ်ချိန် နီးလာတဲ့အခါ ကျောင်းကိုရရင် ကောင်းတယ်။ မရရင် လက်အမှုကို ရှာပြီးတော့လည်း ပြုလုပ်သင့်တယ်။ လက်အမှုကို မရရင် ကိုယ်တိုင်လည်း ပြုထိုက်တယ်။ ကျောင်းမရှိဘဲနဲ့တော့

http://www.dhammadownload.com



ဝါမကပ်ရ။ ဒီကျင့်ဝတ်ဟာ လောကုတ္တရာတရားအားလျော်တဲ့ ကျင့်ဝတ်ပါပဲ။ ဒါကြောင့် ပစ္စေကဗုဒ္ဓါတွေဟာ "လက်အမှုကို တောင်းကြမယ်" လို့ ကြံပြီး သက်န်းရုံကာ ညနေချမ်းအခါမှာ မြို့ထဲဝင်ပြီး သူဌေးရဲ့ အိမ်တံခါးမှာ ရပ်ကြတယ်။ အကြီးအကဲ ကျွန်မက အိုးကိုယူပြီး ရေချိုးဆိပ်ကို သွားတဲ့အခါ ပစ္စေကဗုဒ္ဓါတွေ မြို့ထဲဝင်နေကြတာကို မြင်သွားတယ်။ သူဌေးက ပစ္စေကဗုဒ္ဓါတွေ လာခြင်းရဲ့အကြောင်းကိုသိပြီး "ငါတို့မှာ အခွင့်မရှိပါ။ သွားကြပါ"လို့ ပြောတယ်။

ပစ္စေကဗုဒ္ဓါတွေ မြို့က ထွက်တဲ့အခါ အကြီးအကဲ ကျွန်မက အိုးကိုယူပြီး ဝင်တဲ့အခါ မြင်သွားလို့ အိုးကို ချကာ ရှိခိုးတယ်။ ညွတ်ကိုင်းပြီး မျက်နှာကို မော့ကာ "အရှင်မြတ်တွေဟာ မြို့ထဲ ဝင်ပြီးလာကာမျှမှာပဲ ထွက်လာကြတယ်။ ဘာပါလဲ"လို့ မေးတယ်။

"ဝါကပ်မယ့် ကျောင်းဆောင်အတွက် လက်အမှုကို တောင်းဖို့ လာခဲ့ကြပါတယ်"

"ရခဲ့ပါသလား ဘုရား"

"မရခဲ့ပါ ဒကာမကြီး"

"အဲဒီကျောင်းဆောင်ကို ချမ်းသာကြွယ်ဝသူတွေသာ လုပ်နိုင်ပါသလား။ ဒါမှမဟုတ် ဆင်းရဲသားတွေ လုပ်နိုင်ပါသလား"

"ဘယ်သူမဆို လုပ်နိုင်ပါတယ်"

"အရှင်ဘုရားကို တောင်းပန်ပါတယ်။ တပည့်တော်တို့ ပြုလုပ်ကြပါမယ်။ နက်ဖြန်ခါ တပည့်တော်ရဲ့ဆွမ်းကို ခံယူတော်မူကြပါ"

အဲဒီလိုဖိတ်မန်ပြီး နောက်ထပ်အိုးကိုယူကာ လာရာဆိပ်ကမ်းလမ်းမှာ ရပ်ပြီး လာလာသမျှ ကျန်တဲ့ကျွန်မတွေကို "ဒီနေရာမှာပဲ နေကြပါ" လို့ ပြောပြီး အားလုံး ကျွန်မတွေ လာတဲ့အခါမှာ "ညီမတို့၊ သင်တို့ဟာ အမြဲပဲ သူတစ်ပါးရဲ့ ကျွန်အလုပ်ကို လုပ်ကြမှာလား။ ဒါမှမဟုတ် ကျွန်မ အဖြစ်က လွတ်လိုကြပါသလား"လို့ မေးတယ်။

http://www.dhammadownload.com



"အရှင်မ ဒီနေ့ပဲ လွတ်လိုကြပါတယ်"

"ဒီလိုဆိုရင် ငါဟာ လက်အမှုမရကြတဲ့ ပစ္စေကဗုဒ္ဓါတွေကို နက်ဖြန်ခါမှာ ဖြစ်မယ့် ကုသိုလ်အတွက် ပင့်ဖိတ်ထားတယ်။ သင်တို့ရဲ့ခင်ပွန်းတွေကို တစ်နေ့ပတ်လုံး လက်အမှုကို ပေးစေကြပါ (လုပ်အားပေးခိုင်းကြပါ)"

အဲဒီ ကျွန်မတွေက "ကောင်းပါပြီ"လို့ လက်ခံပြီး ညနေချမ်းအခါ တောအုပ်မှ ပြန်လာတဲ့အခါမှာ ခင်ပွန်းတွေအား ပြောကြားကြတယ်။ ခင်ပွန်းတွေက "ကောင်းပါပြီ" လို့ ပြောပြီး အကြီးအကဲကျွန်ရဲ့ အိမ်တံခါးမှာ စုဝေးကြတယ်။ အဲဒီအခါ အဲဒီခင်ပွန်းတွေကို အကြီးအကဲ ကျွန်မက "မိတ်ဆွေတို့၊ နက်ဖြန်ခါ ပစ္စေကဗုဒ္ဓါတွေအတွက် လက်အမှုကို ပေးကြပါ"လို့ အကျိုးကိုပြောပြပြီး မလုပ်လိုသူတွေကိုလည်း တင်းကြပ်တဲ့ဩဝါဒနဲ့ ခြိမ်းခြောက်ပြီး အားလုံးကိုပဲ လက်ခိုင်းခိုင်းပါတယ်။ အကြီးအကဲကျွန်မက နောက်နေ့မှာ ပစ္စေကဗုဒ္ဓါတွေအား ဆွမ်းကိုလှူပြီး ကျွန်သားအားလုံးအား အမှတ်သညာ ပေးထားတယ်။ အဲဒီ ကျွန်သားတွေက အဲဒီခဏမှာပဲ တောထဲဝင်ကာ သစ်သားအဆောက်အဦးတွေကိုစုပြီး တစ်ရာတစ်ရာဖြစ်တော့ စင်္ကြံ စသည့်အခြံအရံပါတဲ့ ကျောင်းဆောင်တစ်ဆောင်စီ ပြုလုပ်ကြတယ်။ ညောင်စောင်း၊ အင်းပျဉ်၊ သောက်ရေ၊ သုံးရေ စသည်တွေကို ထားကြတယ်။ ပစ္စေကဗုဒ္ဓါတွေထံက သုံးလပတ်လုံး အဲဒီအရပ်မှာပဲ နေဖို့ ဝန်ခံချက်ကိုပြုလုပ်စေကာ အလှည့်ကျ ဆွမ်းကို ဖြစ်စေကြပါတယ်။

ကိုယ့်အလှည့်ကျရာနေ့မှာ မစွမ်းနိုင်ရင် အကြီးအကဲကျွန်မက သူ့အိမ်က ထုတ်ဆောင်ပြီး လှူတယ်။ အဲဒီလို သုံးလပတ်လုံး ပြုစု လုပ်ကျွေးပြီး အကြီးအကဲ ကျွန်မက ကျွန်မတစ်ယောက်ယောက်ကို ပစ္စေကဗုဒ္ဓါတစ်ပါး၊ တစ်ပါး တာဝန်ယူစေပါတယ်။ ထူထဲတဲ့ အဝတ်ငါးရာ ဖြစ်ပေါ်လာပါတယ်။ အဲဒီအဝတ်တွေကို လဲလှယ်စေပြီး ပစ္စေကဗုဒ္ဓါ ငါးရာတို့

http://www.dhammadownload.com



အတွက် သက်န်းသုံးထည်တို့ ပြုလုပ်ကာ လှူတယ်။ ပစ္စေကဗုဒ္ဓါ တွေက သူမတို့ ကြည့်နေကြတုန်းမှာပဲ ကောင်းကင်ခရီးနဲ့ ဂန္ဓမာဒနတောင်ကို သွားကြတယ်။ သူမတို့အားလုံးဟာ အသက်ထက်ဆုံး ကုသိုလ်ကိုပြုလုပ်ကာ နတ်ပြည်မှာ ဖြစ်ကြတယ်။ သူမတို့ထဲက အကြီးအကဲမက နတ်ပြည်က စုတေပြီး ဗာရာဏသီပြည်အနီးက ရက်ကန်းသည်ရွာရှိ အကြီးအကဲ ရက်ကန်းသည်အိမ်မှာ ဖြစ်တယ်။ အဲဒီအခါ တစ်နေ့မှာ ပဒုမဝတီရဲ့ သားတွေဖြစ်တဲ့ ပစ္စေကဗုဒ္ဓါ ၅၀၀ ကို ဗာရာဏသီမင်းက ပင့်ဖိတ်ထားတယ်။ ပစ္စေကဗုဒ္ဓါတွေက မင်းရဲ့တံခါးကိုလာကာ ကြည့်ရှုသူတစ်ယောက်ကိုမှ မမြင်လို့ ပြန်လှည့်ပြီး မြို့တံခါးကထွက်ကာ အဲဒီ ရက်ကန်းသည်ရွာကို သွားကြတယ်။ အဲဒီမိန်းမက ပစ္စေကဗုဒ္ဓါတွေကို မြင်ပြီး ကြည်ညိုလို့ ပစ္စေကဗုဒ္ဓါအားလုံးကို ရှိခိုးကာ ဆွမ်းကိုလှူတယ်။ ပစ္စေကဗုဒ္ဓါတွေက ဆွမ်းကိစ္စပြုလုပ်ပြီး ဂန္ဓမာဒန တောင်ကိုပဲ ကြွသွားကြတယ်။အဲဒီမိန်းမလည်း အသက်ထက်ဆုံး ကုသိုလ်ကို ပြုလုပ်ပြီး နတ်၊ လူဘဝတွေမှာ ကျင်လည်ကာ ငါတို့ဂေါတမဘုရားရှင် မပွေးဖွားခင် အရင်ကပဲ ဒေဝဒဟမြို့မှာ မဟာသုပ္ပဗုဒ္ဓအိမ်မှာ ပဋိသန္ဓေ ယူတယ်။ ဂေါတမီလို့ နာမည်မှည့်ခေါ်ကြတယ်။ မဟာမာယာရဲ့ ညီမငယ် ဖြစ်တယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၂၆၁)

ဂေါတမီဆိုတာ သိဒ္ဓတ္ထရဲ့မိထွေးတော် ဂေါတမီဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓါတွေဟာ လုပ်အားပေးအကူအညီလိုလို့ သက်န်းရုံကာ သူဌေးအိမ်ရှေ့ရပ်ကြပေမဲ့မှာလည်း အကူအညီရတော်မမူခဲ့ကြပါ။ပစ္စေကဗုဒ္ဓါတွေမှာလည်း အလာဘလောကဓံနဲ့ ရင်ဆိုင်ရတာပါပဲလား။ သဗ္ဗညုဘုရားရှင်တွေတောင်မှ ရင်ဆိုင်ကြရသေးတာပဲလေ။ ဂေါတမီလောင်းလျာအမျိုးသမီးရဲ့ စီမံမှုကောင်းလို့ ပစ္စေကဗုဒ္ဓါတွေမှာ စား၊ ဝတ်၊ နေရေးအဆင်ပြေခဲ့ပါတယ်။ သူမဟာ အတိတ်ဘဝတွေမှာလည်း ထက်မြက်တဲ့

http://www.dhammadownload.com



သူတော်ကောင်းအမျိုးသမီး ဖြစ်ခဲ့ပါတယ်။ သူမဟာ ဂေါတမဘုရား လက်ထက်မှာ အသက်ဝါအားဖြင့် အကြီးဆုံးပုဂ္ဂိုလ် ဖြစ်ခဲ့ပါတယ်။

အလာဘလောကဓံဆိုတာက ကိုယ်လိုချင်တာကို မရတာရယ်၊ ရပြီးတာတွေ ပျက်စီးဆုံးရှုံးသွားတာရယ်ပါပဲ။ ဘုရား၊ ပစ္စေကဗုဒ္ဓါတွေတောင် အလာဘလောကဓံကို ရင်ဆိုင်ရသေးလေတော့ ဘယ်လိုပုဂ္ဂိုလ်က ရင်မဆိုင်ရတာ ရှိနိုင်ပါ့မလဲ။ ကောင်းဆိုးလောကဓံကို သတ္တဝါမှန်သမျှ ရင်ဆိုင်ရတာချည်းပါပဲ။

ဦးခင်ဇော်၊ ဘုရားလောင်းသိဒ္ဓတ္ထကို ပြုစုစောင့်ရှောက်တဲ့ မိထွေးတော် ဂေါတမီလောင်းလျာဟာလည်း ပစ္စေကဗုဒ္ဓါ ၅၀၀ နေစရာ နေရာအဆင်ပြေအောင် စီမံဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းဒကာ၊ ကျောင်းဒကာမတွေအား ဘုရားရှင်မိန့်ကြားခဲ့တဲ့ အောက်ပါစကားလေးတွေဟာ ကျောင်းဒကာ၊ ဒကာမတွေအဖို့ ပီတိပွားစရာ ဖြစ်ပါတယ်။

"ဒကာ၊ ဒကာမတို့၊ ကျောင်းအလှူဆိုတာ ကြီးကျယ်မြင့်မြတ်တဲ့ ကောင်းမှုဖြစ်တယ်။ သင်တို့ရဲ့ ကျောင်းဆောင်ကို ငါဘုရား သုံးဆောင်သုံးစွဲပြီးပြီ ရဟန်းသံဃာလည်းသုံးစွဲပြီးပြီ။ ငါဘုရားရော၊ ရဟန်းသံဃာပါ သုံးစွဲပြီးရင် တရားရတနာကလည်း သုံးစွဲပြီးဖြစ်တော့တာပါပဲ။ အဲဒီလို ဘုရား၊ တရား၊ သံဃာရတနာသုံးပါး သုံးစွဲပြီးရင် အတိုင်းအတာမရှိတဲ့အကျိုးတရားကိုရရှိတယ်။ မြေမှာတည်တဲ့သစ်ရွက်မိုးကျောင်း သို့မဟုတ် သစ်ခက်မဏ္ဍပ်ကို သံဃာရည်စူးပြီး ပြုလုပ်ရင် အကျိုးတရားကို ပိုင်းခြားသတ်မှတ်လို့ မတတ်နိုင်ပါ။ မှန်တယ်။ ကျောင်းအလှူရဲ့ အစွမ်းသတ္တိကြောင့် ဘဝမှာ ဖြစ်ရပေမယ့် ကျဉ်းကြပ်ဆင်းရဲတဲ့ ပဋိသန္ဓေနေရမှု မဖြစ်ရ။ သူရဲ့မိခင် ဝမ်းဗိုက်ဟာ ၁၂ တောင်ရှိ တိုက်ခန်းလို မကျဉ်းမြောင်းသည်သာဖြစ်တယ်"

(ဥဒါန၊ ဋ္ဌ၊ ၃၇၇၊ သံ၊ ဋ္ဌ၊ တ၊ ၉၃)

http://www.dhammadownload.com



သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်မှာ ဦးခင်ဇော်တို့ ဆောက်လုပ်လှူဒါန်းထားတဲ့ စွန်ညီနောင် စွန်မင်းကျောင်းဆောင် အမှတ် ၁ ရဲ့ အပေါ်ထပ်မှာ ဘုရားခန်းသီးသန့်ပါရှိပြီး ရုပ်ပွားတော်ကို တည်ထား ကိုးကွယ်ပါတယ်။ ဘုရားရုပ်ပွားတော်ရယ်၊ ဘုရားတပည့် သံဃာတော်တွေရယ် သီတင်းသုံးတော်မူတာဖြစ်လို့ တရားရတနာက လည်း သုံးစွဲပြီး ဖြစ်တော့တာပါပဲ။ ရတနာသုံးပါး သုံးစွဲခံရတဲ့ ကျောင်း ဆောင်ဟာ အတိုင်းအတာမရှိတဲ့အကျိုးကို ရရှိစေမှာ ဖြစ်ပါတယ်။ သက်ရှက်မိုးကျောင်း၊ သစ်ခက်မဏ္ဍပ်ကတောင် ကြီးကျယ်များပြားလှတဲ့ အကျိုးတွေကိုတောင်ပေးနိုင်တာဟာ ဦးခင်ဇော်တို့လို ကျောင်းကောင်း ကြီးတွေ ဆောက်လုပ်လှူဒါန်းနေသူတွေအဖို့ ပိုမို အားရကျေနပ်စရာ ဖြစ်နေပါတယ်။ ကျောင်းအလှူရဲ့အစွမ်းကြောင့် ဘဝသစ်ဖြစ်ရဦးမယ် ဆိုရင် မိခင်ဝမ်း ဗိုက်ထဲမှာ ကျဉ်းကျဉ်းကြပ်ကြပ်မနေရပါတဲ့။ ကျောင်း အလှူရဲ့အကျိုး တွေက တယ်လည်း များပြားလှပါပေတယ်။

သစ်သားကျောင်း၊ အုတ်တိုက်ကျောင်းတွေလို ကျောင်းကောင်း ကောင်းတွေကို မလှူနိုင်သေးတောင် သစ်ရွက်မိုးကျောင်းလေးလှူတာ နဲ့ ကြီးကျယ်တဲ့အကျိုးတွေကို ရရှိတယ်ဆိုတော့ သစ်ရွက်မိုးကျောင်း ဒကာ၊ ဒကာမတွေအတွက်လည်း ဝမ်းသာအားရကျေနပ်စရာ ဖြစ်ပါ တယ်။ အားငယ်စရာ မလိုပါ။

http://www.dhammadownload.com

# မဟာသုဒဿနစကြဝတေးမင်း

ဦးခင်ဇော်၊ ဘုရားရှင် မိန့်ဇတော်မူထားတဲ့ စကားတစ်ခွန်း ရှိပါတယ်။ အဲဒီစကားက ဒီလိုပါ၊

"ပညာရှိ အမျိုးသား၊ အမျိုးသမီးဟာ ကောင်းမှုကို ပြုလုပ်ပြီး "ငါဟာ ကောင်းမှုအနည်းငယ်ကို ပြုလုပ်ပြီးပြီ။ အနည်းငယ်သော ကောင်းမှုလေးက အကျိုးပေးမှာ မဟုတ်ပါဘူးလို့ အထင်မသေးရ"တဲ့။

ဘုရားလောင်းမဟာသုဒဿန စကြဝတေးမင်းအလောင်းကို ဖတ်ရင်း အဲဒီဘုရားစကားတော်ကို သတိရလာမိပါတယ်။ ဦးခင်ဇော်၊ မဟာသုဒဿနစကြဝတေးမင်းကလည်း ကျောင်းဒကာတစ်ဦးဖြစ်ခဲ့ပါတယ်။ မဟာသုဒဿနစကြဝတေးမင်းဘဝကနေ ရေတွက်ရင် လွန်ခဲ့တဲ့ ၃ ခုမြောက်ဘဝမှာ ဘုရားလောင်းဟာ သူကြွယ်မျိုးမှာ ဖြစ်ခဲ့ပါတယ်။ သက်တော်ထင်ရှားရှိတဲ့ ဘုရားရှင်ရဲ့သာသနာမှာ မထေရ်တစ်ပါးက တောကျောင်းမှာ သီတင်းသုံးနေပါတယ်။ ဘုရားလောင်းက သူ့အလုပ်နဲ့ တောထဲဝင်တဲ့အခါ သစ်ပင်အောက်မှာ ထိုင်နေတဲ့မထေရ်ကို မြင်ရတယ်။ "ဒီနေရာမှာ ငါဟာ အရှင်မြတ်အတွက် သစ်ရွက်မိုးကျောင်းကို

http://www.dhammadownload.com



ပြုလုပ်သင့်တယ်”လို့ တွေးတယ်။ သူ့အလုပ်ကို ပယ်စွန့်ပြီး သစ်သားတွေကို ဖြတ်တောက်တယ်။ နေဖို့ သင့်လျော်တဲ့ သစ်ရွက်မိုးကျောင်း ဆောက်လုပ်တယ်။ တံခါးတပ်ဆင်တယ်။ သစ်သားအခင်း ခင်းတယ်။ “မထေရ်ဟာ သုံးစွဲမှု ပြုလေမလား၊ မပြုလေမလား”လို့ စူးစမ်းကာ သင့်တင့်ရာအရပ်မှာ ထိုင်နေတယ်။ ဘုရားအလောင်းကလည်း မထေရ်ကို ချဉ်းကပ်ပြီး မေးတယ်။

“အရှင်ဘုရား သစ်ရွက်မိုးကျောင်းက ချမ်းသာပါရဲ့လား”

“ကောင်းမြတ်တဲ့မျက်နှာရှိတဲ့ဒကာ၊ ရဟန်းတွေအား လျောက်ပတ်တဲ့ ကျောင်းဟာ ချမ်းသာပါတယ်”

“အရှင်ဘုရား ဒီကျောင်းမှာ နေပါမလား ဘုရား”

“ဒကာ၊ နေပါမယ်”

ဘုရားလောင်းက မထေရ်ရဲ့လက်ခံတဲ့ အမူအရာနဲ့ပဲ “မထေရ်နေလိမ့်မယ်” လို့ သိသွားကာ “အမြဲတပည့်တော်ရဲ့ အိမ်တံခါးကို ကြွလာထိုက်ပါတယ်”လို့ ဝန်ခံခိုင်းပြီး အမြဲသူ့အိမ်မှာပဲ ဆွမ်းကျောင်းလုပ်ခိုင်းပါတယ်။ ဘုရားလောင်းက သစ်ရွက်မိုးကျောင်းမှာ သင်ဖြူးဖျာကို ခင်းပြီး ခုတင်၊ ထိုင်ခုံကို ခင်းပါတယ်။ မှီရာပျဉ်ချပ်ကို ထားပါတယ်။ ခြေဆေးဖို့ အိုးကြမ်းခွဲကို ထားပါတယ်။ ရေကန် တူးပါတယ်။ စင်္ကြံလမ်းလုပ်ပြီး သဲဖြန့်ကျဲပါတယ်။ ဘေးရန်ကို ဖယ်ရှားဖို့ သစ်ရွက်မိုးကျောင်းကို ဆူးစည်းရိုးနဲ့ ကာရံဝိုင်းရံ ပေးပါတယ်။ ရေကန်နဲ့ စင်္ကြံလမ်းကိုလည်း အဲဒီလိုပဲ ကာရံပေးပါတယ်။ အဲဒီ သစ်ရွက်မိုးကျောင်း၊ ရေကန်၊ စင်္ကြံလမ်းတွေရဲ့ အတွင်းစည်းရိုးအဆုံးမှာ ထန်းပင်တန်းတွေကို စိုက်ပျိုးပါတယ်။ အဲဒီလို စသည်ဖြင့် ကျောင်းကို ပြီးဆုံးစေပါတယ်။ မထေရ်အား သက်န်းသုံးထည်က စပြီး ရဟန်းအသုံးအဆောင်ပစ္စည်းအားလုံးကို လှူဒါန်းပါတယ်။ အဲဒီအခါမှာ ဘုရားလောင်းက မထေရ်အား ရဟန်းအသုံးအဆောင် မလှူဖူးတာ မရှိရအောင် လှူတယ်။ သက်န်းသုံးထည်၊ ဆွမ်း၊

http://www.dhammadownload.com



သပိတ်၊ ခွက်ငယ်၊ ရေစစ်၊ အသုံးအဆောင်ခွက်၊ ထီး၊ ဖိနပ်၊ ရေဘူး၊ အပ်၊ တောင်ဝှေး၊ အပ်နဖားထွင်းစူး၊ လက်သည်းဖြတ်ဓားငယ်၊ ဆီမီး စသည်တွေ ပါဝင်ပါတယ်။ ဘုရားလောင်းဟာ ငါးပါးသီလ စောင့်တယ်။ ဥပုသ်ဆောက်တည်ကာ အသက်ထက်ဆုံး မထေရ်ကို ပြုစုလုပ်ကျွေး တယ်။ မထေရ်ဟာ အဲဒီတဲကျောင်းမှာပဲနေကာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံသွားတယ်။

ဘုရားလောင်းကလည်း အသက်ထက်ဆုံးကောင်းမှု ပြုလုပ်ပြီး နတ်ပြည်မှာ ဖြစ်တယ်။ အဲဒီနတ်ပြည်က စုတေပြီး လူ့ပြည်လာတဲ့အခါ ကုသဝတီမင်းနေပြည်မှာဖြစ်ကာ မဟာသုဒဿနမည်တဲ့ စကြဝတေး မင်း ဖြစ်တယ်။ အဲဒီ မဟာသုဒဿနမှာ ကုသဝတီမင်းနေပြည် အမှုးရှိ တဲ့ မြို့ပေါင်းရှစ်သောင်းလေးထောင် ဖြစ်ခဲ့တယ်။ ဓမ္မပြာသာဒ် အမှုးရှိ တဲ့ ပြာသာဒ်ပေါင်း ရှစ်သောင်းလေးထောင် ရှိခဲ့တယ်။ အထွတ်ပါတဲ့ မဟာဗျူဟအမှုးရှိ အထွတ်တပ် အဆောင်ပေါင်း ရှစ်သောင်းလေး ထောင် ရှိခဲ့တယ်။ အဲဒီ အဆောင်အားလုံးဟာ အဲဒီမထေရ်အတွက် ပြုလုပ်ခဲ့တဲ့ သစ်ရွက်မိုးကျောင်း တစ်ကျောင်းရဲ့အကျိုးကြောင့် ဖြစ်ပေါ် လာကြပါတယ်။ ပလ္လင်၊ ဆင်၊ မြင်း၊ ရထား ရှစ်သောင်းလေးထောင်စီဟာ ခုတင်၊ ထိုင်ခုံအလှူရဲ့အကျိုးပဲ။ ပတ္တမြားရှစ်သောင်းလေးထောင်ဟာ ဆီမီးအလှူရဲ့အကျိုးပဲ။ ရေကန်ရှစ်သောင်းလေးထောင်ဟာ ရေကန် တစ်ကန်အလှူရဲ့အကျိုးပဲ။ မိန်းမ၊ သားသမီး၊ အိမ်ရှင်သူကြွယ် ရှစ် သောင်းလေးထောင်စီဟာ သပိတ်ခွက်စတဲ့ သုံးဆောင်ထိုက်တဲ့ ရဟန်း အသုံးအဆောင်အလှူရဲ့ အကျိုးပဲ။ နို့စားနွားမ ရှစ်သောင်းလေးထောင် ဟာ နွားမှဖြစ်တဲ့ အရသာငါးမျိုးကိုလှူတဲ့ အလှူရဲ့အကျိုးပဲ။ အဝတ် ကျိတိုက် ရှစ်သောင်းလေးထောင်ဟာ ဝတ်စရာ၊ ရုံစရာအဝတ်အလှူရဲ့ အကျိုးပဲ။ ထမင်းအိုးရှစ်သောင်းလေးထောင်ဟာ စားဖွယ်အလှူရဲ့ အကျိုးပဲ။ မဟာသုဒဿနမင်းဟာ ရတနာ ၇ ပါး၊ တန်ခိုး ၄ ပါးနဲ့

http://www.dhammadownload.com



ပြည့်စုံတယ်။ မင်းတကာထက် မြတ်တဲ့မင်းဖြစ်တယ်။ သမုဒ္ဒရာအဆုံး ရှိတဲ့ တစ်မြေပြင်လုံးကို တရားသဖြင့် အောင်နိုင်ပြီးနေတယ်။ ရာပေါင်း များစွာသော နေရာတွေမှာ အလှူမဏ္ဍပ်တွေကို ဆောက်လုပ်ခိုင်းပြီး အကြီးအကျယ် လှူပါတယ်။ တစ်နေ့မှာ သုံးကြိမ်တိုင်တိုင် မြို့ထဲမှာ "အလိုရှိရာကို အလှူမဏ္ဍပ်တွေမှာ လာပြီးယူကြပါ"လို့ စည်နဲ့လှည့်လည် ကြေညာစေပါ တယ်။

(စရိယာ ပိဋက၊ ၄၊ ၄၁)

ဦးခင်ဇော် သစ်ရွက်မိုးကျောင်း ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ဘုရား လောင်းရဲ့ အလှူတွေဟာ မကြီးကျယ်လှပေမယ့် အကျိုးပေးကတော့ ကြီးကျယ်လှပါပေတယ်။ ဘုရားလောင်းက စုံနေအောင် လှူခဲ့တော့ အကျိုးပေးချိန်ရောက်တော့ စုံနေအောင်ပေးပါတယ်။ ဦးခင်ဇော်တို့ လည်း ပဲခူး၊ ရန်ကုန်၊ မှော်ဘီ၊ လှော်ကားက ကျောင်းတွေမှာ လှူဖွယ် တွေကို မျိုးစုံနေအောင် လှူတယ်မဟုတ်လား။ အဲဒီအလှူမျိုးစုံက အကျိုးမျိုးစုံကို ပေးမှာပေါ့။

http://www.dhammadownload.com

# ကျောင်းဒကာ သုဇာတသူဌေး

ဦးခင်ဇော်၊ ဘုရားရှင်ရဲ့တပည့်ရဟန်းတွေထဲက ဝိနည်းဆောင်ရဟန်းတွေထဲမှာ အသာဆုံးလို့ ဘုရားရှင် သတ်မှတ်ချီးကျူးထားတဲ့ ရဟန်းတစ်ပါး ရှိခဲ့ပါတယ်။ သူ့ဘွဲ့က ဥပါလိ တဲ့၊ ဥပါလိမထေရ်က သူ့ဘဝအကြောင်းတွေကို ဒီလိုပြောပြခဲ့ပါတယ်။ ဥပါလိလောင်းလျာ ကုဋေ ၈၀ ကြွယ်ဝတဲ့ သုဇာတပုဏ္ဏားဟာ ဒီလို ကြံစည်တယ်။

"ငါ့ရဲ့ ဒီဥစ္စာဟာ တိုင်းတာလို့ မရ။ ရန်သူမျိုးငါးပါး နှောက်ယှက်လို့ မရ။ သမုဒ္ဒရာသဖွယ် ကြီးကျယ်တယ်။ ငါဟာ အဲဒီစည်းစိမ်ဥစ္စာနဲ့ ဘုရားရှင်အတွက် ကျောင်းတိုက်ကို ဆောက်လုပ်ဖန်ဆင်းမယ်။

အဲဒီလို ကြံစည်ပြီး ဟံသာဝတီမြို့ရဲ့ အရှေ့အရပ်မှာ သောဘနမည်တဲ့ ကျောင်းအာရာမ်ကို ငွေတစ်သိန်းနဲ့ ဝယ်ယူပြီး သံဃာအတွက် ကျောင်းတိုက်ကို ငါဟာ ဆောက်လုပ်ဖန်ဆင်းခဲ့ပါတယ်။ အထွတ်တတ်တဲ့ကျောင်းဆောင်တွေ၊ ပြာသာဒ်ရှည်တွေ၊ မဏ္ဍပ်တွေ၊ ပြာသာဒ်ကတုံးတွေ၊ လိုဏ်ဂူတွေ၊ စင်္ကြံတွေကို ကောင်းကောင်းပြုလုပ်ပြီး သံဃအာရာမ် (သံဃာအတွက် ကျောင်းတိုက်)ကို ပြုလုပ်ဖန်ဆင်းခဲ့ပါတယ်။ ငါဟာ ဇရုံးအိမ်၊ မီးတင်းကုတ်၊ ရေအိုးစင်၊ ရေချိုးအိမ်တွေကို ပြုလုပ်ဖန်ဆင်းပြီး ရဟန်းသံဃာအား ပေးလှူခဲ့ပါတယ်။ ငါဟာ ခုတင်တွေ၊ ထိုင်ခုံတွေ၊

http://www.dhammadownload.com



အသုံးအဆောင် အိုးခွက်တွေ၊ အာရာမ်စောင့်၊ ဆေး၊ အဲဒီအရာအားလုံးကို လှူခဲ့ပါတယ်။ ကောင်းဆိုး လောကဓံကြောင့် မတုန်လှုပ်တဲ့ ငြိမ်သက်စိတ်ပိုင်ရှင်ရဟန်းတွေကို ဘယ်သူကမှ မညှဥ်းဆဲပါစေနဲ့လို့ နှလုံးသွင်းပြီး ငါဟာ အစောင့်အရှောက်ထားကာ မြဲမြဲခိုင်ခံ့တဲ့ တံတိုင်းကို ဆောက်လုပ်ခဲ့ပါတယ်။ ငါဟာ သံဃအာရာမ်မှာ နေစရာကျောင်းဆောင်ကို ငွေတစ်သိန်းနဲ့ ဆောက်လုပ်ခဲ့ပါတယ်။ စည်ပင်ပြန့်ပြောတဲ့ အဲဒီကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီး ဘုရားရှင်အား ဆက်ကပ်ခဲ့ပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်ဟာ ကျောင်းတိုက်ကို ပြီးအောင်လုပ်ပြီးပါပြီ။ အရှင်ဘုရားက လက်ခံတော်မူပါ။ ဝီရိယကြီးတဲ့ မြတ်စွာဘုရား၊ အဲဒီကျောင်းတိုက်ကို အရှင်ဘုရားအား အပ်နှင်းပါမယ်။ မျက်စိငါးမျိုးရှိတဲ့ မြတ်စွာဘုရား၊ လက်ခံတော်မူပါ"

ပဒုမုတ္တရဘုရားရှင်က ငါ့အကြံကို သိပြီး လက်ခံပါတယ်။ ဘုရားရှင် လက်ခံတာကို ငါသိလို့ ဘုရားရှင်အတွက် ဆွမ်းကို စီစဥ်ကာ ငါက ဆွမ်းဘုဥ်းပေးချိန်ကို လျှောက်ထားခဲ့ပါတယ်။ လျှောက်ထားလိုက်တော့ ပဒုမုတ္တရဘုရားရှင်က ရဟန္တာတစ်ထောင်နဲ့အတူ ငါ့ရဲ့ကျောင်းတိုက်ကို ကြွတော်မူပါတယ်။ ထိုင်နေတဲ့ ဘုရားရှင်ကို အချိန်အခါ သိပြီး စားဖွယ်၊ သောက်ဖွယ်နဲ့ ရောင့်ရဲစေခဲ့ပါတယ်။ ဆွမ်းဘုဥ်းပေးပြီးတဲ့ ဘုရားရှင်ကို အချိန်အခါသိပြီး အောက်ပါစကားကို လျှောက်ထားခဲ့ပါတယ်။

"မြတ်စွာဘုရား တပည့်တော်ဟာ သောဘနမည်တဲ့ အာရာမ်ကြီးကို ငွေတစ်သိန်းနဲ့ဝယ်ခဲ့ပါတယ်။အဲဒီလောက်ငွေတစ်သိန်းနဲ့ပဲ ကျောင်းကို ဆောက်လုပ်ခဲ့ပါတယ်။ အရှင်ဘုရားက လက်ခံတော်မူပါ"

"တပည့်တော်ဟာ ဒီကျောင်းတိုက်အလှူကြောင့်ရော၊ ကုသိုလ်စေတနာ၊ ဆုတောင်းမှုတို့ကြောင့်ပါ ဘဝမှာဖြစ်ရရင် တပည့်တော်တောင့်တတဲ့အကျိုးကို ရရပါလို၏"

http://www.dhammadownload.com



ဘုရားရှင်က ကောင်းစွာ ဆောက်လုပ်ဖန်ဆင်းထားတဲ့ ကျောင်းတိုက်ကို လက်ခံပြီး ရဟန်းသံဃာအလယ်မှာ ထိုင်ကာ အောက်ပါစကားကို မိန့်တော်မူပါတယ်။

"ဘုရားရှင်အား ကောင်းစွာဖန်ဆင်းထားတဲ့ သံဃအာရာမ်လှူဒါန်းသူအကြောင်းကို ပြောပြမယ်။ ငါ ပြောတာကို နားထောင်ကြ"

"အဲဒီ လှူဒါန်းသူကို အင်္ဂါလေးပါးရှိတဲ့ ဆင်၊ မြင်း၊ ရထား၊ ခြေလျင်တော် စစ်သည်တွေဟာ အမြဲ ခြံရံကြလိမ့်မယ်။ အဲဒါဟာ သံဃအာရာမ်လှူခြင်းရဲ့ အကျိုးပဲ"

"တူရိယာ ၆ သောင်းနဲ့ ကောင်းစွာ တန်ဆာဆင်ထားတဲ့ စည်တွေဟာ အဲဒီလှူဒါန်းသူကို အမြဲခြံရံကြလိမ့်မယ်။ အဲဒါဟာ သံဃအာရာမ်လှူခြင်းရဲ့ အကျိုးပဲ"

"အဲဒီ လှူဒါန်းသူကို မိန်းမ ၈သောင်း ၆ထောင်က အမြဲခြံရံကြလိမ့်မယ်။ အဲဒီမိန်းမတွေက ကောင်းစွာ တန်ဆာဆင်ထားကြတယ်။ ဆန်းကြယ်တဲ့အဝတ်တန်ဆာ ရှိကြတယ်။ ပတ္တမြား နားဋောင်းဝတ်ဆင်ထားကြတယ်။ မျက်တောင်ကော့ ဖြူနေကြတယ်။ (မျက်လုံး ကျယ်ပြန့်ကြတယ်။) ပြုံးပြုံးရွှင်ရွှင် ပြောတတ်ကြတယ်။ ကောင်းကောင်းအမှတ်ရစရာ ခန္ဓာကိုယ်အစိတ်အပိုင်း ရှိကြတယ်။ ခါးသေးသွယ်ကြတယ်။ အဲဒီမိန်းမ ၈၆၀၀၀ အမြဲဝန်းရံခံရတာဟာ သံဃအာရာမ်လှူရခြင်းရဲ့ အကျိုးပဲ"

"ကမ္ဘာ ၃ သောင်းပတ်လုံး နတ်ပြည်မှာ ပျော်မွေ့ရလိမ့်မယ်။ အကြိမ်တစ်ထောင် သိကြားမင်းဖြစ်ပြီး နတ်စည်းစိမ်ကို ခံစားရလိမ့်မယ်။ သိကြားမင်းရထိုက်တဲ့ စည်းစိမ်အားလုံးကို ရလိမ့်မယ်။ စည်းစိမ် မယုတ်လျော့ဘဲ နတ်စည်းစိမ်ကို ခံစားရလိမ့်မယ်"

http://www.dhammadownload.com



"တိုင်းနိုင်ငံမှာ အကြိမ်တစ်ထောင် စကြဝတေးမင်း ဖြစ်လိမ့်မယ်။ မြေပြင်အားလုံးမှာ စည်းစိမ်ဥစ္စာ ပြန့်ပြောတဲ့ ဇကရာဇ်မင်းအဖြစ်က တော့ အရေအတွက်အားဖြင့် မရေမတွက်နိုင်အောင် ဖြစ်လိမ့်မယ်"

(အပဒါန၊ ပ၊ ၄၂)

ဦးခင်ဇော် ဥပါလိမထေရ် ပြောပြတဲ့ သူ့ဘဝဇာတ်ကြောင်းဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကျောင်းအလှူနဲ့ ကျောင်းနဲ့ပတ်သက်တဲ့ တံတိုင်းအလှူအပါအဝင် သက်ဆိုင်ရာ အလှူအသီးသီးတွေကို ဦးခင်ဇော်တို့လည်း ပြုလုပ်နေတာပါပဲ။ ဥပါလိမထေရ်လောင်းလျာက လည်း သံဃာချမ်းသာအောင် ဆောင်ရွက်ပေးတာပဲ။ ဦးခင်ဇော်တို့ လည်း သံဃာချမ်းသာအောင် ဆောင်ရွက်ပေးတာပဲ။ သံဃာချမ်းသာ စေချင်တဲ့ မေတ္တာစိတ်ထားချင်းက တူနေပါတယ်။ အဲဒီ ကိုယ့်ရဲ့မေတ္တာ စိတ်ထားက ကိုယ့်ထံ ချမ်းသာအမျိုးမျိုးကို သယ်ဆောင်ပေးတော့တာ ပါပဲ။

http://www.dhammadownload.com

# ကျောင်းဒကာမ လခုမာ

ဦးခင်ဇော် . . ၊ ကျောင်းအဆောက်အဦးလှူကြတဲ့ပုဂ္ဂိုလ်တွေ အကြောင်း ဆက်ပြောပြပါဦးမယ်။ တစ်ယောက်က ဗာရာဏသီမြို့အနီး ရွာလေးတစ်ရွာက လခုမာဆိုတဲ့ အမျိုးသမီးတစ်ယောက်ပါ။ သူမက သဒ္ဓါတရားလည်း ကောင်းတယ်၊ အသိဉာဏ်ပညာလည်း ရှိတယ်၊ တစ်ယောက်ကတော့ သာဝတ္ထိမြို့က ဉပါသိကာမတစ်ဦးပါ။ တစ်ယောက်ကတော့ သဒ္ဓါနဲ့လည်း ပြည့်စုံ၊ ပစ္စည်းဉစ္စာနဲ့လည်း ပြည့်စုံတဲ့ ဉပါသကာ တစ်ဦးပါ။ နောက်ထပ်က သားအဖနှစ်ဦးပါ။ အဲဒီ ၄ ယောက်ထဲက လခုမာဆိုတဲ့ အမျိုးသမီးအကြောင်းကို အရင်ပြောပြပါမယ်။ ဘုရားရှင်က ဗာရာဏသီမြို့မှာ သီတင်းသုံးနေတဲ့အခါ ဗာရာဏသီမြို့ရဲ့ တံခါးတစ်ခုဖြစ်တဲ့ ကေဝဋ္ဋတံခါးအနီးရှိ ရွာဟာလည်း "ကေဝဋ္ဋဒွါရ" လို့ပဲ ထင်ရှားတယ်။ အဲဒီတံခါးကနေ ဝင်လာတဲ့ ရဟန်းတွေကို လခုမာက မြင်ရတယ်၊ ရှိခိုး ပြီး သူမရဲ့ အိမ်ကိုပင့်တယ်၊ ဆွမ်းကို ဋွန်းနဲ့ ခပ်လှူတယ်၊ အဲဒီ အလေ့အကျင့်နဲ့ပဲ သဒ္ဓါတရား တိုးပွားလာတယ်၊ နားနေစရာ ဇရပ် ဆောက်လုပ်တယ်။ အဲဒီဇရပ်မှာ ဝင်လာတဲ့ ရဟန်းတွေအတွက် နေရာကို ဆောင်ပေးတယ်။ သောက်ရေ၊ သုံးရေကို တည်ထားပေးတယ်။ အိမ်မှာရှိတဲ့ ဆွမ်း၊ မုယောမုန့်၊ သစ်ရွက် စသည်တွေကိုလည်း ရဟန်းတွေအား လှူတယ်။

http://www.dhammadownload.com



လခုမာဟာ ရဟန်းတွေထံ တရားနာယူတယ်၊ သရဏဂုံ၊ သီလတွေမှာ တည်ရှိတယ်၊ သမာဓိရှိတယ်၊ ဝိပဿနာကမ္မဋ္ဌာန်းကို သင်ယူပြီး ဝိပဿနာကို အားထုတ်တယ်၊ ရှေးပါရမီနဲ့ ပြည့်စုံလို့ မကြာခင်မှာပဲ သောတာပန်ဖြစ်သွားတယ်။ လခုမာဟာ နောင်အခါမှာ သေပြီး တာဝတိံသာနတ်ပြည်က ကြီးကျယ်တဲ့ဗိမာန်မှာ ဖြစ်တယ်။ လခုမာနတ်သမီးမှာ နတ်သမီးပေါင်းတစ်ထောင် အခြံအရံရှိတယ်။ လခုမာက တာဝတိံသာ နတ်ပြည်မှာ နတ်စည်းစိမ်ကို ခံစားကာ ပျော်ပျော်ပါးပါး လှည့်လည်နေပါတယ်။ အရှင်မဟာမောဂ္ဂလ္လာန်က နတ်ပြည်ခရီးကို လှည့်လည်တဲ့အခါ လခုမာနတ်သမီးရဲ့ အတိတ်ကံကို မေးပါတယ်။ လခုမာနတ်သမီးက သူပြုလုပ်ခဲ့တဲ့ ကုသိုလ်လုပ်ငန်းတွေအကြောင်းကို ပြောပြပါတယ်။
(ဝိမာန၊ ၄၊ ၈၈)

လခုမာမှာ ဆွမ်းတစ်ဇွန်းတစ်ဇွန်းကို ရဟန်းတွေအား လောင်းလှူရင်းက သဒ္ဓါတရား တိုးပွားလာတယ်တဲ့။ ဦးခင်ဇော်လည်း သာမဏေကျော် မဟာဂန္ဓာရုံကို လာရင်း လိုအပ်တာလေးတွေ တွေ့လို့ ဖြည့်ပေးရာက သဒ္ဓါတရားတွေ တိုးပွားလာလို့ ကျောင်းဆောင် ၅ ဆောင်နဲ့တကွ အခြားအခြား လိုအပ်ရာရာ အဖြာဖြာကို ဖြည့်ပေးနေတာပဲပေါ့။ လခုမာလို သောတာပန်ဖြစ်နိုင်ဖို့ရာ ဝိပဿနာအားထုတ်နည်းကို လေ့လာသင်ယူကာ အားထုတ်နိုင်ပါစေလို့ ဆန္ဒပြုနေမိပါတယ်။

http://www.dhammadownload.com

# သာဝတ္ထိမြို့သူ ကျောင်းဒကာမ

ဦးခင်ဇော်. . . .၊ သာဝတ္ထိမြို့က ကျောင်းဒကာမ တစ်ယောက် အကြောင်း ဆက်ပါမယ်။ ဘုရားရှင်က သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်း မှာ သီတင်းသုံးနေပါတယ်။ အဲဒီအခါမှာ သာဝတ္ထိမြို့က ဥပါသိကာမ တစ်ဦးက ကျောင်းအလှူရဲ့အကျိုးအာနိသင်ကြီးပုံကို ကြားနာရပါတယ်။ ကျောင်းဆောက်လှူလိုတဲ့ ဆန္ဒဖြစ်လာလို့ ဘုရားရှင်ကို ရှိခိုးပြီး ဒီလို လျှောက်ထားပါတယ်။

"မြတ်စွာဘုရား၊ တပည့်တော်ဟာ ကျောင်းတစ်ဆောင် ဆောက် လုပ်လှူဒါန်းလိုပါတယ်။ အဲဒီလို ကျောင်းဆောက်ရမယ့် နေရာကို အလို ရှိပါတယ်။ ညွှန်ပြတော်မူပါ"

ဘုရားရှင်က ရဟန်းတွေကို စေခိုင်းပါတယ်။ ရဟန်းတွေက အဲဒီ ဥပါသိကာမအား နေရာကို ပြကြပါတယ်။ အဲဒီဥပါသိကာမဟာ အဲဒီ နေရာမှာ မွေ့လျော်ဖွယ်ကောင်းတဲ့ကျောင်းကို ဆောက်လုပ်တယ်။ အဲဒီ ကျောင်းဆောင်ရဲ့ ပတ်ဝန်းကျင်မှာ သရက်ပင်တွေကို စိုက်ပျိုးပါတယ်။ အဲဒီကျောင်းဆောင်ဟာ ပတ်ဝန်းကျင်မှာ သရက်ပင်တန်းတွေနဲ့ ကာရံ ထားတယ်။ အရိပ်၊ ရေနဲ့ ပြည့်စုံတယ်။ ပုလဲဇာကွန်ရက်နဲ့တူတဲ့ သဲတွေ

http://www.dhammadownload.com



နဲ့ ရောပွမ်းနေလို့ မြေအပြင်ဟာ ဖြူဖွေးနေတယ်၊ အလွန်အကဲပဲ စိတ်ကို ဆွဲဆောင်နိုင်ပါပေတယ်။ အဲဒီကျောင်းဒကာမဟာ အဲဒီကျောင်းကို အဆင်းအရောင် အမျိုးမျိုးရှိတဲ့ အဝတ်တွေနဲ့ရော၊ ပန်းကုံး၊ နံ့သာကုံး စသည်တွေနဲ့ပါ နတ်ဘုံဗိမာန်လို တန်ဆာဆင်တယ်။ ဆီမီးကို တင်ထား တယ်။ သရက်ပင်တွေကို အဝတ်သစ်တွေနဲ့ ရစ်ပတ်တယ်၊ ပြီးတော့ သံဃာအား အပ်နှင်းတယ်၊ သူမဟာ နောင်အခါမှာသေပြီး တာဝတိံ သာနတ်ပြည်မှာ ဖြစ်တယ်။ သူ့မှာ ကြီးကျယ်တဲ့ ဗိမာန်ပေါ် ပေါက်လာ တယ်။ သရက်တောနဲ့ ကာရံထားတယ်။ အဲဒီနတ်သမီးဟာ တာဝတိံသာ နတ်ပြည်မှာ နတ်သမီးအပေါင်းခြံရံပြီး နတ်စည်းစိမ်ကို စံစားတယ်။ အရှင်မဟာမောဂ္ဂလ္လာန်က သူမအကြောင်းကိုမေးလို့ နတ်သမီးက ပြော ပြပါတယ်။ (ဝိမာန၊ ၄၊ ၁၈၂)

ဦးခင်ဇော်တို့ လှူဒါန်းထားတဲ့ သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းတိုက်ရဲ့ စာသင်တိုက်ဘက်မှာလည်း သရက်ပင်၊ မာလကာပင်၊ ကျွဲကောပင်၊ ငှက်ပျောပင်၊ ပိန္နဲပင်၊ ရှောက်ပင်၊ သံပရာပင်စတဲ့ သစ်ပင် တွေကို စိုက်ပျိုးထားတာမို့ အရိပ်ကောင်းနဲ့ ပြည့်စုံလာပါလိမ့်မယ်။ နေ ချင်စဖွယ် ဖြစ်လာပါလိမ့်မယ်။ ကျောင်းဒကာဦးခင်ဇော်တို့ ကိုယ်တိုင် လည်း စိတ်ကြည်နူးရ၊ လာရောက်ကြတဲ့ ဒကာ၊ ဒကာမတွေမှာလည်း စိတ်ကြည်နူးရတဲ့အနေအထား ဖြစ်လာပါလိမ့်မယ်။ သာဝတ္ထိမြို့သူ ကျောင်းဒကာမက သူ့ကျောင်း လာရောက်သူတွေရဲ့ စိတ်ကို ဆွဲဆောင် နိုင်စွမ်းရှိအောင် သူ့ကျောင်းမှာ ပြုပြင်ဖန်တီးထားပါတယ်။ အေးမြတဲ့ အရိပ်တွေနဲ့ ပြည့်စုံပြီး သန့်ရှင်းသပ်ရပ်တိတ်ဆိတ်နေတဲ့ ကျောင်းတိုက် ဟာ လာလာသမျှ ဒကာ၊ ဒကာမတွေရဲ့ စိတ်မှာ အေးမြမှု၊ အေးချမ်းမှု၊ ကြည်နူးမှုတွေကို ပေးစွမ်းနိုင်ပါတယ်။ သာမဏေကျော် မဟာဂန္ဓာရုံ ကျောင်းတိုက်ကိုလည်း အဲဒီလို ကျောင်းတိုက်မျိုး ဖြစ်လာအောင် ကြိုး စားကြရပါမယ်။

http://www.dhammadownload.com

# မြက်မိုးကျောင်းအလှူရဲ့ အကျိုး

ဦးခင်ဇော်၊ မြက်မိုးကျောင်းအလှူ လှူခဲ့တဲ့ မထေရ်က သူ့ဘဝ ဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြထားပါတယ်။ ဦးခင်ဇော်တို့ ကျောင်း ဒကာတွေအတွက် အဲဒီမထေရ်ရဲ့ ပြောစကားလေးတွေက အားရ ကျေနပ်စရာ ကောင်းလှပါတယ်။ သူက သူ့အကြောင်းကို သူကိုယ်တိုင် ဒီလိုပြောပြခဲ့ပါတယ်။

"ငါဟာ ဗန္ဓုမတီမြို့မှာ သူတစ်ပါးအလုပ်နဲ့ ဆက်စပ်နေပါတယ်။ သူတစ်ပါးရဲ့ထမင်းကို မှီခိုခဲ့ရပါတယ်။ သူတစ်ပါးအလုပ်ကို လုပ်ပေးရ တဲ့ အစေအပါး ဖြစ်ခဲ့ပါတယ်။ အဲဒီအခါ ငါဟာ ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီး ထိုင်ကာ ဒီလို စဉ်းစားခဲ့ပါတယ်"

"လောကမှာ ဘုရားပွင့်တော်မူနေတယ်။ ငါ့မှာ ကုသိုလ်ကောင်းမှု လည်းမရှိ၊ နောက်ရောက်ရမယ့်ဘဝကို သုတ်သင်ရှင်းလင်းဖို့ ငါ့မှာ အချိန်တန်နေပြီ။ ငါ့ထံမှာ ဘုရားပွင့်တဲ့ အချိန်အခါကောင်းက ဆိုက် ရောက်နေတယ်။ ကောင်းမှုမရှိတဲ့ သတ္တဝါတွေမှာ ငရဲနဲ့ တွေ့ရတာဟာ ဆင်းရဲလှပေတယ်။

"အဲဒီလို စဉ်းစားပြီး ငါဟာ အလုပ်ရှင်ထံ ချဉ်းကပ်ခဲ့ပါတယ်။ တစ် ရက်ခွင့်ပန်ပြီး ငါဟာ တောထဲဝင်ခဲ့ပါတယ်။ အဲဒီအခါ ငါဟာ မြက်ထင်း

http://www.dhammadownload.com



ကိုရော၊ နွယ်ကိုပါ ဆောင်ယူပြီး တိုင် ၃ လုံးကို စိုက်ထူကာ မြက်မိုးကျောင်းကို ဆောက်လုပ်ခဲ့ပါတယ်။ ငါဟာ သံဃာအကျိုးအတွက် အဲဒီကျောင်းငယ်ကို အပ်နှင်းပြီး အဲဒီနေ့မှာပဲ ပြန်လာကာ အလုပ်ရှင်ထံ ချဉ်းကပ်ခဲ့ပါတယ်။ ငါဟာ ကောင်းစွာပြုအပ်တဲ့ အဲဒီကံကြောင့် တာဝတိံသာနတ်ပြည်ကို ရောက်ခဲ့ရပါတယ်။ အဲဒီတာဝတိံသာနတ်ပြည်မှာ ကောင်းစွာ ပြုလုပ်ထားတဲ့ ငါ့ဗိမာန်ကို လူ့ဘဝက လှူခဲ့တဲ့ ကျောင်းငယ်က ကောင်းစွာ ဖန်ဆင်းပေးလိုက်ပါတယ်။ ငါ့ဗိမာန်ဟာ မြားကျတစ်ထောင်ရှိပါတယ်။ ဘုံအဆင့်တစ်ရာရှိပါတယ်၊ အလံများစွာ ရှိပါတယ်။ ရွှေနဲ့ပြီးပါတယ်၊ နန်းဦးပြာသာဒ်ဆောင်ပေါင်း တစ်သိန်းဟာ ငါ့ဗိမာန်မှာ ထင်ရှားဖြစ်ပေါ်နေကြပါတယ်။ ရောက်လေရာ လူ့ဘဝ၊ နတ်ဘဝတွေမှာ ပြာသာဒ်ဟာ ငါ့ရဲ့စိတ်အကြံကိုသိပြီး တည်လာပါတယ်။

ကြောက်တာ၊ ခန္ဓာကိုယ် မာတောင့်သွားတာ၊ ကြက်သီးမွေးညင်းထတာတွေဟာ ငါ့မှာ မရှိပါ။ အဲဒါတွေကို ငါမသိရပါ။ အဲဒါဟာ မြက်မိုးကျောင်းအလှူရဲ့ အကျိုးပါပဲ။

ခြင်္သေ့တွေ၊ ကျားတွေ၊ ကျားသစ်တွေ၊ ဝံပုလွေတွေ၊ အောင်းတွေ၊ ဒီသားရဲအားလုံးဟာ ငါ့ကို ရှောင်ကွင်းကြပါတယ်။ အဲဒါဟာ မြက်မိုးကျောင်းအလှူရဲ့ အကျိုးပါပဲ။

မြွေတွေ၊ ကင်းသန်းတွေ၊ ဖုတ်ပြိတ္တာတွေ၊ နဂါးတွေ၊ ကုမ္ဘဏ်တွေ၊ ရက္ခိုသ်တွေ၊ ဒီသတ္တဝါအားလုံးကလည်း ငါ့ကို ရှောင်ကွင်းကြပါတယ်၊ အဲဒါဟာ မြက်မိုးကျောင်းအလှူရဲ့ အကျိုးပါပဲ။

ငါဟာ ငါ့မှာ မကောင်းတဲ့ အိပ်မက်မြင်မက်တာကို အမှတ်မရပါ၊ ငါ့မှာ သတိစွဲတည်နေပါတယ်။ (သတိကောင်းကောင်း တည်ရှိပါတယ်)။ အဲဒါဟာ မြက်မိုးကျောင်း အလှူရဲ့ အကျိုးပါပဲ။

http://www.dhammadownload.com



အဲဒီမြက်မိုးကျောင်းအလှူကြောင့်ပဲ ငါဟာ စည်းစိမ်ချမ်းသာကို ခံစားရပြီး ဂေါတမဘုရားရှင်ရဲ့ တရားတော်ကို မျက်မှောက်ပြုခဲ့ရပါတယ်။ ဒီဘဒ္ဒကမ္ဘာကနေ ၉၁ ကမ္ဘာအထက်မှာ ကောင်းမှုကံ ပြုခဲ့တဲ့ အချိန်ကစပြီး အပါယ်လေးပါး ရောက်ရတာကို မသိဖူးတော့ပါ။ အဲဒါဟာ မြက်မိုးကျောင်းအလှူရဲ့ အကျိုးပါပဲ။

ပဋိသမ္ဘိဒါ ၄ ပါး၊ ဝိမောက္ခ ၈ ပါး၊ အဘိညာဉ် ၆ ပါးတွေကို ငါဟာ မျက်မှောက်ပြုပြီးပါပြီ။ ဘုရားအဆုံးအမကို လိုက်နာကျင့်သုံးပြီးပါပြီ။

(အပဒါန်၊ ပ၊ ၃၁၁)

ဦးခင်ဇော် မြက်မိုးကျောင်းအလှူရဲ့ အကျိုးတွေကို အဲဒီမထေရ်က ဝေဆာနေအောင် ပြောပြသွားပါတယ်။ ဦးခင်ဇော်တို့ဟာ ကျောင်းအလှူတွေရဲ့အကျိုးတွေကို နောင်ဘဝများစွာမှာ ခံစားရပြီး အဲဒီ မထေရ်မြတ်လို အတိတ်ဘဝအကြောင်း ပြန်ပြောင်းပြောပြခဲ့မယ်ဆိုရင် အဲဒီမထေရ်ရတဲ့အကျိုးတွေထက် ပိုမိုကြီးကျယ်တဲ့အကျိုးတွေကိုအဲဒီမထေရ် ပြောပြတာထက် ပိုမိုဝေဆာစွာ ပြောပြနေပါလိမ့်မယ်။

http://www.dhammadownload.com

## ဘုရားကျောင်းဒကာနဲ့သားအဖ

ဦးခင်ဇော်. . . နောက်တစ်ဦးကတော့ အမျိုးသားပါ။ ကံ၊ ကံရဲ့ အကျိုးနဲ့ ရတနာသုံးပါးအပေါ် ယုံကြည်တယ်၊ ကြည်ညိုတယ်၊ စည်းစိမ် ဥစ္စာနဲ့ ပြည့်စုံတယ်၊ ဘုရားရှင် သီတင်းသုံးရာ အန္ဓကဝိန္ဒရွာအနီးက တောင်ကတုံးတစ်ခုအပေါ် ဘုရားရှင်သီတင်းသုံးဖို့သင့်လျော်တဲ့ အားလုံး ကောင်းတဲ့ ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်တယ်။ အဲဒီဂန္ဓကုဋိ ကျောင်းတော်မှာ ဘုရားရှင်ကို သီတင်းသုံးစေပြီး ရိုရိုသေသေ ပြုစုလုပ် ကျွေးတယ်၊ ကျောင်းဒကာကိုယ်တိုင်လည်း ငါးပါးသီလမှာ တည်ရှိ တယ်။ အလွန်စင်ကြယ်တဲ့ သီလရှိတယ်၊ သေပြီးတော့ တာဝတိံသာနတ် ပြည်မှာ ဖြစ်တယ်။ သူ့ရဲ့ကံအစွမ်းကို ပြတဲ့ဗိမာန်ဟာ ရွှေတောင်ထိပ် ပေါ်မှာ ဖြစ်ပေါ်လာတယ်။ အဲဒီဗိမာန်က ရတနာအမျိုးမျိုးတွေရဲ့ အရောင်ကွန်ရက်နဲ့ တောက်ပနေတယ်။ ဆန်းကြယ်တဲ့ ပွတ်တိုင်တွေနဲ့ ကာရံထားတယ်၊ ကြီးကျယ်တဲ့ အဆင်တန်ဆာအမျိုးမျိုးနဲ့ တောက်ပနေ တယ်၊ ကောင်းစွာ ဝေဖန်ပိုင်းခြားထားတဲ့ နံရံ တိုင်၊ စောင်းတန်း ရှိတယ်၊ မွှေ့လျော်ဖွယ်တွေနဲ့ပျော်မွေ့ဖွယ်ကောင်းတယ်။ အရှင်မဟာမောဂ္ဂလ္လာန် က နတ်ပြည်ခရီး လှည့်လည်တဲ့အခါ နတ်သားကို မေးလို့ နတ်သားက သူ့ရဲ့ ရှေးကုသိုလ်ကံကို ပြောပြပါတယ်။

(ဝိမာန၊ ၄၊ ၂၈၃)

http://www.dhammadownload.com



ဦးခင်ဇော်. . . သားအဖနှစ်ယောက်အကြောင်း ပြောပြပါဦးမယ်၊ ရှေးအခါက သားအဖနှစ်ဦးဟာ ကျူထရံ ရက်လုပ်ကြဘယ်။ ပစ္စေကဗုဒ္ဓါ အတွက် ကျူတွေနဲ့ရော၊ သဖန်းသားတွေနဲ့ပါ သစ်ရွက်မိုးကျောင်း၊ ဆောက်လုပ်ကြပါတယ်။ ပစ္စေကဗုဒ္ဓါကို အဲဒီသစ်ရွက်မိုးကျောင်းမှာ သီတင်းသုံးစေကာ ပစ္စည်းလေးပါး(ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး) တွေနဲ့ ပြုစုလုပ်ကျွေးကြပါတယ်။ အဲဒီသားအဖ သေပြီး နတ်ပြည်မှာ ဖြစ်ကြတယ်။ သားအဖထဲက ဖခင်က နတ်ပြည်မှာပဲ ဆက်လက် တည်ရှိတယ်။ သားက နတ်ပြည်မှ စုတေကာ သုရုစိမင်းရဲ့ မိဖုရား သုမေဓာရဲ့ ဝမ်းဗိုက်မှာဖြစ်တယ်၊ မဟာပနာဒမင်းသား ဖြစ်ခဲ့တယ်။ မင်းသားဟာ နောင်အခါမှာ ထီးစိုက်ထူပြီး မဟာပနာဒမင်း ဖြစ်ခဲ့တယ်။ မဟာပနာဒ မင်းရဲ့ ကောင်းမှုအစွမ်းကြောင့် သိကြားမင်းဟာ ဝိသကြုံနတ်သားကို မဟာ ပနာဒ မင်းအတွက် ပြာသာဒ်ပြုလုပ် ဖန်ဆင်းလောလို့ စေလွှတ် လိုက်တယ်။ အဲဒီဝိသကြုံနတ်သားက မဟာပနာဒမင်းအတွက် ပြာသာဒ် ကို ဖန်ဆင်းလိုက်တယ်၊ အဲဒီပြာသာဒ်က ၂၅ ယူဇနာ မြင့်တယ်၊ ရတနာ ၇ ပါးနဲ့ ပြီးစီးတယ်၊ အထပ်ပေါင်း ၁၀၀ ရှိတယ်။ မဟာပနာဒမင်းဟာ အသက်ထက်ဆုံးနေပြီး သေကာ နတ်ပြည်မှာ ဖြစ်တယ်။

(ပါထိက၊၃၊ ၃၉)

ဦးခင်ဇော်. . ကျောင်းဒကာ၊ ဒကာမတွေအဖို့ နတ်ပြည်ရောက်ရေးဟာ ထူးဆန်းတဲ့အရာမဟုတ်ပါ။ "ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ = ကုသိုလ်ကောင်းမှုတွေဆိုတာ သတ္တဝါတွေအတွက် တမလွန်ဘဝမှာ (သံသရာခရီးမှာ) အားကိုးထောက်တည်စရာ၊ မှီခို စရာတွေပဲ" လို့ ဘုရားရှင်ဟောတော်မူထားတဲ့ စကားဟာ မှန်ကန်လှပါပေတယ်။

ဦးခင်ဇော်. . . . ရွှေဝိမာန် ၇ ခုပိုင်ရှင် သောဏဒိန္နနတ်သား အကြောင်းနဲ့ ဒီကျောင်းအလှူဆိုတဲ့ စာအုပ်ကို အဆုံးသတ်ပါတော့မယ်၊

http://www.dhammadownload.com



တာဝတိံသာနတ်ပြည်က သိကြားမင်းမှာ မာတလိ ဆိုတဲ့ ရထားထိန်း နတ်သား ရှိပါတယ်။ ဘုရားလောင်းဖြစ်တဲ့ နိမိမင်းကြီးကို အရှင်အာနန္ဒာ လောင်းလျာဖြစ်တဲ့ မာတလိရထားထိန်းက နတ်ပြည်ခရီး လှည့်လည် ခေါ်လာရာ သောဏဒိန္နနတ်သားရဲ့ ရွှေဗိမာန် ၇ ခုကို ပြပါတယ်။ သောဏဒိန္န နတ်သားဟာ ရှေးကဿပဘုရားရှင်လက်ထက်က ကာသိ တိုင်းက နိဂုံးတစ်ခုမှာ သောဏဒိန္နအမည်ရတဲ့ သူကြွယ်ဖြစ်ခဲ့ပါတယ်။ ဒါနရှင် ဖြစ်ပါတယ်။ သောဏဒိန္နက ရှင်၊ ရဟန်းတွေကို ရည်စူးပြီး ကျောင်းဆောင် ၇ ခုကို ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။ အဲဒီကျောင်း ဆောင်တွေမှာ သီတင်းသုံးတဲ့ ရဟန်းတွေကို ပစ္စည်း ၄ ပါးနဲ့ ရိုရိုသေသေ ပြုစုလုပ်ကျွေးပါတယ်။ ဥပုသ်ကိုလည်း စောင့်သုံးပါတယ်။ အမြဲ သီလ တွေကိုလည်း စောင့်ထိန်းပါတယ်၊ သူလူ့ပြည်က သေတဲ့အခါ ဒီတာဝတိံ သာ နတ်ပြည်မှာ ဖြစ်လာရပါတယ်လို့ မာတလိက မင်းကြီးအား ရှင်းပြ ပါတယ်။ (ဇာတ်၊ ၄၊ ဆ၅၊ ၁၄၈)

ဦးခင်ဇော်. . . ကျောင်းလှူရခြင်းရဲ့အကျိုးတွေကို ပိဋကစာပေ မှာ လာရှိတဲ့အတိုင်း စုံလင်နေအောင် သိရှိသွားရပါပြီ၊ ကျောင်းအလှူပဲ ဖြစ်ဖြစ်၊ ဆွမ်း၊ သင်္ကန်းစတဲ့ အခြား အခြားအလှူတွေပဲ ဖြစ်ဖြစ် အဲဒီ အလှူတွေရဲ့ အကျိုးအသီးသီးကို သိရှိပြီး လှူရရင် အကျိုးပိုကြီးတယ်လို့ လည်း အစပိုင်းမှာ မှတ်သားခဲ့ရပါပြီ၊ ကျောင်းဒကာ ဦးခင်ဇော်တို့ စွန် ညီနောင်-စွန်မင်းမိသားစုရော၊ အခြားအခြား ကျောင်းဒကာ၊ ဒကာမ အပေါင်းသူတော်ကောင်းတွေပါ ကျောင်းအလှူရဲ့အကျိုးတွေကို စုံစုံ လင်လင် သိရှိရပြီး ကောင်းကျိုးအထွေထွေကို ကြီးကြီးကျယ်ကျယ် ရရှိ နိုင်ကြပါစေလို့ ရည်ရွယ်ကာ ဒီကျောင်းအလှူဆိုတဲ့ စာအုပ်ကို ကြိုးစား လိုက်ရာ ၁၅ ရက်အတွင်းမှာ ပြီးစီးသွားပါတယ်၊ ကျောင်းဒကာ ဦးခင် ဇော်တို့က ပစ္စည်းတွေနဲ့ ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့တော့ သာသနာ့ဝန်ထမ်းဖြစ်တဲ့ သာမဏေကျော်တို့ဘက်က ဓမ္မဒါန = ကျောင်း

http://www.dhammadownload.com



အလှူနဲ့ ပတ်သက်တဲ့ တရားကို ရေးပြပေးမှုနဲ့ ပြန်လည် ကျေးဇူးပြု ပေးရပါတယ်။ ဗုဒ္ဓသာသနာတော်ကိုရော၊ ဗုဒ္ဓကိုပါ ပစ္စယပူဇာ (အာမိသပူဇာ) ခေါ် ပစ္စည်းတွေနဲ့ ပူဇော်မှုအပြင် သီလတရား၊ သမာဓိတရား၊ ပညာတရား ခေါ် ဓမ္မနဲ့ ပူဇော်မှု (ဓမ္မပူဇာ)ကိုပါ ပြုလုပ်နိုင်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ ဒါမှ ဗုဒ္ဓအလိုတော်ကျ ပူဇော်နိုင်ကြသူတွေ ဖြစ်လာပါမယ်။ ဦးခင်ဇော်တို့ စွန်ညီနောင်-စွန်မင်းမိသားစုဟာ ဗုဒ္ဓသာသနာတော်ကို ကျန်းမာချမ်းသာစွာ ဆက်လက်ထောက်ပံ့နိုင်ကြပါစေ။ ဗုဒ္ဓသာသနာရဲ့ အရသာကိုလည်း ပြည့်ပြည့်ဝဝ ခံစားနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

**သာမဏေကျော်**

တော်သလင်း လဆန်း ၄ ရက်၊ ၁၃၆၇ ခု

၆-၉-၂၀၀၅